# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၀၄)

# ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် လာရောက်နိုင်မည်ဟု ခန့်မှန်း

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၃**

ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့်သူများအားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် လုပ်ဆောင်နေသမျှ ခရီးသွားလုပ်ငန်းသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။

ထို့ပြင် ဒုတိယသမ္မတက ယခုအခါ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ် အလျင်အမြန်ဖွံ့ဖြိုးနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အားလုံးက အသိအမှတ်ပြုလာကြကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ ၁ ပုံ ရှိကြောင်း ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းသည် အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အဓိကလုပ်ငန်းတစ်ခုလည်း

*စာမျက်နှာ ၃ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



# မြန်မာနိုင်ငံ၌ သွားပိုးရောဂါခံစားနေရသူ ၉၀ ရာခိုင်နှုန်းခန့်ရှိ၊ ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်အား အခမဲ့သွားရောဂါကုသပေး

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုဖောင်ဒေးရှင်း (DHCF) တို့ ပူးပေါင်း၍ ဒဂုံဆိပ်ကမ်းမြို့နယ် ရာဇဂြိုဟ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၅၆၈ ဦးအား အခမဲ့ သွားနှင့်ခံတွင်းကျန်းမာရေးကုသိုလ်အလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

"ကျွန်တော်တို့ ဖောင်ဒေးရှင်းအနေနဲ့ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ ပြည်သူတွေအတွက် သွားနဲ့ခံတွင်း အခမဲ့ဝန်ဆောင်မှု၊ ကုသမှုပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျေးလက်ဒေသတွေ၊

*စာမျက်နှာ ၃ ကော်လံ ၅* ◆

## ဂျပန်ဇီဝဗေဒပညာရှင် ဇီဝကမ္မဗေဒသို့မဟုတ် ဆေးပညာနှင့် ပတ်သက်ပြီး ၂၀၁၆နိုဘယ်လ်ဆုရရှိ

စာမျက်နှာ » ၁၀

## တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှု တန်ရာတန်ကြေး ပေးဆောင်ရမယ်တဲ့လား

စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများနောက်ကွယ်မှ အကျင့်ပျက်မှုများကိုပါ ဝိုင်းဝန်းဖယ်ရှားဖို့လို

ကမ္ဘာမြေပြင်အကျယ်အဝန်း၏ လေးပုံတစ်ပုံခန့်ကို တောင်ကုန်းတောင်တန်းများက ဖုံးလွှမ်းထားသည်။ ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည်။ တောင်များရှိခြင်းကြောင့် ၎င်းနှင့်ဆက်စပ်နေသည့် ဒေသများ၏ ရာသီဥတုနှင့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ်တွင်ပါ အကျိုးသက်ရောက်မှုရှိသည်။ တောင်များသည် ရေချိုအရင်းအမြစ်များ စတင်ရာဒေသများလည်းဖြစ်ပြီး ဒေသနေပြည်သူများ၏ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရေဝေဒေသများဖြစ်သည်။ တောင်ပေါ်ဒေသများမှတစ်ပါး အခြားဒေသများတွင် မတွေ့ရှိနိုင်သည့်အပင်နှင့် သတ္တဝါဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းဌာနေလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏မြေပုံကိုကြည့်လျှင် နိုင်ငံမြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် တောင်ကုန်း၊ တောင်တန်းနှင့် ကုန်းမြင့်ဒေသများကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံအနောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင်လည်း တောင်မြောက် သွယ်တန်းလျက်ရှိသော တောင်တန်းများကိုတွေ့ရမည်ဖြစ်သည်။ အဆိုပါတောင်ကုန်း၊ တောင်တန်းများနှင့် ချင်းတွင်း၊ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း စသောမြစ်ကြီးများ၏ မြစ်ဝှမ်းဒေသများတွင်ပါ မိမိတို့ပြည်ထောင်စုသားများ မှီတင်းနေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ သစ်ပင်သစ်တောများဖုံးလွှမ်းကာ စမ်းပေါက်၊ စမ်းချောင်းများ၊ ကြည်လင်သန့်စင်သည့်ရေချိုမြစ်ချောင်းများ ရစ်ခွေစီးဆင်းလျက် သဘာဝသားငှက်တိရစ္ဆာန်များနှင့် ငါးကြင်း၊ ငါးတန်စသည့် ရေနေသတ္တဝါများ ပေါ်များခဲ့ကြောင်း ရှေးစာဆိုတို့ ရေးဖွဲ့စပ်ဆိုခဲ့ကြသည့် စာပေအလင်္ကာများတွင် လေ့လာဖတ်ရှုနိုင်သည်။ မျက်မှောက်အခြေအနေတွင်မူ တစ်ချိန်က နေပြောက်မထိုးနိုင်လောက်အောင် ပိတ်မှောင်စိမ်းညို့နေခဲ့သော သစ်တောကြီးများနှင့် အဆိုပါသစ်တောကြီးများ ပေါက်ရောက်ရာ တောင်ကုန်း၊ တောင်တန်း ရေဝေဒေသတို့မှာ အမျိုးမျိုးသောခြိမ်းခြောက်မှု၊ ယိုယွင်းပျက်စီးမှုများနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

သစ်များကိုအလွန်အကျွံ ခုတ်ယူခြင်း၊ သစ်ခိုးခြင်း၊ သစ်တောမြေများကို အခြားနည်းများအသုံးချခြင်း၊ သတ္တု၊ ကျောက်မျက်၊ ရွှေတူးဖော်ခြင်း၊ လမ်းခင်း ကျောက်ထုတ်ယူခြင်းစသည်တို့ကို နိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားတို့တွင် နည်းလမ်းမျိုးစုံဖြင့် အဆင်အခြင်ကင်းမဲ့စွာ ဆောင်ရွက်နေကြခြင်းကြောင့် တော၊ တောင်များ ပျက်စီးဆုံးရှုံးရသည့်အပြင် မြစ်ချောင်းများနှင့် ရေအရင်းအမြစ်များပျက်စီးခြင်း၊ မြစ်ချောင်းများကို အမှီပြုနေထိုင်သည့် မြို့ရွာဒေသများမှ ပြည်သူများ၏ လူမှုဘဝများကို ထိခိုက်နစ်နာစေခြင်း စသည့်ဖြစ်ရပ်များကို သတင်းမီဒီယာများနှင့် လူမှုကွန်ရက်များတွင်ရော မိမိတို့ပတ်ဝန်းကျင်များ၌ပါ မမြင်ချင်အဆုံး မြင်တွေ့ကြားသိနေကြရသည်။

တောပြုန်း၊ တောင်ပြုန်းစေသည့်လုပ်ငန်းများ၊ လုပ်ရပ်များမှ လက်တစ်ဆုပ်စာလုပ်ငန်းရှင်တချို့နှင့် အကျင့်ပျက်ဒေသဆိုင်ရာအာဏာပိုင်အချို့ အကျင့်ပျက်ဝန်ထမ်းအချို့ကသာ အကျိုးအမြတ်ရရှိခံစားကြရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ယင်းမှဆက်နွှယ်၍ ဖြစ်ပေါ်လာမည့် ထိခိုက်မှုအန္တရာယ်များကို ကြုံတွေ့ကြရမည့်သူများမှာ ဒေသခံများနှင့် ပြည်သူများပင် ဖြစ်သည်။ တူးဖော်ထုတ်လုပ်မှု အများစုမှာ အကျင့်ပျက် ဒေသအာဏာပိုင်များ၊ လက်နက်ကိုင်များနှင့်လက်ဝါးရိုက်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး တရားဝင်ဆောင်ရွက်နေကြခြင်း မဟုတ်ကြောင်း သတင်းများကိုလည်း သိရှိရသည်။ တူးဖော်မှုများဆောင်ရွက်ရာတွင် Initial Environmental Examination-IEE ခေါ် ပတ်ဝန်းကျင်ဆိုင်ရာ ပဏာမဆန်းစစ်ခြင်း၊ Environmental Impact Assessment- EIA ခေါ် ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ခြင်း၊ Environmental Management Plan-EMP ခေါ် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်စသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များရှိရန်လိုအပ်ပြီး အဆိုပါအစီအစဉ်များကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးအဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းရှင်တို့က လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းတို့က လိုက်နာဆောင်ရွက်ခြင်းရှိ မရှိကိုလည်း သက်ဆိုင်ရာဌာနတို့က ကွင်းဆင်းစစ်ဆေးကာ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းတို့ကို အမှန်တကယ်ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေများ ယခုထက်ပိုမိုထိခိုက်မှု ဆက်လက် မဖြစ်ပေါ်စေရေးနှင့် ဆက်စပ်လျက်ရှိသော လူမှုဘဝများ မထိခိုက်စေရေးအတွက် နောက်ကွယ်မှ အကျင့်ပျက်မှုများကိုပါ ဖယ်ရှားရန် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။



### ပြင်ဦးလွင် ချယ်ရီမြေဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၃**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ (ပြည်ချစ်)ဘုရားကြီးခြေတော်ရင်းရှိ ချယ်ရီမြေဘိုးဘွားရိပ်သာ၏(၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရိပ်သာခန်းမဆောင်၌ ကျင်းပခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော် အလှူရှင်များ၊ ဘိုးဘွားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပထမဦးစွာ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကာ ဘိုးဘွားများအား ပူဇော်ကန်တော့ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ချောင်းပတ်ဝန်းကျင်နေထိုင်သူများအား အသိပညာပေးဆောင်ရွက်ပေးစေလို

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)နှင့် ရပ်ကွက်ကြီး (၂) တို့ကို ဖြတ်သန်းစီးဆင်းနေသော ချောင်းသည် စည်းကမ်းမဲ့သူတချို့၏ မဆင်မခြင် အမှိုက်များစွန့်ပစ်နေမှုကြောင့်လည်းကောင်း၊ တချို့သော လူနေအိမ်များမှ ချောင်းအတွင်း ရေဆိုးများစွန့်ထုတ်နေမှုကြောင့်လည်းကောင်း ချောင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းတိမ်ကောလာရာ မိုးရာသီအချိန်၌ မိုးများသည့် အချိန်တိုင်း ရေစီးရေလာရေဆွဲအား မကောင်းတော့သည့်အတွက်ကြောင့် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေးတွင် ရေလွှမ်းမိုးမှုများ နှစ်စဉ်ဖြစ်ပေါ်ခဲ့ရသည်။ **(ယာပုံ)**

ပြင်ဦးလွင်မြို့အနောက်ဘက်မှ စီးဆင်းလာသော ထောက်ပို့ချောင်း(ဒိုဘီချောင်း) နှင့် မြို့အလယ်မှ ဖြတ်သန်းစီးဆင်းနေသော ကန်တော်လေးရေကန် ရေဝေရေလဲသည့် ဂဲလောင်းချောင်း၊ ပြင်ဦးလွင်မြို့အရှေ့ဘက်မှ စီးဆင်းလာသော အဆိုပါချောင်းကို ဒေသခံပြည်သူများက ပြန်လည်တူးဖော်ရန် ဆန္ဒရှိနေကြပြီး ထောက်ပို့ချောင်း (ဒိုဘီချောင်း)၊ ဂဲလောင်းချောင်းတို့ပေါင်းဆုံ၍ အများပြည်သူများ အပန်းဖြေရာ ပွဲကောက်ရေတံခွန်သို့ စီးဆင်းသည့် ချောင်းဖြစ်သည်။

အဆိုပါချောင်းသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂) သုမင်္ဂလာဈေးဘေးမှ ဖြတ်သန်းစီးဆင်းနေသဖြင့် အမှိုက်များနှင့် အမြင်မသင့်တော်၍ မြို့ပြအင်္ဂါရပ်နှင့်အညီ သာယာလှပစည်းကမ်းရှိသော မြို့တစ်မြို့ဖြစ်လာအောင် ချောင်းအတွင်း အမှိုက်များကို မဆင်မခြင်စွန့်ပစ်သူများ၊ ချောင်းပတ်ဝန်းကျင်တွင် နေထိုင်ကြသူများအား အသိပညာပေးဆောင်ရွက်ပေးစေလိုပြီး မိုးရာသီတွင် ရေလွှမ်းမိုးမှု မရှိစေရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

(၀၃၂)



### ညောင်ရွှေမြို့နယ်တွင် ဧည့်လမ်းညွှန်အသင်းနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ အောက်တိုဘာ ၃**

ယူနက်စကို အသိအမှတ်ပြု လူသားနှင့်ဇီဝအဝန်းနယ်မြေ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းရေးလှုပ်ရှားမှုအဖြစ် အောက်တိုဘာ ၂ ရက်က ညောင်ရွှေမြို့နယ် ဧည့်လမ်းညွှန်အသင်းနှင့် ဩစတြေးလျနိုင်ငံတို့ ပူးပေါင်း၍ အာဆီယံ အသိအမှတ်ပြု လွယ်ငြိမ့်ကျေးရွာတွင် မြို့နယ် ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးစိုင်းဝင်း ဦးဆောင်ပြီး ဒေသခံပြည်သူများပူးပေါင်းမှုဖြင့် သစ်ပင်ပေါင်း ၁၀၀ ကျော် စိုက်ပျိုးကြကြောင်း သိရသည်။

(၀၅၄)

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၃-၁၀-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ · ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသများတွင်လည်း ကျွမ်းကျင်အလုပ်သမားများနှင့် ကျွမ်းကျင်မှုနည်းသည့် အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားအရေအတွက် ၁၁၈၄ သန်းခန့်ရှိပြီး ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်းတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၁ ဒသမ ၄ ဘီလီယံနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ဘီလီယံအထိ တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ အာရှ- ပစိဖိတ်ဒေသ၌ ၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် သန်း ၅၄၀ ရောက်ရှိခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း။

မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ခရီးသည်ရောက်ရှိမှု ၄ ဒသမ ၆ သန်းရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် လာရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦး အကောင်အထည်ဖော် ဆောင်ရွက်မှုတစ်ရပ်ဖြစ်သော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်ထားသောဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျေးလက်ဒေသနေပြည်သူများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များအား လေ့လာလိုသည့်၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ နေထိုင်မှုပုံစံများအား လက်တွေ့ဝင်ရောက်ခံစားလိုသည့် ခရီးသွားများအတွက်ကိုလည်း ဧည့်ဝတ်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရကြောင်း။

အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်သည့်အချိန်ကစပြီး ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်အတွက် ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ မူဝါဒများနှင့် အခြားသောကိစ္စရပ်များတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) မှ ဆက်ဆံရေးအရာရှိ Mr.Rory Nungouen က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ဆုရဓာတ်ပုံများ၊ စာစီစာကုံးများနှင့် ခရီးသွားလုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

လုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မြန်မာ့အံ့ဖွယ်ပုံရိပ် ဓာတ်ပုံပြိုင်ပွဲတို့တွင် ဆုရရှိကြသူများနှင့် ဝန်ဆောင်မှုအကောင်းဆုံး ဆုရဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက ဆုရဓာတ်ပုံများ၊ စာစီစာကုံးများနှင့် ခရီးသွားလုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနား ဆောင်ပုဒ်မှာ **"မျှဝေခံစားအလေးထား အားလုံးအတွက်ခရီးသွား"**ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးသွင်းအားစု စက်ရုံ ပန္နက်တင်

**နေပြည်တော် အောက်တိုဘာ ၃**

လက်ရှိ လယ်ယာလုပ်ငန်းခွင်များတွင် အသုံးပြုနေကြရသည့် စိုက်ပျိုးရေးသွင်းအားစုများကို ပြည်ပမှတင်သွင်းနေရမှုကြောင့် အရင်းအနှီးစရိတ်ကြီးမားခြင်းနှင့် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လာပြီး မှတ်ပုံတင်ထားခြင်းမရှိသော အရည်အသွေး မပြည့်မီသည့် ပိုးသတ်ဆေး များကြောင့် တောင်သူလယ်သမားများ များစွာထိခိုက် နစ်နာနေကြရကြောင်း မြန်မာ့သြဘာအုပ်စု ကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးသွင်းအားစုစက်ရုံပန္နက်တင် အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအနီး၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသော မြန်မာ့သြဘာအုပ်စု ကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးသွင်းအားစုစက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လွှတ်တော်အရပ်ရပ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ International Finance Corporation မှတာဝန်ရှိသူများ၊ မြန်မာ့သြဘာလုပ်ငန်းစု၏ Group CEO ဦးသတိုးဟိန်းနှင့် လုပ်ငန်းစုအသီးသီးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ တာဝန်ရှိသူများက ပန္နက်တင်ခြင်း၊ ရွှေအုတ်ငွေအုတ်စီခြင်းတို့ ဆောင်ရွက်ကြသည်။



မြန်မာ့သြဘာအုပ်စုကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးသွင်းအားစုစက်ရုံ ပုံစံငယ်ကို ကြည့်ရှုစဉ်

လယ်ယာကဏ္ဍ တစ်ခုလုံးမှ ထုတ်လုပ်လိုက်သည့် အသီးအနှံများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လယ်ယာထွက်ကုန်များအား ဓာတုဓာတ်ကြွင်း ပါဝင်မှုအနည်းဆုံးဖြစ်သည့် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်နိုင်မှသာလျှင် ပြည်ပဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ပြီး တောင်သူဝင်ငွေနှင့် နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ပြည်တွင်းပိုးသတ်ဆေးလိုအပ်ချက်ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်ခြင်းနှင့်အတူ ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် ကောင်းကျိုးများ ရှိသကဲ့သို့ သက်ရှိများကို အန္တရာယ်ဖြစ်စေသည့် ပိုးသတ်ဆေးစက်ရုံဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူ့ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးတို့ကိုလည်း စနစ်တကျ စိစစ်မှုများခံယူပြီး လိုအပ်ချက်များ ပြီးပြည့်စုံသည်ထက် ပြီးပြည့်စုံအောင် ဂရုပြုဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ဘုန်းတော်ကြီးကျောင်းတွေမှာရှိတဲ့ ကလေးတွေကို သွားနဲ့ခံတွင်း ကျန်းမာရေးအတွက် ဟောပြောမှုတွေ၊ အခမဲ့ကုသပေးမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီကနေ့တော့ မြန်မာ-ဂျပန်အသင်းရဲ့ပံ့ပိုးကူညီမှုနဲ့ ဒီရာဇဂြိုဟ်ဘုန်းတော်ကြီး ပညာသင်ကျောင်းမှာ ကလေး ၁၅၀၀ ကျော်ကို သွားနဲ့ခံတွင်းစစ်ဆေးမှု၊ ကုသမှု၊ ဟောပြောမှုတွေ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာ ဦးအောင်သန်းက ပြောသည်။

ကမ္ဘာပေါ်တွင် မဖွံ့ဖြိုးမတိုးတက်သေးသော ကမ္ဘာ့တတိယနိုင်ငံများတွင် သွားပိုးစားရောဂါဖြစ်ပွားမှုနှုန်းမှာ အလွန်ပင်များပြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌လည်း ၉၀ ရာခိုင်နှုန်းခန့် ကလေးနှင့်လူကြီးများတွင်တွေ့ရကြောင်း၊ ကလေးနှင့် လူငယ်အရွယ်များတွင် သွားရောဂါဖြစ်ပွားမှုများပြားလျက်ရှိကြောင်း၊ အသက်၄၀ကျော် လူငယ်လူလတ်ပိုင်းတွင် သွားဖုံးရောဂါနှင့် ရေစီးကမ်းပြိုရောဂါဖြစ်ပွားမှုမှာ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အရွယ်မတိုင်မီ သွားဆုံးရှုံးမှု၊ သွားကျိုးမှုရာခိုင်နှုန်းမှာလည်း အလွန်ပင်များပြားလျက်ရှိကြောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးအလေးထားမှုအားနည်းခြင်းကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသော ရောဂါဖြစ်ပွားမှုနှုန်းမှာလည်းများပြားလာနေကြောင်း ဒေါက်တာဦးအောင်သန်းက ပြောသည်။

ကလေးအရွယ်မှစပြီး သွားနှင့်ခံတွင်းကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးသင့်ကြောင်း၊ နေ့စဉ် နံနက်တစ်ကြိမ်၊ အိပ်ရာမဝင်မီတစ်ကြိမ် သွားတိုက်သင့်ကြောင်း၊ အစာစားပြီးတိုင်း ပလုတ်ကျင်းသည့်အလေ့အထကို ကလေးအရွယ်မှစပြီး လူတိုင်းပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ မြန်မာ-ဂျပန်အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံအတွင်း ပြည်သူများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်ကာ လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍသုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ လူမှုရေးဆောင်ရွက်မှုအဖြစ် စေတီပုထိုးနှင့် ဆေးရုံကြီးများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ စုပေါင်းသွေးလှူခြင်းတို့အပြင် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု အခမဲ့ကုသပေးရေးအစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ တွင် ပါရှိသော (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ အမည်အား မစ္စတာ အဲရစ်ဆင်းဆန်း အစား H.E. Raneo E. ABU ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## (၁၃) ကြိမ်မြောက် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာ ညီလာခံကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၃)ကြိမ်မြောက် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာညီလာခံကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ Sky Star Hotel, Royal Ball Room ၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီမှစတင်၍ Sky Star Hotel, Royal Ball Room ၌ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

**မောင်မောင်**

## နေရာကွက်ကျား မိုးထစ်ချန်းရွာ

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

# အွန်လိုင်းသတင်းစာကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့်ထုတ်ဝေရေး မြန်မာသတင်းပညာသိပ္ပံ (MJI) နှင့် ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းရှိ မြန်မာသတင်းပညာသိပ္ပံ (MJI) သင်တန်းခန်းမသို့သွားရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက အွန်လိုင်းသတင်းစာကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ထုတ်ဝေရေးအတွက်စီစဉ်သည့်အခါ သင်တန်းပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာသတင်းပညာသိပ္ပံ(MJI)မှ တာဝန်ရှိသူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သင်တန်းဖွင့်လှစ်နိုင်ရေး၊ သတင်းသမားများကို လေ့ကျင့် သင်ကြားပေးနိုင်ရန် အကူအညီနှင့် အကြံဉာဏ်များပေးနိုင်ရေး၊ အဆိုပါလုပ်ငန်းဖြစ်မြောက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာသတင်းပညာသိပ္ပံ၊ ဆဲဗင်းဒေးသတင်းဂျာနယ်နှင့် Frontier မြန်မာမဂ္ဂဇင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် မြန်မာသတင်းပညာသိပ္ပံ (MJI) သင်တန်းခန်းမ၌ သင်ကြား သင်ယူမှုကို ကြည့်ရှုစဉ်**

# ပရော်ဖက်ရှင်နယ်ဆန်ဆန် ဖြစ်လာဖို့အတွက် MJI က သင်တန်းပေးဖို့ ဝိုင်းဝန်းဆွေးနွေးကြတာဖြစ်

**တွေ့ဆုံမေးမြန်း**
**ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

**နေပြည်တော် အောက်တိုဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် အွန်လိုင်းသတင်းစာကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့နှင့် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းသတင်းစာထုတ်ဝေရေးနှင့်စပ်လျဉ်း၍ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးသို့ တက်ရောက်လာသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးသောင်းစုငြိမ်း (ဆဲဗင်းဒေး သတင်းဂျာနယ် အယ်ဒီတာချုပ်)**

ပြန်ကြားရေးဝန်ကြီးဌာနက ဒစ်ဂျစ်တယ် သတင်းစာကို ပြောင်းမယ်ဆိုတဲ့ စိတ်ကူးရှိတာ သိရတဲ့အတွက် ကိုယ်တိုင်လည်း နိုင်ငံတကာအတွေ့အကြုံတွေရှိတယ်၊ ပြည်တွင်းမှာ လုပ်နေတဲ့ ဒစ်ဂျစ်တယ်မီဒီယာအတွေ့အကြုံတွေလည်းရှိတယ်၊ ဒါတွေနဲ့ပူးပေါင်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဒစ်ဂျစ်တယ် သတင်းစာကို ပြောင်းလဲတဲ့ အကူးအပြောင်းမှာ ဘယ်လိုမျိုးသင်တန်းတွေ ပေးလို့ရမလဲ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေး ဘယ်လိုပါဝင်လို့ရမလဲဆို



ဦးသောင်းစုငြိမ်း



ဦးစိန်ဝင်း



ဦးဆန်နီဆွေ

ပြီး စဉ်းစားဖြစ်ပါတယ်။ စဉ်းစားဖြစ်တာနဲ့ဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်ဖြစ်တော့ ပြည်ထောင်စုဝန်ကြီးကလည်း စိတ်ဝင်စားတယ်၊ ဝန်ကြီးအနေနဲ့ သင်တန်းတွေကိုလည်း လာပြီးကြည့်ချင်တယ်၊ ဆွေးနွေးချင်တယ်ဆိုတာနဲ့ ဒီနေ့အစည်းအဝေး လုပ်ဖြစ်သွားတာပါ။

အွန်လိုင်းသတင်းစာကို ဘယ်တော့စမလဲ မပြောတတ်သေးပါဘူး။ ဒစ်ဂျစ်တယ် သတင်းစာ၊ အွန်လိုင်းသတင်းစာ အကူးအပြောင်းဆိုတာက ပြောတာပါ။ အမှန်ကတော့ ရှိနေပါပြီ၊ ဖေ့စ်ဘုတ်တွေရှိတယ်။ ဝက်ဘ်ဆိုက်တွေရှိတယ်၊ သတင်းတွေအားလုံး အွန်လိုင်းပေါ်တက်နေပါပြီ။ ဒါကို ပိုပြီးတော့ နောက်ထပ်တစ်ဆင့်မြှင့်တင်ဖို့ပါ။ အမှန်က အခုလည်း အွန်လိုင်းသတင်းစာရှိနေပြီလို့ ပြောလို့ရတယ်။ သင်တန်းတွေဖွင့်လှစ်ဖြစ်ခဲ့ရင် MJI ကတော့ သင်တန်းနေရာ၊ သင်တန်းနည်းပြ၊ သင်တန်းပစ္စည်းနဲ့ စီမံဆောင်ရွက်တဲ့အပိုင်း တာဝန်ယူပေးဖို့ ရှိပါတယ်။ ကျွန်တော်ရယ်၊ နောက်စီအီးအိုတစ်ယောက်က နိုင်ငံတကာ အတွေ့အကြုံတွေရှိထားပါတယ်။ ပြည်တွင်းမှာ ကိုယ်တိုင်လည်း ဒစ်ဂျစ်တယ်မီဒီယာ လုပ်နေကြတာဆိုတော့ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာ ကူးပြောင်းတဲ့အတွေ့အကြုံတွေကို ဖလှယ်ပေးမယ်။ လမ်းကြောင်းတွေကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက အကြီးတန်းအရာရှိတွေ၊ အငယ်တန်းအရာရှိတွေ စသဖြင့် ဝေမျှပေးဖို့ စိတ်ကူးထားပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာက အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်တယ်။ စီးပွားရေး သတင်းလုပ်ငန်းရဲ့အခြေခံသတင်းကို ပြည်သူတွေသိအောင်ဖြန့်ဖို့ မီဒီယာရဲ့တာဝန်အရ တစ်တိုင်းပြည်လုံးကို ပုံနှိပ်မီဒီယာက ကျယ်ကျယ်ပြန့်ပြန့် မရောက်နိုင်ဘူး၊ အသံလွှင့်မီဒီယာက ရောက်နိုင်တယ်။ နောက်တစ်ခု အသံလွှင့်မီဒီယာထက် ပိုရောက်တာက အွန်လိုင်းမီဒီယာပေါ့၊ အွန်လိုင်းမီဒီယာက အသံလွှင့်မီဒီယာထက် အားသာချက်တွေရှိတယ်။ လွှင့်လိုက်တဲ့ အချိန်မှာ မသိလိုက်လည်း ကိစ္စမရှိဘူး။ တောက်လျှောက် ဝက်ဘ်ဆိုက်တို့၊ အွန်လိုင်းတို့က သတင်းတွေ တက်နေမှာပါ။ အွန်လိုင်းမီဒီယာက တိုင်းသူပြည်သားတွေအတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။ အောင်မြင်အောင်လုပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးစိန်ဝင်း**
**(MJI သင်တန်းညွှန်ကြားရေးမှူး)**

MJI ရဲ့ရှေ့အလားအလာအတွက် နိုင်ငံတော်အနေနဲ့ ပံ့ပိုးပေးနိုင်မယ့် အစီအစဉ်တွေ၊ MJI က နိုင်ငံအသိအမှတ်ပြုကျောင်းတစ်ခု ဖြစ်လာဖို့၊ ဒီကနေ ဒီပလိုမာဘွဲ့တွေရပြီး အခြားပြည်တွင်း ပြည်ပကျောင်းတွေကို ဆက်သွားနိုင်ဖို့၊ MOI ရဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းဖြစ်လာရေး၊ MOI မှာ ဝက်ဘ်ဆိုက်တွေ၊ ဖေ့စ်ဘုတ်တွေရှိတယ်။ ဒါတွေကို ပရော်ဖက်ရှင်နယ်ဆန်ဆန်ဖြစ်လာဖို့အတွက် MJI က သင်တန်းပေးဖို့ ဝိုင်းဝန်းဆွေးနွေးကြတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ MJI တစ်ခုတည်းမဟုတ်ဘဲ ပြည်တွင်း ပြည်ပ အခြားအဖွဲ့အစည်းတွေက တတ်ကျွမ်းတဲ့ ပညာရှင်တွေပေါင်းစပ်ပြီး ဆောင်ရွက်သွားဖို့စီစဉ်ထားပါတယ်။ MJI က မြန်မာမီဒီယာအဖွဲ့အစည်းတွေအားလုံး ပေါင်းစပ်ပြီး ထူထောင်ထားတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ MJI က လွတ်လပ်တဲ့ သတင်းစာပညာကို ပရော်ဖက်ရှင်နယ်ဖြစ်အောင် မွေးထုတ်ပေးနိုင်ရေး၊ ဒီမိုကရေစီကူးပြောင်းရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အင်မတန်မှ အထောက်အကူဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**ဦးဆန်နီဆွေ (Frontier မြန်မာမဂ္ဂဇင်း အမှုဆောင်အရာရှိချုပ်)**

ဝန်ကြီးဌာနအနေနဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းကို ထဲထဲဝင်ဝင်သွားချင်တဲ့အပိုင်းမှာ ပုဂ္ဂလိကမီဒီယာအနေနဲ့ တတ်နိုင်သမျှ ပါဝင်ပံ့ပိုးပေးတာပါ။ အဲဒီအတွက် ကျွန်တော်တို့ သင်ကြားလေ့လာခဲ့သမျှ အတွေ့အကြုံတွေနဲ့ MOI ဝန်ထမ်းတွေကို လေ့ကျင့်ပေးဖို့ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က သင်တန်းပေးဖို့ သဘောတူခဲ့တာပါ။ ဒစ်ဂျစ်တယ်မီဒီယာက မြန်မာပြည်မှာ အားကောင်းလာတဲ့အတွက် မရှိမဖြစ်လိုအပ်တာပါ။ ဒီဘက်ခေတ်မှာ ဖေ့စ်ဘုတ်က အလွန်တွင်ကျယ်လာတယ်။ လူတွေက ဖေ့စ်ဘုတ်ပေါ်က သတင်းတွေကို အမှန်လို့ပဲ ထင်ကြတယ်၊ ဒါကို ကျွန်တော်တို့ သတင်းဌာနတွေအနေနဲ့ အချိန်နဲ့တစ်ပြေးညီ မြန်မြန်မှန်မှန်ဖြစ်အောင် ခွဲခြမ်းစိတ်ဖြာပြီး ဘယ်သတင်းက ဘယ်လိုရှိတယ်ဆိုတာကို ဖေ့စ်ဘုတ်ဖတ်သူတွေကို သိစေချင်တယ်။ ဖေ့စ်ဘုတ်ကလူတစ်ဦးရဲ့ ထင်မြင်ချက်ဖြစ်တယ်။ ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် သတင်းဌာနတိုင်း မည်သည့်သတင်းဌာနမဆို အချိန်နဲ့တစ်ပြေးညီ စာဖတ်သူတွေကို ဒစ်ဂျစ်တယ် မာတီမီဒီယာ ပလက်ဖောင်းပေါ်ကို တင်ပေးနိုင်ရမယ်၊ အဲဒါဘယ်လိုမှ ရှောင်လွှဲမရတဲ့ ဒစ်ဂျစ်တယ်ဆူနာမီပေါ့။ ကျွန်တော်တို့ နိုင်ငံကို လာပြီးထိနေပြီ။ အဲဒီအတွက် အများကြီး ပြင်ထားရပါမယ်။



# စစ်ဘေးရှောင်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**မိုင်းကိုင် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် တုံလောကျေးရွာအုပ်စုအတွင်း အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီမှ စတင်၍ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုကြောင့် တုံလောကျေးရွာအုပ်စုအတွင်းရှိ ပန်ပွဲ၊ ပန်ဆတ်၊ ကုန်းဆာ၊ တုံလောရွာတောင်၊ တုံလော ရွာမြောက် စသည့် ကျေးရွာနေ ပြည်သူများ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။

အဆိုပါ စစ်ဘေးရှောင်ပြည်သူများသည် တုံလောကျေးရွာ မွေတော်တောင်ဘုန်းကြီးကျောင်းတွင် လူဦးရေ ၁၄၀၀ ကျော်၊ တုံလောရွာ မွေတော်မြောက်ဘုန်းကြီးကျောင်းတွင် လူဦးရေ ၅၀၀ ကျော် စုစုပေါင်း လူဦးရေ ၂၀၀၀ ခန့် စစ်ဘေး တိမ်းရှောင်လျက်ရှိပြီး နယ်မြေဒေသ အခြေအနေအရ အထက ခွဲ(တုံလော)၊ အမက(ပန်ပွဲ)၊ အမကခွဲ(နမ့်ကတ်)၊ အမကခွဲ (ကုန်းဆာ )၊ အမက(နောင်ပူ)၊ အမက(ဖတ်ဟိ)၊ အမက(တွန်ကျိုင်း) စသည့် အခြေခံပညာကျောင်းပေါင်း ခုနစ်ကျောင်းကို အောက်တိုဘာ ၃ ရက်မှစ၍ ပိတ်ထားရကြောင်း သိရသည်။

စစ်ဘေးရှောင်ပြည်သူများ စားဝတ်နေရေး အဆင်ပြေရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နာရေးကူညီမှုအသင်းများက အောက်တိုဘာ ၃ ရက်တွင် ဆန်၊ ဆီ ၊ ဆေး၊ ဆားစားနပ်ရိက္ခာများနှင့် ခြုံစောင်၊ လူ့အသုံးအဆောင် ပစ္စည်းများဖြင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ အားပေးစကားများ ပြောဆိုခြင်း စသည်တို့ကို သွားရောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးအဆင့်နှင့် အာဆီယံ +၃ ဝန်ကြီးအဆင့်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီးတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင်ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ +၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဆိုင်ရာ အာဆီယံနိုင်ငံများ၏ ဝန်ကြီးများ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အာဆီယံဒေသတွင်း ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သော အုပ်စုများအတွက် လူမှုဝန်ဆောင်မှုနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၉) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်၍ အာဆီယံလူမှုကာကွယ်စောင့်ရှောက်မှု မြှင့်တင်ရေးကြေညာချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံဒေသတွင်း အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ စီမံချက်၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရည်အသွေး စံသတ်မှတ်ချက် ရေးဆွဲချမှတ်နိုင်ခြင်းများအတွက် ဂုဏ်ယူပါကြောင်း၊ အာဆီယံသက်ကြီးရွယ်အိုများဆိုင်ရာ ကြေညာချက်နှင့် မသန်စွမ်းသူများဆိုင်ရာ ဘာလီကြေညာချက်များအား အာဆီယံ+၃ နိုင်ငံများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်တင်ဘာ ၃၀ ရက်တွင်ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ +၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဆက်လက်တက်ရောက်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများအား လူမှုဝန်ထမ်းဆိုင်ရာလုပ်ငန်းကဏ္ဍများတွင် ပံ့ပိုးကူညီမှုများအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အဆိုပါ သုံးနိုင်ငံ၏ လူမှုဝန်ထမ်းဆိုင်ရာဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်းသည်။

အဆိုပါ ဝန်ကြီးအဆင့်အစည်းအဝေးများနှင့် ဆက်စပ်သည့် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမေရိကန်သံရုံးက ဒီဗွီကံစမ်းမဲအကြောင်း ဟောပြောပွဲများ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

ဒီဗွီ (DV) ကံစမ်းမဲ ၂၀၁၈ ခုနှစ်အတွက် အွန်လိုင်းလျှောက်လွှာတင်ခြင်းများကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ နိုဝင်ဘာ ၇ ရက်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သိရသည်။ အမေရိကန်သံရုံးကောင်စစ်ဌာနက အများပြည်သူသို့ ရှင်းလင်းပြောကြားပေးသည့် အစီအစဉ်များကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် အခမဲ့ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ အောက်တိုဘာ ၇ ရက်နှင့် ၁၃ ရက်တို့တွင် ဝိုင်အမ်စီအေ (YMCA) ရှိ ပဋ္ဌသိခ်ခန်းမ၌ လည်းကောင်း၊အောက်တိုဘာ ၁၁ ရက်တွင် မန္တလေးမြို့ရှိ ဂျက်ဖာဆင်စင်တာ၌ လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အမေရိကန်စင်တာ၌လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါဟောပြောပွဲများကို ညနေ ၅ နာရီခွဲမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတိုင်းတွင် ဒီဗွီ (DV) ကံစမ်းမဲလျှောက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် မဲပေါက်သူများအနေဖြင့် မည်သို့ ဆက်လက်၍ ဆောင်ရွက်ရမည်ကို ကောင်စစ်ဌာနအရာရှိက ရှင်းလင်းပြောကြားကာ သိလိုသည့်မေးခွန်းများကို ဖြေကြားမည်ဖြစ်သည်။

ဟောပြောပွဲနှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက ကောင်စစ်ဌာန Consular Rangoon @State.gov သို့ အီးမေးလ်ဖြင့် မေးမြန်းနိုင်သည်။ ပိုမိုသိရှိလိုပါက အင်တာနက်စာမျက်နှာ https ://travel.state.gov/content/visas/en/immigrate/diversity-visa/entry.html တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**မြတ်စန္ဒီ**

# လူ့အခွင့်အရေးချိုးဖောက်ခံရသော သတင်းများရရှိပါက ရဲစခန်းနှင့် အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားနိုင်

**ရန်ကုန် အောက်တိုဘာ ၃**

လူ့အခွင့်အရေး ချိုးဖောက်ခံရသော သတင်းများရရှိပါက သက်ဆိုင်ရာရဲစခန်းများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအား တိုင်ကြားနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာနှင့် ကော့မှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်တို့၏ သိရှိလိုကြောင်း မေးခွန်းများအပေါ် ဖြေကြားရာ၌ ဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (ဒုတိယနေ့) အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၁၇) ခုမေးမြန်းခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ အင်းဝအပ်ချုပ်ဆိုင်၏ လူ့အခွင့်အရေးချိုးဖောက်၍ ညှဉ်းပန်းနှိပ်စက်နေသည့်အမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ကူညီ ပံ့ပိုးလုပ်ဆောင်နေသည်ကို သိရှိလိုကြောင်းမေးခွန်း၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၏ ကော့မှူးမြို့နယ်မှ အရွယ်မရောက်သေးသောအိမ်အကူမိန်းကလေးနှစ်ဦးအား လူ့အခွင့်အရေးချိုးဖောက်နေမှုအပေါ် မည်သို့တာဝန်ယူဖြေရှင်းနေကြောင်းမေးခွန်း၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၏ စက်မှုရိပ်သာရှိ အိုးအိမ်ဦးစီးဌာနသို့ အိမ်လခပေး၍နေထိုင်သော ပင်စင်စားကြီးများအား အဆင်ပြေစွာ နေထိုင်ရန် စီမံဆောင်ရွက်ပေးရန် သိရှိလိုကြောင်းမေးခွန်း၊ ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရွှေရင်(ခ) ဦးထွန်းရင်၏ မြန်မာနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂတို့သည် ကလေးစစ်သား



အသုံးပြုမှုရပ်တန့်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးကို လက်မှတ်ရေးထိုးခဲ့ခြင်းကိုသိရှိရပါသဖြင့် ကလေးစစ်သားလျော့နည်းသွားသည့် အခြေအနေကို သိရှိလိုကြောင်းမေးခွန်း၊ လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၏ အဂတိတရားလျော့ပါးကင်းစင်ပြီး ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ဝန်ထမ်းအဖွဲ့အစည်းများဖြစ်စေရန် ဝန်ထမ်းများကို ပညာပေးခြင်း၊ ဝန်ထမ်းကောင်းများကို ချီးမြှောက်ခြင်း၊ ဥပဒေချိုးဖောက်သော ဝန်ထမ်းများကို အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်၏ မီးသတ်စခန်းများ တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၏ ရွှေပြည်သာမြို့နယ်အတွင်းရှိ ပုလဲလမ်းကို ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ ဘုရင့်နောင်လမ်းမကြီးနှင့် ကံ့ကော်လမ်းထောင့်တွင် မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ စသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သိရှိလိုကြောင်း မေးမြန်းမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီမှ သုံးသပ်ချက်အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုခဲ့ကြသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**

● *ကျောဖုံးမှ*

နိုင်ငံကိုယ်စားပြု အလှမယ် နန္ဒာလွင် သွားရောက်ယှဉ်ပြိုင်မည့် Miss Grand International 2016 ပြိုင်ပွဲသည် အောက်တိုဘာ ၂၅ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံကိုယ်စားပြု အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် နန္ဒာလွင်အပါအဝင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုအောက်တိုဘာ ၇ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီးအောက်တိုဘာ ၂၈ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ နန္ဒာလွင်သည် ပြိုင်ပွဲအကြို ပြင်ဆင်မှုအနေဖြင့် ထိုင်းနိုင်ငံသို့လည်း ရက်တိုသွားရောက်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဖိလစ်ပိုင်ဆရာနှင့်လည်း အဆင့်မြင့်လေ့ကျင့်သင်ကြားမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

“ဒီပြိုင်ပွဲအတွက် အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ စိတ်ခါတ်ပိုင်းကို အရင်ဆုံးပြင်ဆင်ထားပါတယ်။ အခုပွဲဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ပွဲဖြစ်တာကြောင့် ကိုယ့်နိုင်ငံရဲ့ ငြိမ်းချမ်းရေးအခြေအနေနဲ့ ဒီမိုကရေစီအရေးကအစ သေချာလေ့လာပြင်ဆင်ထားတာပါ။ ပြီးတော့ တခြားနိုင်ငံရဲ့ ငြိမ်းချမ်းရေးအခြေအနေတွေကိုလည်း လေ့လာထားပါတယ်။ ဟိုမှာသွားပြိုင်ရတဲ့အခါ Talent ပြိုင်ပွဲ မပါပါဘူး။ ဒါပေမယ့် အားလုံးနားတဲ့အချိန် ပြိုင်ပွဲဝင်သူငယ်ချင်းတွေကို ဖျော်ဖြေဖို့ မျက်လှည့်ပညာသင်ထားပါတယ်။ ကျွန်မအနေနဲ့ ဒီပြိုင်ပွဲမှာ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ” ဟု နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် နန္ဒာလွင်က ပြောသည်။

အလှမယ်နန္ဒာလွင်သည် ယခင်က မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော Now How အလှမယ်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Miss Popular ဆုကိုရရှိခဲ့ပြီး ယခု ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သည့် Miss Grand Myanmar 2016 ပြိုင်ပွဲတွင် winner ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် သရဖူရရှိခဲ့သောကြောင့် ယခုကဲ့သို့ Miss Grand International 2016 ပြိုင်ပွဲကြီးကို နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ် သည်။

## သီပေါ၌ သီတင်းကျွတ်ကာလမတိုင်မီ မီးရှူး၊ မီးပန်း၊ ပြောက်အိုးနှင့် ရှူးဒိုင်းများ ပစ်ဖောက်နေ

**သီပေါ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့၌ မီးရှူး၊ မီးပန်း၊ ပြောက်အိုးများနှင့် ရှူးဒိုင်းများကို သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ကာလများတွင်သာ ပစ်ဖောက်ကြသော်လည်း ယခုတွင် ထိုသို့မဟုတ်ဘဲ စက်တင်ဘာလလယ်မှစ၍ ပစ်ဖောက်နေကြသည်။

အဆိုပါပြောက်အိုးများသည် တစ်ဖက်နိုင်ငံမှ ဈေးကွက်အတွင်းသို့ဝင်ရောက်လာကာ ကုန်သည်အချို့က စီးပွားရေးအရ ရောင်းဝယ်ကြပြီး တရားဝင်သုံးစွဲခွင့်ပြုထားသည့်ပစ္စည်းများကဲ့သို့ မိန်းမပျိုလေးများအနီး ပစ်ဖောက်ခြင်းဖြင့် အထိတ်တလန့်ဖြစ်စေခြင်း၊ သက်ကြီးရွယ်အိုများအတွက် အလွန်အန္တရာယ်ရှိပြီး နှလုံးရောဂါရှိသူများမှာ ထိတ်လန့်ပြီး အသက်အန္တရာယ်ပေးနိုင်ခြင်း၊ မီးရှူး၊ မီးပန်းမှတစ်ဆင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်း စသည့်ဆိုးကျိုးများကိုသာ ဖြစ်စေနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် ကြိုတင်အသိပေး ထုတ်ပြန်ချက်များ အချိန်မီထုတ်ပြန်ပေးရန် လိုအပ်ကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံ

**ကျော်ရင်မြင့်**

**ခန်းမဆောင်အဝင်ဝ ညာဘက်ဘေးမှာ တိဗက်ဘုန်းကြီး ၁၃ ပါးက မြတ်စွာဘုရားကို အာရုံပြုပြီး တေးဂီတတီးမှုတ်နေတယ်။ နဲ့ကြီးရဲ့အသံသြသြကြီးက ခန်းမကိုဖုံးလွှမ်းနေပါတယ်။ လင်းကွင်းသံကတစ်ချက်တစ်ချက် ထွက်ပေါ်လာတယ်။**

မြတ်စွာဘုရားကို တေးဂီတသံနဲ့ တီးမှုတ်ပူဇော်တယ်ဆိုတာက မြန်မာဗုဒ္ဓဘာသာ အချို့အတွက်တော့ ဆန်းပြားနေမှာပါပဲ။

တိဗက်ဘုန်းတော်ကြီးတွေ တီးမှုတ်နေတာက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့က Monekshaw စင်တာခန်းမဆောင်ရှေ့မှာပါ။ အခမ်းအနားက ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံဖွင့်ပွဲဖြစ်တယ်။ ညီလာခံကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂ ရက်မှ ၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ ဗာရာဏသီနဲ့ ဗုဒ္ဓဂယာမြို့တွေမှာ တစ်မြို့ပြီး တစ်မြို့ကျင်းပသွားမှာ ဖြစ်တယ်။

ယခုကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံကို ကမ္ဘာအနှံ့နိုင်ငံပေါင်း ၃၉ နိုင်ငံက တက်ရောက်ကြပါတယ်။ တက်ရောက်လာတဲ့နိုင်ငံတွေထဲမှာ ရုရှား၊ ဂရိ၊ ဟန်ဂေရီ၊ ပိုလန်၊ နော်ဝေ၊ ဆွီဒင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်အာဖရိက၊ အက်စတိုနီးယားစတဲ့ နိုင်ငံတွေနဲ့အတူ အာရှ၊ ဥရောပ၊ အမေရိက၊ အာဖရိက၊ ဩစတြေးလျတိုက်တွေက နိုင်ငံများစွာ ပါဝင်ပါတယ်။

နိုင်ငံပေါင်းစုံသလို ထေရဝါဒ၊ မဟာယာန၊ ဇင်စသဖြင့် ဗုဒ္ဓဘာသာဂိုဏ်းပေါင်းလည်းစုံတယ်။ သင်္ကန်းရဲ့အရောင်တွေကလည်း ပိန္နဲဆိုးတဲ့အရောင်၊ နီညိုရင့်၊ ခဲသားပြာ၊ ဝါဝါ အရောင်စုံတယ်။ မြန်မာတို့ မြင်တွေ့နေကျ သင်္ကန်းရုံပြီး ဝတ်ဆင်တာပါသလို ဘောင်းဘီချုပ်ဝတ်တာလည်းပါတယ်။ နိုင်ငံပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံမို့ မြင်ရတဲ့မြင်ကွင်းက အင်မတန်ရှုချင့်စဖွယ် တင့်တယ်ပါတယ်။

မြန်မာနိုင်ငံကလည်း သံဃာ့မဟာနာယက အကျိုးတော်ဆောင်ချုပ် ဆရာတော်ကြီးဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဦးဆောင်ပြီး သံဃာတော်နဲ့ လူပုဂ္ဂိုလ် ၁၇ ဦး တက်ရောက်ပါတယ်။ သံဃာတော်တွေ၊ ခရီးသွားလုပ်ငန်းကပုဂ္ဂိုလ်တွေနဲ့ သတင်းမီဒီယာသမားအချို့ ပါဝင်တယ်။

နယူးဒေလီမြို့တော်မှာ အောက်တိုဘာ ၂ ရက် ညဦးပိုင်းကပြုလုပ်တဲ့ ဖွင့်ပွဲအခမ်းအနားကို နှစ်ပိုင်းခွဲပြီးကျင်းပတယ်။ ပထမပိုင်းကို ခန်းမဆောင်တစ်ခုမှာ တက်ရောက်သူတွေက နိုင်ငံအလိုက် မတ်တပ်ရပ်နေရာယူကြပြီး အိန္ဒိယနိုင်ငံတော်

**အိန္ဒိယနိုင်ငံသား ဘုန်းတော်ကြီး အရှင်နန္ဒက "အိန္ဒိယမှာ အခြားဘာသာကနေ ဗုဒ္ဓဘာသာကို ပြောင်းဝင်လာတဲ့သူတွေများလာတယ်။ ဗုဒ္ဓဘာသာမှာ ဇာတ်နိမ့် ဇာတ်မြင့် မရှိဘူး။ အားလုံးတန်းတူညီမျှတဲ့ အခွင့်အရေးရှိလို့ ကြိုက်နှစ်သက်တယ်။ အိန္ဒိယအစိုးရက ဗုဒ္ဓဘာသာကို အားပေးပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံ လုပ်တာကောင်းတယ်" လို့ ဆိုတယ်**

အစိုးရ ခရီးသွားလုပ်ငန်းဝန်ကြီး Dr. Mahesh Sharma က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောပါတယ်။

ပြီးတော့မှ ကွန်ဖရင့်ခန်းမဆောင်ကြီးထဲမှာ အသီးသီးထိုင်ကာ နေရာယူရပြီး ဝန်ကြီးနဲ့ တာဝန်ရှိသူတွေက အိန္ဒိယထုံးစံ ဆီမီးထွန်းညှိကာ ညီလာခံကိုဖွင့်လှစ်ပါတယ်။

မြန်မာနိုင်ငံက ကြွရောက်ချီးမြှင့်တဲ့ မဟာနာယက အကျိုးတော်ဆောင်ချုပ်




ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသကတော့ "နိုင်ငံတွေအများကြီး စုပေါင်းပြီးလာကြတွေ့ဆုံရင်းနှီးကြရတော့ ဗုဒ္ဓဘာသာတွင်ကျယ်ပျံ့နှံ့ပြီး အရှည်တည်တံ့စေနိုင်ပါတယ်"လို့ မိန့်ကြားပါတယ်။

အခမ်းအနားကိုတက်ရောက်လာတဲ့ နီပေါနိုင်ငံလုမ္ဗနီ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် Siddhartha Maharjan ကတော့ ယခုပွဲမှာ မတူကွဲပြားတဲ့ ဂိုဏ်းခွဲတွေဆုံတွေ့ကြတာနဲ့ပတ်သက်ပြီး "ဒါကသိပ်ကိုအရေးကြီးတယ်။ ဗုဒ္ဓက အိန္ဒိယမှာ သီတင်းသုံးနေထိုင်ပြီး သင်ကြားပြသဆိုဆုံးမပေးခဲ့တာတွေ အများကြီးရှိတယ်။ အိန္ဒိယဟာ သွန်သင်ဆုံးမရာမြေဖြစ်တယ်။ မတူကွဲပြားမှုတွေ ဒီမှာစုဆုံပေါင်းစည်းညီညွတ်ပြီး သာသနာတော်ပြန့်ပွားအောင်လုပ်နိုင်တယ်။ ဒါကို အိန္ဒိယအစိုးရက ဆောင်ရွက်တယ်"လို့ ဆိုတယ်။

အိန္ဒိယနိုင်ငံသားဘုန်းတော်ကြီး အရှင်နန္ဒက "အိန္ဒိယမှာ အခြားဘာသာကနေဗုဒ္ဓဘာသာကို ပြောင်းဝင်လာတဲ့သူတွေ များလာတယ်။ ဗုဒ္ဓဘာသာမှာ ဇာတ်နိမ့်ဇာတ်မြင့်မရှိဘူး။ အားလုံးတန်းတူညီမျှတဲ့ အခွင့်အရေးရှိလို့ ကြိုက်နှစ်သက်တယ်။ အိန္ဒိယအစိုးရက ဗုဒ္ဓဘာသာကိုအားပေးပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံလုပ်တာကောင်းတယ်" လို့ ဆိုတယ်။

ဗုဒ္ဓဘာသာညီလာခံတွေကို ၂၀၀၄ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ် နဲ့ ၂၀၁၄ ခုနှစ်တွေမှာ ပြုလုပ်ခဲ့တယ်။ ယခုနှစ်ပြုလုပ်တာက ပဉ္စမအကြိမ်မြောက်ပါ။ ဗုဒ္ဓဘာသာညီလာခံတွေ ပြုလုပ်ခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အကျိုးကျေးဇူးခံစားရတာတစ်ခုကတော့ နိုင်ငံခြားသား ခရီးသွားဧည့်သည်ဝင်ရောက်မှု သိသိသာသာမြင့်တက်လာတာလို့ အိန္ဒိယနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောတယ်။ ဗုဒ္ဓနဲ့ပတ်သက်တဲ့ သမိုင်းဝင်နေရာတွေကို နိုင်ငံခြားသားတွေ အများကြီးလာကြတယ်။ ကမ္ဘာမှာ ဗုဒ္ဓဘာသာဝင်ဦးရေက သန်းပေါင်း ၄၈၈ သန်းရှိတာမို့ ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းတယ်လို့ ဝန်ကြီးက ဖွင့်ပွဲမိန့်ခွန်းမှာထည့်ပြောပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဘာသာရေးနဲ့ပတ်သက်တဲ့ နေရာတွေကိုလာတဲ့ နိုင်ငံခြားသားဧည့်သည်အရေအတွက်ဟာ မနှစ်ကသုံးသန်းရှိတယ်လို့ ဆိုတယ်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို မြန်မာနိုင်ငံက လာတက်ကြသူတွေထဲမှာ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတွေလည်း ပါဝင်တယ်။

မြန်မာနိုင်ငံမှာလည်း ဘာသာရေးကိုအကြောင်းပြုတဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်မယ့်အလားအလာကို ဒါနဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဒါရိုက်တာဒေါ်ဖြူမာကို မေးပါတယ်။ "ရွှေတိဂုံဘုရားဆိုရင်လည်း နိုင်ငံတကာက စိတ်ဝင်စားသဘောကျတယ်။

အခြားနိုင်ငံတွေမှ ဗုဒ္ဓဘာသာဝင်တွေက ကြည်ညိုပြီးဖူးချင်တယ်။ ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ကျိုက်ထီးရိုး၊ အင်းလေးဖောင်တော်ဦးဘုရားတွေကို လာချင်တဲ့ ဧည့်သည်တွေအများကြီးရှိတယ်။ သက်ဆိုင်ရာဌာနတွေက အဆင်ပြေအောင်လုပ်ပေးရင် ဧည့်သည်တွေလာကြမှာ" လို့ ဒေါ်ဖြူမာကပြောတယ်။

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို အိန္ဒိယနိုင်ငံဟာ ဗုဒ္ဓဘာသာစတင်ထွန်းကားပျံ့နှံ့ရာနေရာဆိုတဲ့ ကြွေးကြော်ချက်နဲ့ အောက်တိုဘာ ၄ ရက်မှာ ဗာရာဏသီမြို့၊ အောက်တိုဘာ ၆ ရက်မှာ ဗုဒ္ဓဂယာမှာ ပြုလုပ်ဖို့စီစဉ်ထားတယ်။ အိန္ဒိယအစိုးရ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ နိုင်ငံများစွာက ရဟန်းရှင်လူပေါင်းများစွာကိုဖိတ်ခေါ်ပြီး အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံကို ကျင်းပရင်း ဘာသာရေးနဲ့ပတ်သက်တဲ့ နေရာတွေကိုရောက်အောင် စီစဉ်ပေးတယ်။ အိန္ဒိယနိုင်ငံရဲ့ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်နိုင်တာတွေ့ရပါတယ်။

# ကမ္ဘာ့ကုန်သွယ်မှု၏ ပမာဏ ၈၀ ရာခိုင်နှုန်း ပင်လယ်ရေကြောင်းမှ ပို့ဆောင်ပေးနေ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် သင်္ဘောအရေအတွက်မှာ တစ်နှစ် အတွင်း အစင်းရေ ၂၅၀၀ ကျော်အထိ ရှိလာပြီး



အထွေထွေ ကုန်စည်ပမာဏမှာလည်း လွန်ခဲ့သော ဆယ်စုနှစ်နှင့်နှိုင်းစာလျှင် နှစ်ဆခန့် တိုးတက်လာခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

စက်တင်ဘာ ၃၀ ရက်က ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသော ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ၂၀၁၆ (World Maritime Day 2016) အခမ်းအနားတွင် ပြောကြားသည်။

ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့ အခမ်းအနားသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) မှ ၁၉၇၈ ခုနှစ်မှစတင်ပြီး နိုင်ငံအနှံ့ ကျင်းပလာခဲ့သည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှလည်း ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အား နိုင်ငံတကာ ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများ၊ အထူးသဖြင့် သင်္ဘောလုပ်ငန်းဖြင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် အထောက်အကူပြုမှု၏ အောင်ပွဲနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း စသည်ဖြင့် ဝန်ကြီးက ထပ်လောင်းပြောကြား သည်။

ယခု ၂၀၁၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် ဆောင်ပုဒ်သည် "ကမ္ဘာကြီးအတွက် မရှိမဖြစ်လိုအပ်သော သင်္ဘောလုပ်ငန်း- Shipping: Indispensable to the world" ဖြစ်သည်။ သင်္ဘောလုပ်ငန်းသည် အမှန်တကယ် ကုန်ကျစရိတ်သက်သာ၍ အကျိုးဖြစ်ထွန်းစေသည့် တစ်ခုတည်းသော ပို့ဆောင်ရေး နည်းလမ်းကောင်းဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ပမာဏအားဖြင့် ၈၀ ရာခိုင်နှုန်းနှင့် တန်ဖိုး အားဖြင့် ၇၀ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းမှ ပို့ဆောင်ပေးနေကြောင်း သိရသည်။

ယခုအခါ ရန်ကုန်ဆိပ်ကမ်းဧရိယာအတွင်း အထူးသဖြင့် သီလဝါစီးပွားရေးဇုန်တွင် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်း ၁၈ ခုအထိ ရှိလာခဲ့သည့်အတွက် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်နှင့်အတူ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ရေကြောင်းပို့ဆောင်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရေကြောင်းနေ့အခမ်းအနားကို (၁၅) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ IMO အဖွဲ့ဝင် ၁၇၁ နိုင်ငံက နှစ်စဉ်စက်တင်ဘာလ နောက်ဆုံးအပတ်တွင် ကမ္ဘာ့ရေကြောင်းနေ့ကို ကျင်းပလေ့ရှိပြီး ပြည်သူများ ကမ္ဘာ့ရေကြောင်းပို့ဆောင်ရေး၏အရေးပါမှုကို သတိမူကြစေရန် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာရေကြောင်း အဖွဲ့ချုပ် (IMO) အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာတွင်ပါရှိသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် ဆောင်ပုဒ်ဖြစ်သည့် Shipping: indispensable to the world နှင့်ပတ်သက်၍ နောက်ခံရိုက်ကူးထားသော ဗီဒီယိုဖိုင်ကိုပြသခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရပ်ရွာမှခန့်ထားသည့် ပြင်ပဆရာ၊ ဆရာမများကို ဝန်ထမ်းအဖြစ်ခန့်ထားနိုင်ရေး ဆရာဖြစ်သင်တန်းများခေါ်ယူသည့်အခါ လျှော့ပေါ့ထားနိုင်

**နေပြည်တော် အောက်တိုဘာ ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုတင်သွင်းခြင်းနှင့် အဆိုတစ်ခုအား ဆွေးနွေးခြင်းတို့ဆောင်ရွက်ကြသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **စစ်ကိုင်းနည်းပညာတက္ကသိုလ်အား တက္ကသိုလ်အဆင့်မီအောင် လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်၊ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းနှင့် သုံးထပ်ဆောင် ဆောက်လုပ်ခြင်းအား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊** အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်၏ **အမရပူရမြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းများတွင် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေကြောင်း သိလိုခြင်း မေးခွန်း၊** သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ထားသော မူကြိုတန်းများ၏ ကုန်ကျစရိတ်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျခံပေးပါရန်နှင့် တရားဝင်ဝန်ထမ်းခန့်ထားပါကလည်း မူလကနဦးစေတနာလုပ်အားပေးဆရာ၊ ဆရာမများအား ရွေးချယ်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများ**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ရှိ သုံးထပ်စာသင်ကျောင်းဆောင်အား ပြီးစီးအောင် ဆက်လက်ဆောက်လုပ်ရေးနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်ရေး အပါအဝင် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံသည့်အခါ ထပ်မံထည့်သွင်းတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ထပ်မံလိုအပ်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



**ဒေါက်တာမျိုးသိမ်းကြီး**
**ပြည်ထောင်စုဝန်ကြီး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမရပူရမြို့နယ်တွင် အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြဆရာ၊ ဆရာမ ၁၁၃၅ ဦးကို ဖြည့်ဆည်းခန့်ထားပေးခဲ့ကြောင်း၊ အမရပူရမြို့နယ်အတွင်း ဆရာနှင့် ကျောင်းသားအချိုးမှာ အထက်တန်းအဆင့်တွင် ၁ အချိုး ၂၄၊ အလယ်တန်းအဆင့်တွင် ၁ အချိုး ၂၀ နှင့် မူလတန်းအဆင့်တွင် ၁ အချိုး ၄၅ ဖြစ်၍ သင့်တင့်မျှတမှုရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆရာ၊ ဆရာမများကို ဖြည့်ဆည်းခန့်ထားပေးနိုင်ရန် နောင်ပညာသင်နှစ်များတွင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မူလတန်းကြိုသင် ရပ်ရွာခန့်ဆရာ၊ ဆရာမများ၏ လစာငွေကို သက်ဆိုင်ရာ ကျောင်းများ၏ မူလတန်းကြိုကော်မတီဝင်များနှင့် ရပ်ရွာများမှ ရပ်မိရပ်ဖများပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရပ်ရွာမှခန့်ထားသည့် မူလတန်းကြိုပြင်ပဆရာ၊ ဆရာမများကို အစိုးရဝန်ထမ်းများအဖြစ် ခန့်ထားပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မူဘောင်များနှင့် ကိုက်ညီပါက ဆရာဖြစ်သင်တန်းများ ခေါ်ယူသည့်အခါ လျှော့ပေါ့ထားနိုင်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိကျစွာဖော်ပြ၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ အခြေခံပညာရေးဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများ ထင်ဟပ်သော ဥပဒေကောင်းတစ်ရပ် ပေါ်ထွန်းရေးအတွက် လူထုလူတန်းစားအလွှာစုံပါဝင်သော အခြေခံပညာရေး ဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပရန် အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးတို့က ဆွေးနွေးကြသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက အဆိုတွင်အမျိုးသားပညာရေးဥပဒေရေးဆွဲစဉ်က လူထုလူတန်းစားအလွှာစုံပါဝင်သော ဆွေးနွေးပွဲများပြုလုပ်ခဲ့သော်လည်း နောက်ဆုံးတွင် ကျောင်းသူကျောင်းသားများက ၎င်းတို့၏ အဆိုပြုချက်များ မပါဝင်သည်ကို ဖော်ပြပြီး NNER ကို ဖိတ်စာပေးပြီးမှ ဖျက်သိမ်းခဲ့သည့်အကြောင်းအရာ မပါဝင်သည်ကို တွေ့ရပါကြောင်း၊ အဆိုရှင်တင်ပြသည့် အခြေခံပညာရေးသည် ပညာရေးအားလုံး၏ ခိုင်မာရမည့် အခြေခံအုတ်မြစ်ဖြစ်သည့်အချက်သည် မှန်ကန်ပါကြောင်း၊ တိုင်းပြည်၏ အခြေခံစီးပွားရေး အဆောက်အအုံပေါ်တွင် တည်ထားသည့် ပညာရေး ကျန်းမာရေးစသည့် အပေါ်ထပ်အဆောက်အအုံများသည် အခြေခံပညာအဆောက်အအုံ၊ အခြေခံစီးပွားရေးအဆောက်အအုံ မခိုင်မှုများနှင့်ယိုင်နဲ့ခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် ပညာရေးစနစ်နိမ့်ကျခြင်းနှင့်အတူ မိဘပြည်သူများ ပူးပေါင်းပါဝင်မှုသည်လည်း အားနည်းသွားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနကို ပညာရှင်များကိုယ်တိုင် လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်မရှိခြင်း၊ ပညာရေးအသုံးစရိတ် အလွန်နည်းခြင်း၊ ပညာရေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုစိတ်မရှိခြင်းတို့သည် ပညာရေးနိမ့်ကျသွားရခြင်း၏ အကြောင်းအရာများဖြစ်ကြောင်း၊ ဒီမိုကရေစီဆိတ်သုဉ်းကွယ်ပျောက်ခြင်းနှင့်အတူ ပညာရေးစနစ် နိမ့်ကျသွားခြင်းဖြစ်ပါကြောင်း၊ အဆိုရှင်တင်ပြသည့် ပညာရေးဝန်ထမ်းများ၏ ကိုယ်ကျင့်တရားနှင့် စွမ်းဆောင်နိုင်မှုဟူသည့် စကားရပ်သည် အလွန်ကျယ်ဝန်းပါကြောင်း၊ အသိနှင့် ဆင်ခြင်ရမည်ဖြစ်သည်ကို ပညာပေးရန် ပညာရေးဝန်ကြီးဌာန တစ်ခုလုံးတွင် တာဝန်ရှိသည်ဟု ယူဆပါကြောင်း၊ အဆိုရှင်အနေဖြင့် ထိုအခက်အခဲများ ဖြေရှင်းနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကိုယ်စားလှယ်များ၊ သံဃာတော်များ၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပညာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကိုယ်စားလှယ်များပါဝင်သည့် မြို့နယ်အဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်၊ ဗဟိုအဆင့် ဆွေးနွေးပွဲများကျင်းပပြီး ဆွေးနွေးပွဲရလဒ်များအား ဥပဒေကြမ်းပြုသည့်အဖွဲ့သို့ ပေးပို့ဆောင်ရွက်ရမည်ဟုဆိုသည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံထက် ကြီးကျယ်သည့် ညီလာခံတစ်ရပ် ကျင်းပရဖွယ်ပင်ဖြစ်ကြောင်း၊ လက်ရှိအစိုးရသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ရေးရာကိစ္စအဝဝကို ပြည်သူလူထုနှင့်ထပ်တူ သိရှိနားလည်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေကို



**ဒေါက်တာမောင်သင်း**
**မိတ္ထီလာမဲဆန္ဒနယ်**

အသစ်ရေးဆွဲသည်ဖြစ်စေ၊ ပြင်ဆင်သည်ဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှိနေသည့် လွှတ်တော်နှစ်ရပ်အား ကျော်ဖြတ်ရမည်ဖြစ်သကဲ့သို့ သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူများထံ အသိပေးရဦးမည် ဖြစ်ကြောင်း၊ အဆိုသည်မလိုအပ်ဘဲ အနုစိတ်ခြယ်မှုန်းနေခြင်းဖြစ်နေပါကြောင်း၊ အဆိုကို မထောက်ခံပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်က အဆိုသည် အခြေခံပညာရေးဥပဒေကောင်းတစ်ရပ် ပေါ်ထွန်းရေးဟူသည့် ရည်ရွယ်ချက်ကောင်းဖြင့် တင်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းရေးအတွက် အဓိကအားဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တာဝန်ရှိသည် ဖြစ်သော်လည်း ဥပဒေကောင်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ အဆိုအရ ဆက်လက်ရေးဆွဲနေသည့် အခြေခံပညာရေးဥပဒေသည် နိုင်ငံအနှံ့အပြားရှိ ဒေသအမျိုးမျိုးမှ တိုင်းရင်းသားတို့ လက်တွေ့အကောင်အထည်ဖော်ရမည့် ဥပဒေဖြစ်ပါကြောင်း၊ ပူးပေါင်းပါဝင်မှုအားနည်းခဲ့သည့် အမျိုးသားပညာရေးဥပဒေရေးဆွဲစဉ်က အခြေအနေအချို့ကိုလည်း အဆိုရှင်က ထောက်ပြဆွေးနွေးထားပါကြောင်း၊ ယခုရေးဆွဲလျက်ရှိသည့် အခြေခံပညာရေးဥပဒေတွင် တိုင်းရင်းသားများ၏ လိုအပ်ချက်သဘောဆန္ဒများကို ကြားနာထည့်သွင်းရေးဆွဲသွားမည်ဆိုပါက ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို များစွာအကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်း ပါဝင်ရေးဆွဲနိုင်ရေး အစီအစဉ်သည် အမှန်တကယ်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏

*စာမျက်နှာ ၈ သို့*

# စိုက်ပျိုးစရိတ်ချေးငွေများကို လာမည့်နှစ်တွင် တောင်သူလယ်သမားများ၏ အဖွဲ့လိုက်တာဝန်ခံမှုစနစ်ဖြင့်သာ ဆက်လက်ထုတ်ချေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၃**

ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ရန် ပျက်ကွက်ပါက အာမခံကြေးကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခံရမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နည်း ဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်လျှင်သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်လျှင် တင်သွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ခွင့်ပြုဧရိယာအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် ဧရိယာများနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေး၍ ခွင့်ပြုဧရိယာအတွင်းမှ ပယ်ဖျက်နိုင်ရန် ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်စေမည်ဖြစ်ပြီး ဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းခွင့်ပြုမိန့်အား တရားဝင်ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း၏ **“၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အသင်းအဖွဲ့များနှင့် ထိုအသင်းအဖွဲ့များ ရယူပိုင်ဆိုင်ထားသည့် မြေယာများအပေါ် ဥပဒေနှင့်အညီ မည်ကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်း ဖြစ်သည်။



**ဒေါက်တာထွန်းဝင်း**
**ဒုတိယဝန်ကြီး**



**ဒေါ်အိအိပြုံး ဧရာဝတီတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၈)**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်း၏ **“မြစ်ဝှမ်းဒေသရှိ ပုံစံ (၇) ရှိသော ကိုင်းကျွန်းမြေများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရေနံမြေများတွင် တည်ရှိသော မြေများသည် လယ်ယာမြေဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော လယ်ယာမြေဆိုသည့် စကားရပ်တွင် အကျုံးဝင်ခြင်းမရှိပါသဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်း မရှိပါကြောင်း။

ယင်းဧရိယာများကို ရေနံမြေဧရိယာအဖြစ်မှ ပယ်ဖျက်၍ နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံပြီးမှသာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများ တရားဝင်လုပ်ကိုင်ခွင့် ရရှိနိုင်ရေးကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပုံစံ (၇) မရရှိသေးသော မြေများနှင့် ပတ်သက်၍ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **“စိုက်ပျိုးစရိတ် ချေးငွေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တောင်သူလယ်သမား တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စိုက်ပျိုးရေးနှင့် ပတ်သက်သော အကျိုးပြုစိုက်ပျိုးနည်းပညာ သင်တန်းများအား ကျေးရွာအုပ်စုအထိ သွားရောက်သင်တန်းပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စိုက်ပျိုးစရိတ်ချေးငွေများကို လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တောင်သူလယ်သမားများ၏ အဖွဲ့အလိုက် တာဝန်ခံမှုစနစ်ဖြင့်သာ ဆက်လက်ထုတ်ချေးသွားရန် အစီအစဉ်ရှိပါကြောင်း။

မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးသန့်မျိုးပွားစေ့ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ နည်းပညာပြန့်ပွားရေးသင်တန်းများနှင့် ဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ သုတေသနနှင့် နည်းပညာပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပြည်ပစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ အသိပညာများ၊ မြေဆီလွှာဆိုင်ရာ အသိပညာများ၊ မျိုးပြောင်းလဲမှုဆိုင်ရာ အသိပညာများ၊ ပိုးမွှားနှင့် ရောဂါဆိုင်ရာ အသိပညာများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုဆိုင်ရာ အသိပညာများပါဝင်သည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲများကို ရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများက ကျေးရွာများအရောက် သွားရောက်သင်တန်းပို့ချခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က **“ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

*ပြည်သူ့လွှတ်တော်မှ*

ပါဝင်ကူညီ စီစဉ်ဆောင်ရွက်ပေးနိုင်မှုများသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ နိုင်ငံတော် တည်ဆောက်ပုံစနစ်အရ ပညာရေး လိုက်လျောညီထွေဖြစ်ရန် ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူများကိုယ်တိုင် မလွဲမသွေ ပူးပေါင်းပါဝင်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

လူတိုင်းအကျုံးဝင်ပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်၊ အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြစ်ပေါ်လာစေရန်နှင့် ဒီမိုကရေစီဝန်းကျင်တွင် လူတိုင်းအတွက် ဘဝတစ်သက်တာ သင်ယူလေ့လာနိုင်သည့် အခွင့်အလမ်းများ မြှင့်တင်နိုင်ရန် ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို တန်ဖိုးထားသည့် မတူကွဲပြားမှုကို လက်ခံနိုင်စွမ်းရှိသည့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် မတူကွဲပြားမှုရှိသည့် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု များစွာရှိနေသည့် တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို အသိအမှတ်ပြုလက်ခံပြီး တန်းတူညီမျှသည့်အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်သည့် အခြေခံပညာရေး ဥပဒေဖြစ်ရန် များစွာအရေးကြီးပါကြောင်း၊ တိုင်းရင်းသားများအားလုံး၏ တန်းတူညီမျှရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပြန်လည် တည်ဆောက်နေချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် အနာဂတ်၏ နိုင်ငံ့သားကောင်းများကို ကောင်းမွန်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်မည့် ပညာရေးစနစ်တစ်ခု မရှိမဖြစ် လိုအပ်ပါကြောင်း။

ကောင်းမွန်သည့် အခြေခံပညာရေးစနစ်တစ်ခုကို ပုံဖော်ပေးမည့် အခြေခံပညာရေး ဥပဒေကောင်းတစ်ခု ကောင်းမွန်စွာပေါ်ထွက်လာရေးကို အထူးအလေးထား လုပ်ဆောင်ကြရမည့် အချိန်အခါဖြစ်ပါကြောင်း၊ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လုနိုင်က အဆိုနှင့်စပ်လျဉ်း၍ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဆိုင်ရာ ဥပဒေကဲ့သို့သော ဥပဒေတစ်ရပ်ပြဋ္ဌာန်းသင့်ကြောင်း၊ ပညာရေးနယ်ပယ်သည် ကျယ်ဝန်းနက်နဲပြီး (Formal, Informal, Non-formal Education) အစရှိသဖြင့် ပညာသင်ကြား သင်ယူကြသူများ၏ အခြေအနေကိုလိုက်၍ သင့်လျော်သလို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Education for All နှင့် All Inclusive Education ရရှိစေရန် ပညာသင်ကြား သင်ယူကြသူများ၏ ကိုယ်စိတ်ကျန်းမာရေးအခြေအနေ၊ ဘာသာစကား၊ ပထဝီဝင်အနေအထားနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားအခြေအနေနှင့် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်စသည့် အချက်များကိုမူတည်၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်ထိရောက်စေရန် ပညာသင်ကြား သင်ယူမှုနည်းစနစ်များ၊ အရည်အသွေးစစ်ဆေး တိုင်းတာမှုစနစ်များ၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ ဆီလျော်မှုနှင့် ထိရောက်မှုရှိစေရေးသည် လွန်စွာအရေးကြီးပြီး နယ်ပယ်စုံ၊ အလွှာစုံမှ ပါဝင်အကြံပြုချက်များ လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာရေး ဥပဒေရေးဆွဲရာတွင် ပြည်သူလူထု၏ သဘောထားအမြင်နှင့် အကြံဉာဏ်များ ပူးပေါင်းပါဝင်မှုထင်ဟပ်စေရန် Public Awareness, Public Education, Public Input, Public Interaction, Public Partnership အစရှိသည့် လုပ်ငန်းများကို ကျယ်ပြန့်စွာ အားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံပညာကဏ္ဍတွင် မိဘဆရာအသင်းများမှတစ်ဆင့် မိဘဆရာပူးပေါင်းဆောင်ရွက်မှုများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခက်အခဲပြဿနာများ၊ ပြုပြင်သင့်သည့်အချက်များ၊ တိုးမြှင့်ဆောင်ရွက်ရမည့် ကိစ္စများကို ပွင့်လင်းစွာဆွေးနွေးကာ အဆင့်ဆင့်တင်ပြဆောင်ရွက်ပြီး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် အစီအမံများကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုကို အတည်မပြုသင့်ကြောင်း ရှင်းလင်းဆွေးနွေးရာ အဆိုရှင် ဒေါက်တာဦးမောင်သင်းက လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူရာ ထောက်ခံမဲ ၁၅၁ မဲ၊ ကန့်ကွက်မဲ ၂၃၀၊ ကြားနေမဲ ရှစ်မဲဖြင့် အဆိုကို အတည်မပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ရွှေကျင်မြို့ အရှေ့မဟာဗုဒ္ဓဘုရားကြီး စေတီတော်မိုးကြိုးထိမှန်၍ အနည်းငယ်ထိခိုက်ခဲ့

**ရွှေကျင် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ပျဉ်းမပင်ရပ်ကွက်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်အား အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီခွဲခန့်က မိုးရွာသွန်းနေစဉ် စေတီတော်လုံးပတ်သုံးနေရာ၌ မိုးကြိုးထိမှန်ခဲ့ပြီး အနည်းငယ် ထိခိုက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကျင်မြို့၌ အောက်တိုဘာ ၃ ရက်ညနေပိုင်းက မိုးပြင်းထန်စွာ ရွာသွန်းပြီး မိုးကြိုးများ အဆက်မပြတ်ထစ်ချုန်းနေစဉ် ညနေ ၃ နာရီခွဲက ရွှေကျင်မြို့ အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်အား မိုးကြိုးထိမှန်ခဲ့သည်။ စေတီတော်ကြီး၏ တနင်္လာထောင့်မှ မိုးကြိုးအပြစ်ခံရပြီး ရာဟုထောင့်မှ ဝင်၍ ကြာသပတေးထောင့်သို့ ဖောက်ထွက်သွားခဲ့ကာ စေတီတော်ကြီးလုံးပတ်သုံးနေရာ၌ အနည်းငယ်ထိခိုက်ခဲ့ကြောင်း သိရသည်။

မိုးကြိုးထိမှန်ခံရသောဘုရားကြီးအား ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၃**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ခန်းမ၌ အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီကကျင်းပခဲ့သည်။

တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးက ကျေးရွာဘောလုံးအားကစားကွင်းဖြစ်မြောက်ရန် အကောင်အထည်ဖော်ရေးစီမံချက်နှင့် ပတ်သက်သည့် မေးခွန်း၊ သထုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က စစ်တောင်းမြစ်နှင့် သံလွင်မြစ်ဝများတွင် ရေလမ်းကြောင်းပြောင်းလဲမှုနှင့် ကမ်းပြိုမှုများနှင့် ပတ်သက်သည့် မေးခွန်း၊ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြည်နယ်အတွင်းရှိ ပြည်နယ်အဆင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ ဆောင်ရွက်ရန်ရှိသော စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည့် မေးခွန်း၊ ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က ကုမ္ပဏီများ တင်ဒါအောင်မြင်ခဲ့ပါက ရာခိုင်နှုန်း အလိုက်ပေးရသည့်ငွေများကို မည်သည့်ကဏ္ဍတွင် သုံးစွဲရန်သိရှိလိုသော မေးခွန်း၊ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်က ကျိုက်မရောမြို့ ဧရိယာကို တိုးချဲ့ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်း၊ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်မွန်က ပြည်နယ်အစိုးရအဖွဲ့၏ ကတ်ဘိနက်(Cabinet) အစည်းအဝေးနှင့် လုံခြုံရေးအစည်းအဝေးတို့နှင့်သက်ဆိုင်သည့်မေးခွန်း၊ မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိဂီမော်က မှိုန်ဂနိမ်းကျေးရွာ၌ လိုအပ်နေသည့် ကျေးရွာပိုင်အဆောက်အအုံများ ဆောက်လုပ်ရန် မီးရထားဌာနပိုင်မြေလွတ်မှ မြေအချို့ကိုတောင်းခံခြင်းနှင့်ပတ်သက်၍ သိရှိလိုသော မေးခွန်းတို့ကို မေးမြန်းကြသည်။ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားကြကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

**သံတွဲ**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ရဲချုပ်ဇော်ဝင်းထံမှပေးပို့သော သဝဏ်လွှာကို သံတွဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးက ဖတ်ကြားသည်။ ဆုရတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်၊ မြို့မိမြို့ဖ ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**နေပြည်တော်**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးကြီး မင်းနောင်နှင့် တာဝန်ရှိသူများက ရဲလုပ်ငန်းစွမ်းဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**




**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုအခမ်းအနားကို အောက်တိုဘာ ၁ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ စွမ်းစွမ်းတမံသတင်းမီဒီယာအနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သူ မြို့နယ်သတင်းထောက် ဦးနေလင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်**

နေလင်း(ညောင်လေးပင်)

## နိုင်ငံတကာသတင်း



# နိုင်ငံအဆင့် အဏ္ဏဝါဥယျာဉ်အသစ် ကိုးခုထပ်မံဖွင့်လှစ်ကြောင်း တရုတ်ကြေညာ

**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံ၌ နိုင်ငံအဆင့်ရှိ အဏ္ဏဝါဥယျာဉ်သစ် ကိုးခု ထပ်မံဖွင့်လှစ်လိုက်ရာ ယခုအခါ တရုတ်နိုင်ငံအတွင်း နိုင်ငံတော်အဆင့်ရှိ အဏ္ဏဝါဥယျာဉ်အရေအတွက်ပေါင်း ၄၂ ခုအထိရှိလာပြီဖြစ်ကြောင်း တရုတ် သမုဒ္ဒရာဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ (SOA) က ယနေ့ကြေညာသည်။

နောက်ထပ်အသစ်ဖွင့်လှစ်လိုက်သော အဆိုပါအဏ္ဏဝါဥယျာဉ်များမှာ လျိုနင်း၊ ရှန်တုန်း၊ ဖုကျင့်၊ ကွမ်တုန်းနှင့် ဟိုင်နန်ပြည်နယ်များ၌ တည်ရှိကြောင်း တရုတ်သမုဒ္ဒရာဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တရုတ်သမုဒ္ဒရာဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့သည် အဆိုပါဥယျာဉ်များအား နယ်နိမိတ်စတင်ကန့်သတ်ရန်နှင့် ဥယျာဉ်များ၏ နယ်နိမိတ်မျဉ်းများကို ပြောင်းလဲခြင်း သို့မဟုတ် သတ်မှတ်ပြင်ဆင်ခြင်းများ မပြုလုပ်ရန် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကို ညွှန်ကြားထားကြောင်း သိရသည်။

ဥယျာဉ်ဇုန်များအတွင်း ခရီးသွားလုပ်ငန်းနှင့် ရေအောက်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နေချိန် ပင်လယ်ဆိုင်ရာ ပတ်ဝန်းကျင် ကာကွယ်ရေးအစီအစဉ်ကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း သမုဒ္ဒရာဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က အလေးအနက်ပြောကြားသည်။

တရုတ်နိုင်ငံ၌ နိုင်ငံ့အဆင့်အဏ္ဏဝါဥယျာဉ်များကို ၂၀၁၁ ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ အဏ္ဏဝါဥယျာဉ်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ ကမ်းခြေဒေသများ၌ အများပြည်သူအနားယူအပန်းဖြေနိုင်သည့် နယ်မြေပိုမိုဖန်တီးပေးရေး၊ ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကမ်းခြေခရီးသွားလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဖြစ်ကြောင်း တရုတ်သမုဒ္ဒရာဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ပြောကြားသည်။ **ဂျေတီ**



# ရှေးဟောင်းမြို့ဝင်တံခါးပေါက် ကမ္ပည်းကျောက်ချပ်ပေးအပ်ပွဲကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ လူမှုကူညီရေးစောင့်ရှောက်မှုအသင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ကမ္ပည်းကျောက်ချပ် ၁၂ ချပ်ပေးအပ်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၌ ကျင်းပရာ မြို့မိမြို့ဖနှင့် ကျိုင်းတုံမြို့နယ် ဂေါပကဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းက ကျိုင်းတုံမြို့ရှေးဟောင်းမြို့ရိုးနှင့် သက်ဆိုင်သည့် သမိုင်းဖြစ်စဉ်အကျဉ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် လူမှုကူညီရေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ရှေးဟောင်းမြို့ရိုးရှိ တံခါးပေါက် ၁၂ ပေါက်နှင့် သက်ဆိုင်သည့် ကမ္ပည်းကျောက်ချပ် (၁၂) ချပ်ကို လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ကျိုင်းတုံမြို့သည် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သဖြင့် ထိန်းသိမ်းစရာများပြားလှကြောင်း၊ ရှေးဟောင်းအမွေအနှစ်များကို ရှေးဟောင်းသယံဇာတအဖြစ် ထိန်းသိမ်းထားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ဝင်တံခါးပေါက် ၁၂ ပေါက်ဖြစ်သည့် နောင်လိတ်တံခါး၊ ဖာယန်တံခါး၊ ယန်းပုန်တံခါး၊ နောင်ဖာတံခါး၊ ယန်းခမ်းတံခါး၊ မင်္ဂလာတံခါး၊ ပါလျှန်တံခါး၊ ငမ်ဖတံခါး၊ စင်းမိုင်းတံခါး၊ ယန်းကုန်းတံခါး၊ ကိုင်ဟိုက်တံခါးနှင့် ကျိုင်းလန်းတံခါးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဂုံရှမ်းစာနှင့် ရှမ်းဘာသာစကားဖြင့်ပြုလုပ်ထားသည့် ကျောက်ချပ် ၁၂ ချပ်ကို ပေးအပ်လှူဒါန်းရာတွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က လက်ခံယူသည်။

အဆိုပါကမ္ပည်းကျောက်ချပ်များကို အောက်တိုဘာ ၄ ရက်တွင် သက်ဆိုင်ရာမြို့ရိုးတံခါးပေါက်များရှိရာသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ယူစိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းဖုန်း(ကျိုင်းတုံ)**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေး ရောနှောကြောင်းစိစစ်တွေ့ရှိပါသဖြင့် အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက် ရှိပါသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေး ရောနှောထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်းနှင့် သတိပြုဝယ်ယူသုံးစွဲနိုင်ပါရန် အသိပေးထားကြောင်း သိရသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသော အနောက်တိုင်းဆေးအမည် |
|---|---|---|---|---|---|
| ၁။ | ကချင် | အသားချော အရေပြားလိမ်းဆေး | အဆီခဲ | ကချင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ဦးတင်မြင့်၊ အမှတ်(၁၃၅၀)၊ ဘုံမွှာ (၂၀)၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ | Salicylic acid |
| ၂။ | ပြည့်ဖြိုး | အဆစ်အမျက် ရောင်ရောဂါ သောက်ဆေး | ဆေးမှုန့် | သိဒ္ဓိထက် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လိပ်စာဖော်ပြထားခြင်းမရှိပါ။ | Paracetamol |

သို့ဖြစ်ပါ၍ အဆိုပါတိုင်းရင်းဆေးဝါးအား အနောက်တိုင်းဆေးရောနှောကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ တိုင်းရင်းဆေးဝါးမှတ်ပုံတင် သက်တမ်းတိုးခြင်းအား ခွင့်မပြုပါကြောင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရုပ်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ဝယ်ယူသုံးစွဲရန် မသင့်လျော်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာရေးရာ အမှတ် (၁) ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာရေးရာ လေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က ထုတ်ဝေသော မြန်မာရေးရာ အမှတ် (၁) အောက်တိုဘာ ၂၀၁၆ ကို ထုတ်ဝေလိုက်ကြောင်း သိရ သည်။

မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး အပုဒ် ၂၀ ပါရှိပြီး ဓူဝံစာပေ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိလိုက်ကြောင်း၊ ဝယ်ယူလိုပါက ဖုန်း- ၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**






# မိုးသည်းထန်ပြီး ဆင်သေချောင်းရေလျှံမှုကြောင့် သီးနှံစိုက်ခင်းတချို့ပျက်စီး

**တပ်ကုန်း အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက်ညက ရွာသွန်းခဲ့သည့်မိုးကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု သပြေချောင်းကျေးရွာအနီး ဝန်းကျင်မှ သီးနှံစိုက်ခင်းအချို့ ဆင်သေချောင်းနှင့် နဝင်းချောင်းတို့ ရေလျှံပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ချောင်းရေလျှံမှုကြောင့် တောင်သူများ၏ စိုက်ပျိုးပြီးသော သီးနှံစိုက်ခင်းများမှာ ရေစီးနှင့်အတူ မျောပါသွားသဖြင့် ပျက်စီးမှုတချို့လည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ညတုန်းက ရွာတဲ့မိုးက တော်တော်လေးကြီးတဲ့အတွက် အခုလိုချောင်းရေလျှံတာပါ။ ကျွန်တော်တို့ ကျေးရွာက ဆင်သေချောင်းနဲ့ နဝင်းချောင်းတို့ ပေါင်းဆုံတဲ့နေရာအောက် အနီးမှာရှိနေတဲ့အတွက် ဒီလိုရေလွှမ်းမှုတွေ မကြာခဏတော့ ကြုံတွေ့ရတယ်။ သပြေချောင်းနဲ့ ရွှေမြို့ကျေးရွာချောင်းကူးတံတား တည်ဆောက်ပြီးစီးလို့ သွားလာရေးမှာ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ သို့သော် ချောင်းရေက ဒီထက်ကြီးလာရင် တောင်သူတွေရဲ့ သီးနှံစိုက်ခင်းတွေ တော်တော်များများ ပျက်စီးမှာကို စိုးရိမ်ရတယ်" ဟု သပြေချောင်းကျေးရွာမှ ဦးမြင့်သိန်းက ပြောသည်။ ဆင်သေချောင်း ရေလျှံမှုကြောင့် ချောင်းဘေးရှိ ရန်ကုန်-မန္တလေးကားလမ်း၏ အောက်ခြေများကိုလည်း ချောင်းရေတိုက်စားပြီး ဖို့ထားသော မြေများအိကျမှုကြောင့် သဲအိတ်များချထားကာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရကြောင်း သိရသည်။

"ချောင်းရေက ဒီအတိုင်းဆက်ပြီး ရေလျှံမှုဖြစ်ပွားနေရင် ရန်ကုန်-မန္တလေး ကားလမ်းကိုတောင် တဖြည်းဖြည်း တိုက်စားမှာ စိုးရိမ်ရတယ်။ ကားလမ်းဘေးရှိ ချောင်းရေကာတာပြုလုပ်ထားတာကလည်း ဖို့မြေတွေဆိုတော့ ရေစီးသန်လာတော့ တဖြည်းဖြည်းတိုက်စားသွားတာ မြန်တယ်။ ရေရှည်ဆိုရင်တော့ ချောင်းကမ်းပါးတွေပြိုပြီး ကားလမ်းကိုတောင် တိုက်စားနိုင်တဲ့အနေအထားရှိတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

**သတင်း-မောင်လွင်(တပ်ကုန်း)**

**ဓာတ်ပုံ-မောင်မွှေး**

# လေပြင်းတိုက်ခတ်၍ သစ်ပင်ပြိုလဲ

**လွိုင်လင် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီက မိုးနှင့်အတူ လေပြင်းတိုက်ခတ်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးအနီး နှစ်ခြင်းခရစ်ယာန်ကျောင်းရှေ့ သုခလမ်းနှင့် လွိုင်လင်-တောင်ကြီးလမ်းဆုံတွင် သစ်ပင်ကြီးပြိုလဲခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်ပြိုလဲရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ၊ ရပ်ကွက်နေပြည်သူများဝိုင်းဝန်း၍ ရှင်းလင်းဖယ်ရှားရာ ညနေ ၃ နာရီခွဲတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါသစ်ပင်ပြိုလဲခဲ့ရာ လူနှင့်တိရစ္ဆာန်များ ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် တယ်လီဖုန်းတိုင်သုံးတိုင် ပျက်စီးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျဉ်းမနားမြို့တွင်းကျောင်းများ ရေဝင်ရောက်



**နေပြည်တော် အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း (၁)နယ်မြေအတွင်းရှိ ဂန္ဓမာလမ်း၊ ၆ လမ်း၊ ၇ လမ်း၊ ၈ လမ်း၊ ၉ လမ်း၊ ၁၀ လမ်းနှင့် မေတ္တာလမ်းများရှိ အိမ်ခြေ ၇၀ ခန့်နှင့် အမှတ်(၁၂၇)အခြေခံပညာ မူလတန်းလွန်ကျောင်းအတွင်းသို့ မိုးရေသုံးပေခန့် ဝင်ရောက်ခဲ့ကြောင်း ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"ဒီနှစ် မိုးရေက သုံးပေလောက်အထိရှိတော့ ရေဝင်တဲ့ ကျောင်းခန်းက သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းအထိတော့ ကျောင်းပိတ်ထားရတယ်။ ရေပြန်ကျရင် ပြန်ဖွင့်မှာပါ။ မိုးရေဝင်ရောက်လျက်ရှိသည့် ရွာကောက်ရပ်ကွက်အတွင်း ရေကျဆင်းရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့်အဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမဟော်(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို ကိုလံဘီယာ မဲဆန္ဒရှင်များက ပယ်ချ




**ဘိုကိုတာ အောက်တိုဘာ ၃**

နှစ်ပေါင်း ၅၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် သူပုန်များနှင့်ချုပ်ဆိုမည့် ငြိမ်းချမ်းရေးစာချုပ် တစ်ရပ်ကို ကိုလံဘီယာ မဲဆန္ဒရှင်များက ပယ်ချခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တနင်္ဂနွေနေ့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက အစိုးရနှင့် ဖာ့ခ်သူပုန်များကြား ချုပ်ဆိုမည့် တရားဝင်ငြိမ်းချမ်းရေးစာချုပ်ကို ပြည်သူများသဘောတူရန် တိုက်တွန်းခဲ့သည်။ ကိုလံဘီယာ ပြည်တွင်းစစ်တွင် ပြည်သူပေါင်း နှစ်သိန်းကျော် သေဆုံးခဲ့သည်။

မဲဆန္ဒရှင်တို့၏ မဲပေးထားသော စာရွက် ၉၉ ဒသမ ၉ ရာခိုင်နှုန်းအား ရေတွက်ကြည့်ရာတွင် ၅၀ ဒသမ ၂၁ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက ငြိမ်းချမ်းရေးစာချုပ်ကို ကန့်ကွက်ကြောင်း ဖော်ပြခဲ့သည်။ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်းသော မဲဆန္ဒရှင်များကမူ ငြိမ်းချမ်းရေးစာချုပ်ကို သဘောတူခဲ့သည်။

ကိုလံဘီယာ သမ္မတ ဂျွန်အန်မန်နျူရယ်ဆန်တို့စ်က မဲရလဒ်များကို လက်ခံခဲ့သော်လည်း ၄င်းသမ္မတသက်တမ်း နောက်ဆုံးထွက်သက်အထိ ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတက ၄င်းအနေဖြင့် ညှိနှိုင်းသူများအား ဖာ့ခ်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် ကျူးဘားသို့ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နှစ်ဖက်အဖွဲ့များသည် ကဲရစ်ဘီယန်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(အင်န်အိတ်ချ်ကေ)**

# ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း သန်း၇၀၀ ကျော် အလွန်အမင်း ဆင်းရဲမှုဒုက္ခများနှင့် နေထိုင်နေရ

**ဂျီနီဗာ အောက်တိုဘာ ၃**

ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း သန်း ၇၀၀ ကျော် အလွန်အမင်း ဆင်းရဲမှုဒုက္ခများနှင့် ကြုံတွေ့နေရသည်ဟု ကမ္ဘာ့ဘဏ်ကပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘဏ်က အောက်တိုဘာ ၃ရက်တွင် ကမ္ဘာ့ဆင်းရဲမှုအစီရင်ခံစာထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာသည် ၂၀၁၃ခုနှစ်အခြေအနေများကို အခြေခံထားခြင်းဖြစ်ကြောင်းသိရသည်။

အစီရင်ခံစာတွင် လူပေါင်း ၇၆၇ သန်းကျော်မှာ တစ်နေ့လျှင် ၁ ဒေါ်လာနှင့် ၉၀ ဆင့်ထက်နည်းသော ဝင်ငွေပမာဏနှင့်ရပ်တည်နေရကြောင်း ဖော်ပြခဲ့သည်။ ဆာဟာရ အာဖရိကသည် ကမ္ဘာ့အဆင်းရဲဆုံး၏ထက်ဝက်ခန့်ရှိကြောင်းသိရသည်။ အာဖရိကနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ချမ်းသာသူများ၊ လူလတ်တန်းစားများမှာ တိုးတက်လာကြောင်း၊ သို့သော်လည်း ဝင်ငွေမမျှတမှုမှာ ကြီးမားဆဲဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် ၂၀၃၀တွင် ဆင်းရဲမှုတိုက်ဖျက်ရေးကို အပြီးသတ်လုပ်ဆောင်သွားရန် ရည်မှန်းချက်ချမှတ်ထားကြောင်းသိရသည်။ ဝင်ငွေမမျှတမှုများကြား ဆင်းရဲမှုတိုက်ဖျက်ရေးအပြီးသတ်လုပ်ဆောင်ရေးမှာ မလွယ်ကူလှသော လုပ်ရပ်တစ်ခုဖြစ်သည်။ ကမ္ဘာ့ဘဏ်က နိုင်ငံများအား ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် အရှိန်မြှင့်၍ အင်တိုက်အားတိုက်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

**(အင်န်အိတ်ချ်ကေ)**

# ရုရှားတို့ သိမ်းပိုက်ထားသော ကျွန်းလေးခု၏ အချုပ်အခြာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဂျပန်အစိုးရ အခက်အခဲနှင့် ရင်ဆိုင်နေရ

**တိုကျို အောက်တိုဘာ ၃**

ရုရှားနှင့်ငြိမ်းချမ်းရေးစာချုပ်မချုပ်ဆိုမီ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၄င်း၏အစိုးရသည့် ရုရှားတို့သိမ်းပိုက်ထားသော ကျွန်းလေးခု၏အချုပ်အခြာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ခက်ခဲသောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း အင်န်အိတ်ချ်ကေ သတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။


အောက်လွှတ်တော် ဒီမိုကရက်တစ် ပါတီ ကိုယ်စားလှယ်တစ်ဦး၏မေးမြန်း ချက်ကို ထိုသို့တုံ့ပြန်ဖြေကြားလိုက်ခြင်း ဖြစ်ကြောင်းသိရသည်။ ယခင်နိုင်ငံ ခြားရေး ဝန်ကြီး ဆီဂျီမဲ့ဟာရာက ယခင်က ရုရှားတို့သည် ကျွန်းလေးခုအနက် ဟာဘိုမိုင်နှင့် ရှိုကိုတန်ကျွန်းနှစ်ခုကိုပြန် လည်ပေးအပ်မည်ဟု ရည်ညွှန်းပြောဆိုခဲ့သည်။ ယင်းကျွန်းနှစ်ခုသည် မြောက်ပိုင်းအချုပ်အခြာဟု နာမည်ကြီးကြောင်း သိရသည်။

ရုရှားတို့က ကျွန်းလေးကျွန်းစလုံးကို အပိုင်သိမ်းပိုက်ထားခြင်းနှင့်ပတ်သက်ပြီး ဂျပန်တို့က မကျေမနပ်ဖြစ်နေကြောင်း သိရသည်။ အာဘေးက ကျွန်းလေးကျွန်းစလုံးသည် ဂျပန်အချုပ်အခြာပိုင်များဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရအနေဖြင့် ကျွန်းများ၏အချုပ်အခြာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဖြေရှင်းသွားမည်ဖြစ်ပြီး ရုရှားနှင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျပန်ဇီဝဗေဒပညာရှင် ဇီဝကမ္မဗေဒသို့မဟုတ် ဆေးပညာနှင့်ပတ်သက်ပြီး ၂၀၁၆ နိုဘယ်လ်ဆုရရှိ



**တိုကျို အောက်တိုဘာ ၃**

ဂျပန်ဇီဝဗေဒပညာရှင်သည် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနှင့်ပတ်သက်ပြီး နိုဘယ်လ်ဆုရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြသည်။ ယိုရှိနိုရီ အိုဆူမီသည် ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များပြိုကွဲပုံနှင့် ယင်းတို့ကိုယ်တိုင် ပြန်လည်ပြုပြင်ပြောင်းလဲသွားသည့် လုပ်ဆောင်သွားပုံနှင့်ပတ်သက်ပြီး ရှာဖွေဖော်ထုတ်နိုင်ခဲ့သည့်အတွက် ထိုသို့နိုဘယ်လ်ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုဆူမီသည် ချို့ယွင်းချက်ရှိသော ပရိုတိန်းများကို ဆဲလ်များက မည်ကဲ့သို့ စွန့်ထုတ်သွားသနည်းဆိုသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ထို့အပြင် မလိုအပ်သည်များကို စွမ်းအင်အဖြစ် မည်သို့မည်ပုံပြောင်းလဲသွားကြောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် နိုဘယ်လ်ဆုရရှိခဲ့ခြင်းဖြစ်သည်။

၄င်းသည် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနှင့်ပတ်သက်ပြီး နိုဘယ်လ်ဆုရရှိခဲ့သည့် လေးယောက်မြောက် ဂျပန်လူမျိုးဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ဆာတိုရှိ အိုမူရာက ယင်းကဲ့သို့သော နိုဘယ်လ်ဆုကို ရရှိခဲ့သည်။ ဂျပန်နိုင်ငံတွင် မွေးဖွားသော စုစုပေါင်းလူ ၂၅ ဦးသည် နိုဘယ်လ်ဆုများ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တာလီဘန်တိုက်ခိုက်ရေးသမားများ အာဖဂန်မြောက်ပိုင်း ကွန်ဒုဇ်မြို့ကို ညလုံးပေါက်တိုက်ခိုက်



**ကဘူးလ် အောက်တိုဘာ ၃**

တာလီဘန်တိုက်ခိုက်ရေးသမားများသည် အာဖဂန်မြောက်ပိုင်း ကွန်ဒုဇ်မြို့ကို ညလုံးပေါက်တိုက်ခိုက်ခဲ့ကြပြီး ကျေးလက်ဒေသများသို့ ဝင်ရောက်လာကြကာ ပြင်းထန်သော တိုက်ခိုက်မှုများကို ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ကွန်ဒုဇ် ၈၀၈ တန်ဒါရဲနယ်မြေ၏ တပ်မှူး ရှီးယားအလီခါမာဝယ်က တိုက်ခိုက်မှုများသည် ညသန်းခေါင်အချိန်တွင် ဖြစ်ပွားခဲ့ပြီး မြို့ထဲနှင့် အနီးဝန်းကျင်ဒေသများတွင် ဆက်လက်ဖြစ်ပွားနေကြောင်း ပြောကြားခဲ့သည်။ တာလီဘန်တိုက်ခိုက်ရေးသမားအချို့သည် ကတုတ်ကျင်းများကို ၄င်းတို့ကိုယ်တိုင် တည်ဆောက်ခဲ့ကြောင်း ပြောခဲ့သည်။

တာလီဘန်တိုက်ခိုက်ရေးသမားများသည် ကွန်ဒုဇ်အနီးဝန်းကျင်ဒေသများတွင် တန်းစီ၍ခံစစ်ပုံစံများပြုလုပ်ကာ နောက်ပိုင်းတွင် မြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မြို့ထဲရှိ မျက်မြင်သက်သေများက ပြောခဲ့သည်။

နေတိုးဦးဆောင် တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကဘူးလ်မြို့ရှိ ဗိုလ်မှူးချုပ် ချားစ်ကလီဗီးလန့်က ကွန်ဒုဇ် တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး အစီရင်ခံစာများရရှိခဲ့သော်လည်း အဓိက တာလီဘန်ထိုးစစ်၏ သက်သေများ မတွေ့ရသေးကြောင်း ပြောကြားခဲ့သည်။

သက်သေများကို စောင့်မနေဘဲ ကွန်ဒုဇ်အတိုက်ခံရသည့် သတင်းအစီရင် ခံစာနှင့်ပတ်သက်ပြီး တုံ့ပြန်မှုများ ဆောင်ရွက်သင့်ကြောင်း ၄င်းက အီးမေးလ်တွင် ဖော်ပြခဲ့သည်။

ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မော့ဖ်ဖိုဆူလာ အက်ခ်ဘာရီက လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် တာလီဘန်တိုက်ခိုက်ရေးသမားများကို မောင်းထုတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ တာလီဘန်တိုက်ခိုက်ရေးသမားများမှာ အရပ်ဘက်အိမ်များထဲတွင်ရှိနေသောကြောင့် သတိကြီးစွာထား၍ စစ်ဆင်ရေးများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၄င်းကပြောကြားခဲ့သည်။

**(ရိုက်တာ)**

# တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှု တန်ရာတန်ကြေးပေးဆောင်ရမယ်တဲ့လား

**တင်လင်းအောင်**

**အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားအား တန်ပြန်ထိုးစစ်ဆင်ကာကွယ်ရန်အတွက် အဆင့်မြင့်ဒုံးကာကွယ်ရေးစနစ်တစ်ခုကို တပ်ဆင်ရန် ၎င်းတို့၏ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး တန်ရာတန်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း တရုတ်ထိပ်တန်းသတင်းစာတစ်စောင်တွင် ဖော်ပြပါရှိသည်။**



မြောက်ကိုရီးယား၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်ခြင်းနှင့် ငါးကြိမ်မြောက်အကြီးဆုံး နျူကလီးယားစမ်းသပ်မှုအပြီး ကိုရီးယားပင်နီဆူလာကျွန်းဆွယ် တင်းမာမှုသည် ယခုနှစ်တွင် ပိုမိုမြင့်တက်လာခဲ့သည်။

ဇူလိုင်လက မြောက်ကိုရီးယား၏ နျူကလီးယား ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်ရန်အတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် တက်ဒ်စနစ်တစ်ခု ဖြန့်ကြက်ရန် သဘောတူညီခဲ့ကြသည်။ တက်ဒ်စနစ် ဖြန့်ကြက်ရေးကို ဖြစ်နိုင်သမျှ ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရှေ့အာရှဆိုင်ရာ ထိပ်တန်း အမေရိကန်သံတမန် တစ်ဦးက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုကို အမီလိုက်နိုင်ရေး တက်ဒ်စနစ်ကို အမှန်တကယ် ဖြန့်ကြက်ဖို့လိုကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ တပ်မှူး ဂရေးရိုစ့်က ပြောကြားခဲ့သည်။

ယင်းသို့ ဒုံးလက်နက်စမ်းသပ်ခြင်းကို မြောက်ကိုရီးယားက နိုင်ငံအား ကာကွယ်ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သော်လည်း ၎င်းကိုကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်မပြုခဲ့ပေ။ သို့သော်လည်း စက်တင်ဘာ ၂၃ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားဒုံးလက်နက် စမ်းသပ်ခြင်းများကို နိုင်ငံတော်ကာကွယ်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယား၏ နိုင်ငံတော်မူဝါဒသည်ပင်လျှင် နျူကလီးယားမူဝါဒပင်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားတပ်ဖွဲ့ကြီးအား အင်အားပိုမိုတောင့်တင်းရန် အရေအတွက်ရော အရည်အချင်းပါ ပြည့်နေစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တောင်ကိုရီးယားသည် တက်ဒ်စနစ်ဖြန့်ကြက်ရေးကို ဂေါက်ကွင်းတစ်ခုတွင် ပြုလုပ်ဖွယ်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

သို့သော်လည်း ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး တရုတ်က ဒေါသထွက်လျက်ရှိကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် တက်ဒ်စနစ်ဖြန့်ကြက်ခြင်းဖြင့် တရုတ်နိုင်ငံ၏ လုံခြုံရေးအား ထိပါးသလို ဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

တရုတ်သတင်းစာ တစ်စောင်ဖြစ်သော ပြည်သူ့နေ့စဉ် သတင်းစာက တက်ဒ်စနစ် ဖြန့်ကြက်ခြင်းအပေါ် တရုတ်နိုင်ငံ၏ဆန့်ကျင်မှုသည် ဘယ်တော့မှ ပြောင်းလဲသွားမည် မဟုတ်ကြောင်း၊ တက်ဒ်စနစ်သည် ဒေသတွင်းလုံခြုံရေးအား အပြင်းအထန် ခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားထားသည်။

တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ ၎င်း၏အကျိုးစီးပွားကို လွှမ်းမိုးနိုင်သော လုံခြုံရေးနှင့်ပတ်သက်ပြီး အထိခိုက်မခံနိုင်ကြောင်း ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်နှင့် တောင်ကိုရီးယားတို့ စိုးရိမ်ပူပန်နေရလောက်သည်အထိ ကိုရီးယား၏ပင်နီဆူလာကျွန်းဆွယ်တွင် မည်သည့်ဘေးအန္တရာယ်မှ မဖြစ်ပေါ်နိုင်ကြောင်း ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

အကယ်၍ အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် တရုတ်အပါအဝင် ဒေသတွင်းနိုင်ငံများ၏ မဟာဗျူဟာမြောက် လုံခြုံရေးကို ထိပါးနှောင့်ယှက်လာမည်ဆိုပါက ၎င်းတို့အနေဖြင့် တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ဖြစ်ကြောင်းနှင့် တန်ပြန်ထိုးနှက်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်ကြောင်း ယင်းသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

တက်ဒ်စနစ်ဖြန့်ကြက်ရန် ဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးကတည်းက တရုတ်နိုင်ငံအနေဖြင့် ယင်းစနစ်ကို တားဆီးရန်အတွက် ရှေ့တိုးလုပ်ဆောင်မှုများ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း မည်သည့်နည်းလမ်းများဖြင့် တားမြစ်သွားမလဲ ဆိုသည်ကိုတော့ အသေးစိတ် မဖော်ပြခဲ့ပေ။

အမေရိကန်နှင့် တောင်ကိုရီးယားတို့က တက်ဒ်စနစ်သည် တရုတ်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံတစ်ခုတည်းကိုသာ ဦးတည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၏ အရေးအကြီးဆုံး သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးမိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်သော်လည်း နျူကလီးယားစမ်းသပ်ခြင်းကို ဆန့်ကျင်ရန်အတွက် ကုလသမဂ္ဂ၏ ပြင်းထန်သော အရေးယူပိတ်ဆို့မှုများတွင် တရုတ်နိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည်။

**ဒုံးလက်နက်စမ်းသပ်ခြင်းကို မြောက်ကိုရီးယားက နိုင်ငံအားကာကွယ်ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သော်လည်း ၎င်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်မပြုခဲ့ပေ။ သို့သော်လည်း စက်တင်ဘာ ၂၃ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားဒုံးလက်နက်စမ်းသပ်ခြင်းများကို နိုင်ငံတော်ကာကွယ်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့**

**(ဂါးဒီးယန်း - ၁-၁၀-၂၀၁၆)**

## လေထုညစ်ညမ်းမှုများ ပေကျင်းနှင့် ပတ်ဝန်းကျင်ဒေသများတွင် ဆက်လက်ဖြစ်ပွား



**ပေကျင်း အောက်တိုဘာ ၃**

ဆိုးရွားလှသည့် လေထုညစ်ညမ်းမှုများသည် ပေကျင်းနှင့်ပတ်ဝန်းကျင်ဒေသများတွင် ဆက်လက်ဖြစ်ပွားနေပြီး ယင်းလေထုညစ်ညမ်းမှုများသည် အောက်တိုဘာ ၄ ရက်အထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း မြို့တော်မိုးလေဝသဗျူရိုက အောက်တိုဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

မိုးလေဝသဗျူရို၏ ပေးပို့သောသတင်းများအရ ပီအမ် ၂ ဒသမ ၅ ဟုခေါ်သော အလွန်အန္တရာယ်ရှိသည့် အမှုန်များသည် ပေကျင်းတွင် သိုင်းခြုံလျက်ရှိပြီး ယင်းအမှုန်များသည် ၁၀၀မှ ၂၀၀ မိုက်ခရိုဂရမ် ထုထည်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက်တွင် ယခုနှစ်၏ ဒုတိယအကြိမ်အဖြစ် လေထုညစ်ညမ်းမှုဆိုင်ရာ အဝါရောင်အန္တရာယ်သတိပေးမှုကို ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် လဟာပြင်အသားကင်ဆိုင်များဖွင့်ခြင်းကိုလည်း တားမြစ်ထားသည်။

မိုးလေဝသနှင့် ဇလဗေဒဌာနပညာရှင်များက တရုတ်နိုင်ငံမြောက်ပိုင်းတွင် ဆောင်းဦးရာသီနှင့် ဆောင်းရာသီများတွင် လေထုညစ်ညမ်းမှုများ ပိုမိုခံစားရနိုင်ကြောင်း ခန့်မှန်းထားသည်။

တရုတ်နိုင်ငံတွင် ရာသီဥတုနှင့်သက်ဆိုင်ပြီး အန္တရာယ်သတိပေးမှု လေးဆင့်ရှိကာ ယင်းတို့မှာ အနီရောင်၊ အဝါရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်တို့ဖြစ်ကြပြီး အနီရောင်သည် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကြီးချောင်းရေတိုက်စားမှုကြောင့် ထမင်းချက်ကျေးရွာမြေနေရာသစ်အား မဲစနစ်ဖြင့်ချထားပေး



**စေတုတ္တရာ အောက်တိုဘာ ၃**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ ထမင်းချက်ကျေးရွာမှ ဒေသခံပြည်သူများသည် ကြီးချောင်းရေတိုက်စားမှုအန္တရာယ်ကြောင့် ပြောင်းရွှေ့နေထိုင်ရန်အတွက် မြေနေရာချထားပေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်၊ ကျေးရွာပြောင်းရွှေ့ရေးလုပ်ငန်း ကော်မတီများမှ ဌာနဆိုင်ရာဝန်ထမ်းများက ထမင်းချက်ကျေးရွာမှ ဒေသခံပြည်သူ ၆၈ အိမ်ထောင်စုအတွက် သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာသစ်မြေနေရာအား မဲစနစ်ဖြင့် တစ်အိမ်ထောင်လျှင် (၈၀ × ၆၀) ပေ အိမ်ဝိုင်းမြေတစ်ကွက်စီ မြေနေရာများကိုချမှတ်ပေးခဲ့သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းသည့် ထမင်းချက်ကျေးရွာမြေနေရာသစ် ၂၃ ဒသမ ၈၆ ဧကအတွက် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀နှင့် ဒီဇယ်ဂါလန် ၃၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၈)မှ ယာဥ်ယန္တရားကြီးများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစ်ကြီးနားခရိုင် လူငယ်မူဝါဒဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၃**
မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒ ပေါ်ပေါက်လာစေရန် ကချင်ပြည်နယ်အတွင်းရှိ လူငယ်များ၏ အခက်အခဲများအား ဖြေရှင်းနိုင်ရန်နှင့် လူငယ်ရပိုင်ခွင့်များ အပြည့်အဝရရှိစေရန် နိုင်ငံတော်၏ အခန်းကဏ္ဍများတွင် လူငယ်များ ပိုမိုပါဝင်ခွင့် မြင့်မားလာစေရန်အတွက် ရည်ရွယ်ပြီး မြစ်ကြီးနားခရိုင် လူငယ်မူဝါဒဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ရှမ်းမျိုးနွယ်စုရေးရာဓမ္မာရုံ၌ စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်နယ် လူမှုဝန်ထမ်းရုံး ပြည်နယ်ဦးစီးမှူး ဦးအောင်စိုးက အမှာစကားပြောကြားပြီး လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်ကြောင်း သိရသည်။

"ကချင်ပြည်နယ် လူငယ်မူဝါဒ ရေးဆွဲချင်လို့ မူဝါဒရေးဆွဲတဲ့နေရာမှာ အပိုင်း(၂)ပိုင်းရှိပါတယ်။ ပထမအချက်က ပြည်နယ်ရဲ့လူငယ်မူဝါဒကို ရေးဆွဲဖော်ဆောင်မယ်။ ဒုတိယအချက်က တစ်နိုင်ငံလုံးရဲ့ လူငယ်မူဝါဒကို ရေးဆွဲဖော်ဆောင်ဖို့အတွက် ဖြစ်ပါတယ်။ ဘာကြောင့်ရေးဆွဲလည်းဆိုတော့ လူငယ်တွေရဲ့အခွင့်အရေးရရှိဖို့ အရင်တုန်းက လူငယ်မူဝါဒမရှိခဲ့ဘူး။ အခွင့်အရေးလည်း မရှိခဲ့ဘူး။ တကယ်ခံစားနေရတာက လူငယ်တွေပဲဖြစ်တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာဆိုရင် လူငယ်တွေမှာ ပြောခွင့်ဖိတ်ခေါ်မှုတွေမရှိခဲ့ဘူး။ ဒီလိုနေရာတွေမှ လူငယ်တွေ အလွန်လိုအပ်နေတယ်။ ကဏ္ဍပေါင်းစုံကလူငယ်တွေရဲ့ အသံကိုစုစည်းပြီး အစိုးရကိုတင်ပြသွားမယ်။ လူငယ်တွေအနေနဲ့လည်း နိုင်ငံတော်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး နိုင်ငံတော်အတွက် ကောင်းကျိုးဖြစ်လာအောင် ဒီမူဝါဒကိုရေးဆွဲရခြင်းဖြစ်ပါတယ်"ဟု ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်သမဂ္ဂ(Ecအဖွဲ့ဝင်) မဆိုင်းနူးပန်က ပြောသည်။

" ဒီအလုပ်ရုံဆွေးနွေးပွဲမှ CSO၊ NGO၊ INGO တိုင်းရင်းသားပေါင်းစုံလူငယ်တွေ နိုင်ငံရေးပါတီတွေမှ လူငယ်တာဝန်ခံတွေ တက်ရောက်ပြီး လူငယ်နှင့်စီးပွားရေး၊ လူငယ်နှင့်ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ တရားဥပဒေစိုးမိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အခွင့်အရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်း၊ မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဥ်ကျေးမှုဘာသာရေး ခေါင်းစဥ်(၉)မျိုးနဲ့ ဆွေးနွေးသွားပြီးမှ ထွက်ပေါ်လာမယ့်အချက်တွေကို ပြည်နယ်လူငယ်မူဝါဒ ထွက်အောင်လုပ်မယ်။ ပြီးရင် ပြည်နယ်အဆင့်ကော်မတီဝင် ၁၂ ဦးဖွဲ့ပြီး နေပြည်တော်ကို သွားရောက်ဆွေးနွေးမှုတွေပြုလုပ်သွားဖို့ရှိပါတယ်။ လက်ရှိပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရအဖွဲ့အနေနဲ့ လူငယ်တွေရဲ့အသံကို နားထောင်ပေးဖို့ လူငယ်တွေကို လက်တွဲခေါ်ဆောင်ပေးဖို့ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းရုံး ပြည်နယ်ဦးစီးမှူး ဦးအောင်စိုး၊ ကချင်တစ်မျိုးသားလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့(Ec အဖွဲ့ဝင်)ဒေါ်ဆိုင်းနူးပန်လူငယ်မူဝါဒ ရေးဆွဲရေးဆိုင်ရာ ကော်မတီဝင် အောင်ငွေစိုး၊ စိုင်းကျော်ဦး ကော်မတီဝင်များ၊ CSO၊ NGO၊ INGO၊ UNFPA၊ တိုင်းရင်းသား ပေါင်းစုံလူငယ်များ၊ နိုင်ငံရေးပါတီများမှ လူငယ်တာဝန်ခံများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **မင်းရာဇာ**

# မကျည်းမြောင်တံတား ရေတိုက်စားခံရ၍ ယာဉ်အသွားအလာ ယာယီပိတ်ထား



**ရေတာရှည် အောက်တိုဘာ ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့နှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကိုးပင်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်ကားလမ်းပိုင်း မိုင်တိုင် ၅/၇ နှင့် ၆/၀ အကြားရှိ မကျည်းမြောင်ချောင်းတံတားသည် အောက်တိုဘာ ၂ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ကာ ချောင်းရေတိုက်စားမှုကြောင့် မြေထိန်းကမ်းပါးများပြိုကျသွားခဲ့ပြီး လမ်းတစ်ဖက်တစ်ချက် နှစ်ပေခန့်စီသာ ကျန်ရှိတော့၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ယာဉ်အသွားအလာ ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါတံတားမှာ စက်တင်ဘာ ၁၆ ရက်က ချောင်းရေတိုက်စားမှုကြောင့် ကျိုးကျသွားခဲ့၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးမာသောင်းနှင့်အဖွဲ့က ယာယီဘေလီသံပေါင်တံတား ထိုးထားခဲ့ရခြင်းဖြစ်ပြီး ယခုကဲ့သို့ ထပ်မံပိတ်ထားလိုက်ရသည့်အတွက် တောင်ငူ-ပြည်ယာဉ်ငယ်လိုင်းများအနေဖြင့် အခက်အခဲများကြုံတွေ့ရနိုင်ကြောင်း သုံးသပ်မှုများ လည်းရှိနေသည်။

ရိုးမဖြတ်ကျော်ကားလမ်းပိုင်းသည် အထက်သိုင်းနယ်၊ အောက်သိုင်းနယ် ကျေးရွာများမှ ဒေသထွက်ကုန်များ တင်ပို့ခြင်းအပြင် တောင်ငူ-ပြည်-တောင်တွင်း-အောင်လံခရီးသည် ယာဉ်ငယ်လိုင်းများ ပြေးဆွဲလျက်ရှိသည့် အချက်အချာကျသည့် လမ်းပိုင်းလည်း ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်

(က) တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊
(ခ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
(ဂ) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊
(ဃ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊
(င) ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး။

## ( ၂၂ )ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုံမင်းအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) ခိုင်ပန်းစုံ (ယိုးဒယား)
(င) အောင်မြေမြမန်း (ပတ်ပျိုး)
(စ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဆ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(ဇ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) တောမြိုင်စွန်း (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) နတ်ရှင်နောင် (ကာလပေါ်) (ပြည်လှဖေ)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ရှင်သီဝလိ (ကာလပေါ်) (ပြည်လှဖေ)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) သောင်းရွှေလယ် (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) ဓမ္မစကြာ (ကာလပေါ်) (ဒေါ်ကြည်အောင်)
(ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

**၅။ အခြေခံပညာ (၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဇေယျာမြို့ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)(ဒေါ်မေရှင်)
(ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

# မှုခင်းပညာပေးပြခန်းယာဥ်ဖြင့် မြို့နယ်အတွင်းလှည့်လည်ပြသ

**ပျဉ်းမနား အောက်တိုဘာ ၃**
နေပြည်တော်ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း၌ အောက်တိုဘာ ၃ ရက်နံနက်ပိုင်းက နေပြည်တော်ရဲတပ်ဖွဲ့မှူး မှုခင်းပညာပေးပြခန်းယာဥ်ဖြင့် မြို့နယ်အတွင်း လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဥ်၌ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး၊ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတပ်ဖွဲ့များမှ တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌လည်းကောင်း၊ တောင်သာရပ်ကွက်၌လည်းကောင်း၊ ပျဉ်းမနားမြို့အထက(၁)ကျောင်းဝင်းအတွင်း၌လည်းကောင်း မှုခင်းအသိပညာပေးဟောပြောခြင်း၊ ဖျော်ဖြေရေးအဖွဲ့မှ သီချင်းဆိုဖျော်ဖြေခြင်း၊ လက်ကမ်းစာစောင်များ၊ ဖြန့်ဝေခြင်းများဆောင်ရွက်ရာ လာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားခဲ့သည်။
**မျိုးဇေယျာ (ပျဉ်းမနား)**



# ကားတာယာများ တင်ဆောင်လာသော ခြောက်ဘီးယာဉ်တိမ်းမှောက်



**မိုးညှင်း အောက်တိုဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ စစ်မှုထမ်းဟောင်း ဝန်ထမ်းအိမ်ရာအနီး ကားတာယာဘီးအဟောင်းများ တင်ဆောင်လာသော ခြောက်ဘီးယာဉ်သည် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းမှာ ဒဏ်ရာများရရှိခဲ့သဖြင့် မိုးညှင်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီခွဲခန့်က ဖားကန့်မှ ကားတာယာဘီးအဟောင်း ၁၉ ဘီး တင်ဆောင်လာသည့် ယာဉ်အမှတ် 8J/---- ခြောက်ဘီးယာဉ်ကို မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကံလှရပ်ကွက်နေ ယာဉ်မောင်း ညီညီဇော်(၂၃နှစ်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အောင်သာကုန်းကျေးရွာနေ ယာဉ်နောက်လိုက် နိုင်လင်းဦး(၂၀နှစ်)တို့ မောင်းနှင်လိုက်ပါလာပြီး ဆယ်မိုင်ကျေးရွာမှ ထွက်ခွာလာစဉ် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၁၇၇/၂)နှင့် (၁၇၇/၃)ကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ညီညီဇော်တွင် ဒဏ်ရာများရရှိ၍ မိုးညှင်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုးညှင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်မောင်းကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# လှိုင်သာယာ ကျန်စစ်သားအိမ်ရာ၌ မီးပိတ်ခိုင်းရာမှ ဓားထိုးမှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၃**

လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာရှိ ဓမ္မရတနာလမ်း တိုက်(၂၉)၌ အောက်တိုဘာ ၃ ရက် နံနက် ၅ နာရီက လျှပ်စစ်မီးပိတ်ခိုင်းရာမှ လူငယ်နှစ်ဦး စကားများရာ၍ ဓားထိုးမှုဖြစ်ပွားကာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၅ နာရီက ကျန်စစ်သားအိမ်ရာ ဓမ္မရတနာလမ်းရှိ တိုက်(၂၉)၌ ဖွင့်လှစ်ထားသည့် စက်ဘီးပြင်ဆိုင်၌ လုပ်ကိုင်နေသော မောင်မောင်မြတ်(၂၀နှစ်)အား လျှပ်စစ်မီးပိတ်ခိုင်းရာမှ စကားများရန်ဖြစ်ပြီး မောင်မောင်မြတ်က ဝေယံဝင်းမြင့်(၁၅နှစ်)ကို ဓားဖြင့်ထိုးခဲ့သည်။ ဝေယံဝင်းမြင့်မှာ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မောင်မောင်မြတ်မှာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကို လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး ဉာဏ်ဝင်းက ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# အမြန်လမ်း၌ ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းလယ်ကျွန်းဝင်တိုက်

**နေပြည်တော် အောက်တိုဘာ ၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘုရားကြီး အမြန်လမ်းရဲတပ်ဖွဲ့စခန်းပိုင် မိုင်တိုင်အမှတ်(၂၂၃/၆)နှင့်(၂၂၃/၇)ကြား၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း ဘုန်းမြင့်ကျော် မောင်းနှင်လာသော NISSAN GTR SALOON ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း၌ ကာထားသော ဘာရီယာတုံးကို တိုက်မိရပ်တန့်သွားခဲ့သည်။

ဖြစ်စဉ်ကြောင့် SALOON ယာဉ်တွင် ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၂၀ ခန့်ပျက်စီးသွားပြီး ယာဉ်မောင်းဘုန်းမြင့်ကျော်တွင် ဒဏ်ရာရရှိခဲ့၍ ၎င်းကို တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်းအား အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းမည်းများ သိမ်းဆည်းရမိ

**ရွှေကူ အောက်တိုဘာ ၃**

ကချင်ပြည်နယ် ရွှေကူမြို့မရဲစခန်းအပိုင် (ဝါတောင်ဝါးခုတ်စခန်း) တောလမ်းနံဘေးတွင် ဘိန်းမည်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရွှေကူမြို့မရဲစခန်းမှ ဒုရဲမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းအရ ဝါတောင်ဝါးခုတ်စခန်းလမ်းနံဘေး၌ ဒေါ်ခင်ညွန့်ကို စစ်ဆေးရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၂၈ပြားနှင့် ဘိန်းမည်း အစေး ၁၆ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာလ တတိယပတ်က ရွှေကူမြို့ရေပုံလေးရပ်ကွက်၌ နေထိုင်သူ ဒေါ်သင်းသင်းလှိုင်၏ ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅ ပြားနှင့် ရောင်းရငွေကျပ် ၃၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါး ရောင်းဝယ်သူ ဒေါ်ခင်ညွန့်နှင့် ဒေါ်သင်းသင်းလှိုင်တို့ကို ရွှေကူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နေလင်းအောင် (ရွှေကူ)**

# မြင်းမူမြို့နယ်၌ မော်တော်ယာဉ်တစ်စီး မီးလောင်

**မြင်းမူ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မန္တလေး-မုံရွာ ကားလမ်းနံဘေး မိုင်တိုင်အမှတ်(၄၁/၄)နှင့်(၄၁/ ၅)ကြား နဘဲကြူးကျေးရွာ ကားလမ်းကွေ့၌ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ မုံရွာဘက်သို့ ယာဉ်မောင်း ဦးဌေးမောင် မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာနေသူ မောင်းနှင်လာသော ယာဉ်အမှတ် MDY-4C/---- TOYOTA ယာဉ်သည် ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ညာဘက်ဘေးသို့ ထိုးကျကာ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသတင်းရရချင်း မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနဲ့ မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ ချက်ချင်းသွားရောက်ငြှိမ်းသတ်ခဲ့ပါတယ်။ ကားကတော့ လုံးဝပျက်စီးသွားပါတယ်"ဟု မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝေမင်းထွန်းက ပြောပြသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးဌေးမောင်ကို မြင်းမူမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

# ပြောက်အိုး၊ မီးရှူးမီးပန်း၊ ယမ်းထုပ်ရောင်းချနေမှုများအား စစ်ဆေးအရေးယူ

**တောင်တွင်းကြီး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ပြောက်အိုး၊ မီးရှူးမီးပန်း၊ ယမ်းထုပ် စသည်တို့ ရောင်းချနေမှုများအား ရှောင်တခင်ဝင်ရောက်စစ်ဆေးအရေးယူ ဆောင်ရွက်မှုများကို အောက်တိုဘာ ၂ ရက်က သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည် ။

ထိုသို့ စစ်ဆေးခဲ့ရာတွင် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ရွှေကြာအင်း(၂)ရပ်ကွက် မကွေးလမ်း မြို့မဈေးအနီးရှိ မခင်မေသင်း(၄၅ နှစ်)၏ ဇင်ယော်စတိုးမှ အရိုးခေါင်း ပြောက်အိုးအထုပ် ၄၀ ပါကင် ၁၅ ထုပ်၊ ပေသီးပြောက်အိုး ၁၁ထုပ်ပါ ပါကင် ၁၆ ထုပ်ကိုလည်းကောင်း၊ ရွှေကြာအင်း(၂)ရပ်ကွက် မကွေးလမ်းမှ ဦးရာဂျူး(၅၆နှစ်)၏ သမ္မာအာဇီဝစတိုးမှ ROMAN CANKLE တံဆိပ်ပါ အရှည်နှစ်ပေခွဲခန့်ရှိ ပြောက်အိုးတောင့် ၁၀ ချောင်း၊ Ring Color Ball တံဆိပ်ပါ အရှည်နှစ်ပေခွဲခန့်ရှိ ပြောက်အိုးတောင့် ၁၀ ချောင်း၊ အရှည်တစ်ပေခွဲခန့်ရှိ ပြောက်အိုးတောင့် ငါးချောင်းကိုလည်းကောင်း၊ ရွှေအိုး(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်းမှ မမဏိမေခလာ(၂၅ နှစ်)၏ သမ္မာအာဇီဝ(၂)စတိုးမှ အရှည်နှစ်ပေခွဲခန့်ရှိ အချက် ၅၀ ပါ မီးရှူးမီးပန်း ပြောက်အိုးတောင့် ၅၀၊ အရှည်သုံးပေခန့်ရှိ အချက် ၆၀ ပါ မီးရှူးမီးပန်း ပြောက်အိုးတောင့် ၅၈ ချောင်း၊ အရှည် နှစ်ပေသုံးလက်မခန့်ရှိ အချက် ၄၀ ပါ မီးရှူးမီးပန်း ပြောက်အိုးတောင့် ၆၀ ကို လည်းကောင်း၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ မကွေးလမ်းမှ မပြည့်ဖြိုးဝင်း (၃၀ နှစ်)၏ ပါရမီစတိုးမှ ပြောက်အိုးတောင့် အတိုအရှည် ကိုးချောင်း၊ ပြောက်အိုး ၁၀ ချောင်းပါ ငါးဘူး၊ ဂျင်ပြောက်အိုး ၂၅ လုံး၊ ၂၅ ချက်ပါ ပြောက်အိုးတောင့်နှစ်ခု၊ ဘောလုံးပုံ ပြောက်အိုး အလုံး ၃၀ ပါ တစ်ဘူး၊ ကျားခေါင်းတံဆိပ်ငါးဆင့် ပြောက်အိုးအလုံး ၂၀ ပါ ၁၅ ဘူး၊ တစ်ချက်ပေါက် ပြောက်အိုး အလုံး ၄၀ ပါနှစ်ထုပ်ကို လည်းကောင်း၊ ရွှေအိုး (၁)ရပ်ကွက်မှ မညိုညိုဝင်း (၃၅ နှစ်)၏ နေအိမ်ဈေးဆိုင်မှ ပြောက်အိုး မီးရှူးအရှည်အချောင်း ၂၀၊ အတို အချောင်း ၅၀၊ လေးချက်ပေါက် ပြောက်အိုး ၁၀ လုံးပါ နှစ်ထုပ်၊ နှစ်ချက်ပေါက် ပြောက်အိုး ၁၀ လုံးပါ ငါးထုပ်တို့ကိုလည်းကောင်း စစ်ဆေးတွေ့ရှိသဖြင့် တရားဝင်ခွင့်ပြုထားခြင်း မရှိသည့် ပြောက်အိုး၊ မီးရှူးမီးပန်း၊ ယမ်းထုပ် စသည်တို့ကို ဖြန့်ဖြူးရောင်းချသူများအား တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဗိုလ်ပြည့်(တောင်တွင်းကြီး)**

# ကျောက်တံခါးမြို့၌ မီးအားမြှင့်စက် အပူလွန်ကဲ၍ နေအိမ်တစ်လုံးမီးလောင်

**ကျောက်တံခါး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းတောင်ရပ်ကွက် အားကစားလမ်းနေ ဦးစိုးပိုင်(၂၃နှစ်)၏နေအိမ်၌ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မီးအားမြှင့်စက် အပူလွန်ကဲပြီး မီးလောင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစိုးပိုင်၏ နေအိမ်အောက်ထပ်ရှိ ဗဟိုမီးအားမြှင့်စက် ဝပ်သုံးထောင်မှ အပူလွန်ကဲကာ မီးလောင်ခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်ခဲ့ကာ မွန်းလွဲ ၂နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး မီးလောင်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိသော်လည်း နေအိမ်အပေါ်ထပ် မီးလောင်ပျက်စီးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးစိုးပိုင်ကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ သဲဖြူဝကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာမှ ဦးမောင်မြင့်၏သမီး ဒါးကျွန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မယဉ်နွယ်ကျော့နှင့် မယဉ်ယဉ်အေးမှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ အထက(ခွဲ) မိုးမိတ်တက္ကသိုလ်ဝင်တန်း(ဂ)မှ မဂျူးဂျူးကျော်၏ ဖခင်အမည်မှန်မှာ ဦးဆန်ဆိုင် ၁၃/မမတ(နိုင်)၀၃၇၃၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဌေးမင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ၅/ခဥတ(နိုင်)၀၇၁၃၁၇ ဖြစ်ပါကြောင်း။


၂၀၁၆(၁၀)တန်းအောင်မြင်ပြီးသူများပညာရေးဝန်ကြီးဌာနမှအပ်နှင်းမည့်
ကွန်ပျူတာအင်ဂျင်နီယာ B.E.(Hons) ဘွဲ့ရယူနိုင်ပြီး
ဦးတိုးကျော်(အင်္ဂလိပ်စာ)ဦးစီးသင်ကြားသော
ကံ့ကော်ရိပ် ခန်းသွင်းတော်ဒါ
မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (MIIT) ကွန်ပျူတာအင်ဂျင်နီယာ B.E.(Hons) ဘွဲ့ဝင်ခွင့်
ရန်ကုန်တိုင်းလှည်းကူးမြို့တွင်ဖွင့်ပြီ
အောက်တိုဘာ(၁၀)ရက်နေ့စမည်။
ဘာသာစုံ၊ဆရာစုံဖြင့်မေးခွန်းပုံစံအတိုင်းပြည့်ပြည့်စုံစုံအချိန်ပြည့်သင်ကြားသည်။
အင်္ဂလိပ်စာရေး၊ဖတ်၊ပြော၊ဘာသာပြန်ပူးတွဲသင်ကြားသည်။ နယ်ကျောင်းသားများအတွက်
လျှောက်လွှာတင်၊စာမေးပွဲဖြေဆိုသင်ကြားရေး၊နေရေး၊စားရေးအစအဆုံးဆောင်ရွက်ပေးသည်။
သီတာအေးလမ်း၊ဖောင်ကြီးတာဆုံအနီး၊လှည်းကူးမြို့၊ဖုန်း – ၀၉ ၂၆၁၅၁၇၆၅၁



ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
အောက်တိုဘာ (၃/၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(နန်းတော်ရပ်)တက္ကသိုလ်ဝင်တန်း(A)မှ မယဉ်ယဉ်ဦး၏ဖခင်အမည်မှန်မှာ ဦးအောင်မြတ် ၈/ပခက(နိုင်)၁၈၂၄၉၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(၂) နဝမတန်း(E)မှ မသက်ဖူးငုံနှင့် အမက(၉၈) ပထမတန်းမှ မသင်းပျံမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြဝင်းအောင် ၈/ပခက(နိုင်)၁၄၆၀၉၉ ဖြစ်ပါကြောင်း။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လက်ပန်တန်းမြို့၊ မင်းရပ်ရပ်ကွက်၊ ဆရာစံလမ်း၊ လမ်းသွယ်(၆)နေ ဦးတင်အောင်-ဒေါ်ခင်မြင့်တို့၏သမီး၊ မသီတာ ၇/ဖမန(နိုင်)၀၀၀၄၃၀သည် ၂၁-၉-၂၀၁၆ ရက်တွင် မိဘတို့၏ ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့် လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်အောင်-ဒေါ်ခင်မြင့်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**အောင်လံမြို့နယ်တရားရုံးတော်**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၇**

ဦးကျော်ကျော်နိုင် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးအောင်ခင်ဆင့်) နှင့် ၁။ ဦးလှတိုး ၂။ ဒေါ်သူဇာဌေး

တရားလို — တရားပြိုင်များ

အောင်လံမြို့၊ ဈေးကုန်းရပ်ကွက်တွင် နေထိုင်သော ဦးလှတိုး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်ပါ မြေကွက်မအပ်၍ မြေကွက်ရောင်းဖိုးငွေ ၆၀၀၀၀၀ ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုပြုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရဇော်)
ဒုတိယမြို့နယ်တရားသူကြီး
အောင်လံမြို့နယ်တရားရုံး



# တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်ပွဲယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၃**

ဟော်ကီအားကစားနည်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဟော်ကီအသင်းများသာရှိနေရာမှ အရပ်သားများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်သို့ ဟော်ကီအားကစားနည်းပိုမိုပြန့်ပွားလာစေရေးနှင့် အနာဂတ်နိုင်ငံကိုယ်စားပြု လက်ရွေးစင်အသင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများပါဝင်လာစေရေးအတွက် ရည်ရွယ်ကာ ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်၊ ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်း၊ ကယား၊ ရခိုင်၊ ရှမ်း၊ ပဲခူး၊ ကချင်၊ မွန်၊ နေပြည်တော်အသင်းမှ အားကစားသမား ၁၅၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဂေါက်သီးအကျော်အမော်များယှဉ်ပြိုင်မည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်များ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၇ Leopalace21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို Asian Tour နှင့် Japan Golf Tour တို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Leopalace 21 က သုံးနှစ် ပံ့ပိုးကူညီရန် သဘောတူထားသောကြောင့် ၂၀၁၇ ပြိုင်ပွဲကိုလည်း ဆက်လက်ပံ့ပိုးမည်ဖြစ်ပြီး ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Asian Tour က အဓိက စီစဉ်သောကြောင့် နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်များ လာရောက်ယှဉ်ပြိုင်ဖွယ်ရှိနေပြီး ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက်လည်း ဖိတ်ကြားမှုများ ပြုလုပ်ထားသည်။

Asian Tour ကော်မရှင်အဖွဲ့ဝင် ဦးကြည်လှဟန်က "ကျွန်တော်တို့ရဲ့ အဓိကစပွန်ဆာဖြစ်တဲ့ Leopalace21 ရဲ့ ပံ့ပိုးကူညီမှုနဲ့ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီလမှာ ကျင်းပမှာ ဖြစ်တာကြောင့် ကျေနပ်ဝမ်းမြောက်ပါတယ်။ အခုပြိုင်ပွဲကို နိုင်ငံတကာမှ ဂေါက်သီးအကျော်အမော်တွေ လာရောက်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် မြန်မာ ဂေါက်သီးအားကစား ဝါသနာရှင်များအပြင် ကမ္ဘာတစ်ဝန်းမှ ပရိသတ်တွေ စောင့်ကြည့်အားပေးကြမှာပါ။ မြန်မာအိုးပင်းပြိုင်ပွဲကို အောင်မြင်အောင် စီစဉ်ပေးခြင်းကြောင့် မြန်မာအားကစားသမားတွေအနေနဲ့ ဂေါက်သီးအားကစားကို ပိုမိုကျွမ်းကျင်စွာ ကစားနိုင်အောင် ကြိုးစားလိုစိတ် တိုးပွားလာမှာပါ။ ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးကူညီတဲ့ Leopalace21 ကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

Japan Golf Tour Organization (JGTO) ဥက္ကဋ္ဌ အိစာအိုအာအိုခိက "မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲဟာ Asian Tour နဲ့ Japan Golf Tour တို့ ပူးပေါင်းကျင်းပတဲ့ ပြိုင်ပွဲဖြစ်တာကြောင့် အလွန်ထူးခြားပါတယ်။ အခုလို ကျင်းပတာဟာ ကျွန်တော်တို့အနေနဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေကျင်းပနိုင်ဖို့ အခြေခံအုတ်မြစ်တစ်ခု ချမှတ်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ မြန်မာကစားသမားတွေအတွက် အတွေ့အကြုံကောင်းရမယ့် ပြိုင်ပွဲဖြစ်တဲ့အပြင် Asian Tour နဲ့ လည်း ပိုမိုခိုင်မာတဲ့ ဆက်ဆံရေး ထူထောင်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကို ၁၉၉၇ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၁၇ ပြိုင်ပွဲမှာ (၁၄) ကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲဖြစ်သည်။

ပြိုင်ပွဲသက်တမ်းတစ်လျှောက် နိုင်ငံတကာ ဂေါက်သီးရိုက်ကစားသမားများသာ ဗိုလ်စွဲထားသော်လည်း ကမ္ဘာ့အဆင့်ရှိ ကစားသမားများနှင့် ယှဉ်ပြိုင်ရသောကြောင့် မြန်မာကစားသမားများအတွက် အကျိုးရှိသည့်ပြိုင်ပွဲတစ်ခုဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရွှေ ခြောက်၊ ငွေ ခြောက်၊ ကြေးသုံးခုတို့ဖြင့် အောင်ပွဲရ မန်းတိုင်းအသင်းအား ဂုဏ်ပြုဆုချီးမြှင့်

**မန္တလေး အောက်တိုဘာ ၃**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ် အောက် အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေခြောက်ခု၊ ငွေခြောက်ခု၊ ကြေးသုံးခု စုစုပေါင်း ၁၅ ခု ဆွတ်ခူးရရှိပြီး ပထမစုစုပေါင်း တံခွန်စိုက်ဒိုင်းဆုကြီးဖြင့် အောင်ပွဲရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်လက်ရွေးစင်အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီက မန္တလေး မြို့၃၅ လမ်းရှိ EMERALD Green Restaurant မြစိမ်းရောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းအုပ်ချုပ်သူ ဦးနန္ဒကျော်က ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားပြောကြားပြီး အောင်ပွဲရအသင်းမှ ပထမစုပေါင်းတံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပြန်လည်အပ်နှံသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရအသင်းအား ဆုငွေကျပ် ငါးသိန်းဂုဏ်ပြုချီးမြှင့်ပြီး ပြေးခုန်ပစ်မီတာ ၄၀၀၊ ၁၁၀ တန်းကျော်ပြေးပွဲတို့တွင် စံချိန်ချိုးခဲ့သော ရွှေတံဆိပ် သုံးဆုရှင် မောင်လွင်မိုးအား တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖြူလုံးက ဆုငွေကျပ် နှစ်သိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


'အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန' မှ ခွင့်ပြုလိုင်စင်ရရှိထားသော

**သုခစုစံ** - စက်မှုလက်မှုနှင့် ကျန်းမာရေးအကူ ကျွမ်းကျင်လုပ်သားထပ်တန်းကျောင်း မှပြည်တွင်း/ပြည်ပအလုပ်အကိုင်များ လွယ်ကူစွာရရှိပြီး လုပ်ငန်းခွင်ကျွမ်းကျင်စေရေးအတွက် "အခြေခံအင်ဂျင်နီယာသင်တန်း (BEC)" နှင့် "ကျန်းမာရေးအကူကျွမ်းကျင်သင်တန်းများ"ကို ပြည်တွင်း/ ပြည်ပအတွေ့အကြုံရင့်ဆရာ များဆေးရုံအုပ်ကြီး(ငြိမ်း)နှင့်ဆရာ ဝန်များ၊သူနာ ပြုဆရာမကြီးများမှ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် စာတွေ့၊ လက်တွေ့

◆ www.tkss.com.mm သင်ကြားလေ့ကျင့်ပေးရုံမျှမက လုပ်ငန်းခွင်သို့ပို့ဆောင်လေ့ကျင့်ပေးနေပါသည်။ ◆ Fb : tkssoverseaemployment

**သုခစုစံကုမ္ပဏီ** - ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။ ◆ Ph:(01) 377343, 377344, 385758



## ပျောက်ဆုံးကြောင်း

ဦးပေါင်လျင်တွောင်(ဘ)ဦးငင်ခင်ပေါင် ၅/တမန(နိုင်)၀၁၈၆၃၂၏မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၅၁၁၅၈၉၊ ၀၉-၂၆၅၄၃၅၀၀၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာ၊ အမှတ်(၉)သတ္တမတန်းမှ မစုမြတ်နိုးခင်၏ဖခင်ဦးလွမ်းဟိန်း(ခ)ဦးအောင်ကိုမင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးလွမ်းဟိန်း(ခ)ဦးအောင်ကိုမင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်ဆန်မြို့နယ်၊ ပန်နှင်းကျေးရွာနေ ဦးအိုက်ခွေး-ဒေါ်အေးနွမ်းတို့၏သမီး မအေးပင်(ခ)မခင်စိုးပိုင် ၁၃/နဆန(နိုင်)၀၆၄၈၃၉မှာ တစ်ဦးတည်း ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၂၅၈၀၊ HONDA WAVE NP 100 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နောင်စိုး ၁၄/ဝခမ(နိုင်)၁၅၅၉၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၄-၁၀-၂၀၁၆ ရက်မှ ၇-၁၀-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၁၀-၂၀၁၆ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

မိုးကောက်မြို့၊ အထက(ခွဲ)မိုင်းခတ် အဌမတန်းမှ မောင်လျှန်းခေးနှင့် စတုတ္ထတန်းမှ မမေယုဝတီတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဆိဖြစ်ပါသည်။

**ဦးထွန်းဆိ**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ကတော(အထက)(ခွဲ) နဝမတန်းမှ မောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၉/မခန(နိုင်)၀၇၅၃၅၈ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဦး**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက(သနပ်ပင်) တက္ကသိုလ်ဝင်တန်း(G)မှ မနန္ဒာခိုင်၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၇/သနပ(နိုင်)၀၃၄၇၈၈ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း**

## "ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာ မြစ်ချက်"

အမေရိကန်ပြည်ထောင်စု၊ 300 Renaissance Center, Detroit, Michigan 48265-3000 ရှိ Delaware ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော GENERAL MOTORS LLC သည် အောက်ပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

GMC

မှတ်ပုံတင်စာချုပ်အမှတ်-၆၁၈/၁၉၈၂

ယင်းအမှတ်တံဆိပ်ကို "**Motor Vehicles, automobiles, trucks and parts and accessories thereof, internal combustion engines and parts and accessories thereof**" စသည့် မော်တော်ယာဉ်အမျိုးမျိုး၊ ယာဉ်စက်ပစ္စည်းအမျိုးမျိုးတို့နှင့် စပ်လျဉ်း၍ အသုံးပြုလျက်ရှိပါသည်။

အဆိုပါတံဆိပ်အမှတ်အသားကို ပုံတူ သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်သုံးစွဲ ရောင်းချခြင်းများ၊ ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းများ တွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဝင်းမူတင်၊ M.A.,H.G.P.,D.B.L.,M.A. (Business Law)
(စဉ်-၁၉၂၇၆)၊ စာတိုက်သေတ္တာအမှတ်(၆၀)
အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ရန်ကုန်မြို့။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းမီးပြင်ဆင်လဲလှယ်ခြင်းအတွက်လိုအပ်သော မီးလုံးနှင့်မီးကြိုး ဆက်စပ်ပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | 250W Control Gear & Lamp(E40) (Ballast, Ignitor,Capacitor & Sodium Lamp) | 600 Set |
| (ခ) | 120W LED Spare Part (LED Module,Driver & Surge Protection Drvice) | 50 Set |
| (ဂ) | 4Cx25mm² Cu/XLPE/PVC Cable | 500 meter |
| (ဃ) | 1Cx6mm² Cu/PVC Wire | 1000 meter |

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၄-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၁၀-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအားရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန (လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဖြူးမြို့ဘိုးဘွားရိပ်သာ၌ကျင်းပ

**ဖြူး အောက်တိုဘာ ၃**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ဆောင်ပုဒ်ဖြစ်သည့် ဘိုးဘွားများအတွက် ရပ်တည်ဖို့ ပစ်ပယ်ခွဲခြားမှုများ ဆန့်ကျင်စို့ ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ဖြူး-အုတ်ဖြတ်ကားလမ်းဘေးရှိ ဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ ရက်က သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပသည်။




အခမ်းအနားတွင် ဖြူးမြို့ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာ စောင့်ရှောက်မှုကြီးကြပ်ရေးကော်မတီ၏ တစ်နှစ်တာလုပ်ငန်းအစီရင်ခံစာကို အမှုဆောင်တစ်ဦးက ရှင်း လင်းဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘိုးဘွား ၄၁ ဦးတို့အား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ဝတ်စုံကြေးများကိုပေးအပ်ပြီး အဘိုးအဘွားများအား အပတ်စဉ်၊ လစဉ်ကျန်းမာရေးစောင့်ရှောက်သည့် ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်များက ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းသည်။

**သတင်း-ဖြူးမြင့်ဦး**
**ဓာတ်ပုံ-သန့်ဇင်**



## ရဟန်းတော်များအား သာသနာ့ဝင် စိစစ်ရေးကတ်ပြားများဆက်ကပ်

**မုံရွာ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် သီတင်းသုံးဝါဆိုနေထိုင်ကြသော သာသနာ့ဝန်ထမ်းရဟန်းတော်များ၏ သာသနာ့ဝင်စိစစ်ရေးကတ်ပြားများ ပျက်စီး၊ ပျောက်ဆုံးမှုများအတွက် မိတ္တူထုတ်ပေးခြင်းနှင့် လုံးဝမပြုလုပ်ရသေးသော ရဟန်းများအတွက် သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ပြုလုပ်ဆက်ကပ်ခြင်းကို စက်တင်ဘာလနောက်ဆုံးပတ်က ယင်းကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်လာရောက်ကြည့်ရှုအားပေးကာ သာသနာ့ဝန်ထမ်း ရဟန်းတော်များအား သာသနာ့ဝင်စိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း-မုံရွာ**

## ကလောမြို့၏ မြို့အထိမ်းအမှတ်နာရီစင် ရတနာအုတ်မြစ်စီပွဲကျင်းပ

**ကလော အောက်တိုဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ကလောမြို့ မြို့အထိမ်းအမှတ်အဖြစ် တည်ဆောက်မည့် နာရီစင်ရတနာအုတ်မြစ်စီအခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က ကလောမြို့အမှတ် (၁၀)ရပ်ကွက် စစ်ဦးစီးတက္ကသိုလ်လမ်းဆုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးစိုင်းစွံဆိုင်းတို့က နာရီစင်တည်ဆောက်မည့် ရတနာအုတ်မြစ်အလယ်တွင် ပတ္တမြားရတနာကြုပ်ကို မြှုပ်နှံပေးခဲ့သည်။

အဆိုပါ နာရီစင်အားကလောမြို့နှင့် လိုက်ဖက်သင့်လျော်မည့် ကိုလိုနီခေတ်အဆောက်အအုံ ဒီဇိုင်းများအတိုင်းအလျား ၁၂ ပေပတ်လည်၊ အမြင့် ၄၅ပေ ၆ လက်မရှိ နာရီစင်ဖြစ်ပြီး နာရီစင်တစ်ခုလျှင် ကုန်ကျငွေကျပ်သိန်း ၄၀၀ နှင့် နှစ်ခုအတွက် ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းသုံး အိုင်စီတီပစ္စည်းဖြန့်ချိရေး ကိုယ်စားလှယ်အဖြစ် ဟွာဝေးမှ ကေအမ်ဒီ လုပ်ငန်းစုကို ရွေးချယ်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အိုင်တီပစ္စည်းဖြန့်ချိရေးကုမ္ပဏီ ကေအမ်ဒီကို ဟွာဝေး၏ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးလုပ်ငန်းသုံး အိုင်စီတီထုတ်ကုန်များဖြန့်ချိရေး ကိုယ်စားလှယ်သစ်အဖြစ် ခန့်အပ်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက်ကိုဦးတည်လျက် စက်တင်ဘာလကုန်ပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော ဟွာဝေး၏ မိတ်ဖက်လုပ်ငန်းဆိုင်ရာထိပ်သီး အစည်းအဝေး "Huawei Partner Summit" ပွဲအပြီးတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကဲ့သို့ ခန့်အပ်လိုက်ခြင်းဖြင့် ဟွာဝေးသည် ယင်း၏ ရှေ့လျှောက် စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် အဓိကထား လုပ်ဆောင်သွားရန်ကို အခိုင်အမာ ပြသလိုက်ခြင်းပင်ဖြစ်သည်။

ဟွာဝေး နည်းပညာ (ရန်ကုန်) ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ် Mr. Zhang Liman က "လတ်တလော ကမ္ဘာတစ်ဝန်းမှာ မြန်မာနိုင်ငံရဲ့ အိုင်စီတီကဏ္ဍဟာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာလျက် ရှိပါတယ်။ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ခြင်းလုပ်ငန်းတွေ အဆင့်မြင့်လာတဲ့အလျောက် ဈေးကွက်အတွင်း မိုဘိုင်းထိုးဖောက်လွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပြီး ဆက်သွယ်ရေးသတင်းအချက်အလက်ကို ကောင်းမွန်စွာ အသုံးချနိုင်တဲ့အတွက် အင်တာနက်သုံးစွဲသူ လူဦးရေ သိသိသာသာတိုးပွားလာလျက်ရှိသည်မှာ ဂုဏ်ယူစရာဖြစ်ပါတယ်။

"သို့သော်လည်း မြန်မာနိုင်ငံအနေနဲ့ အစိုးရပိုင်လုပ်ငန်းများနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာတို့အတွက် ဆန်းသစ်တဲ့ အိုင်စီတီနည်းပညာတွေကို လိုအပ်လျက်ရှိဆဲပါ။ ယင်းအစိတ်အပိုင်းတွေ ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးရာမှာ ပိုမိုအဆင်ပြေလွယ်ကူစေနိုင်ရေးတွက် လိုအပ်နေတဲ့ နိုင်ငံရဲ့ e-Government မွေးထုတ်ခြင်းကဲ့သို့ အကျိုးကျေးဇူးကောင်းများစွာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကျွန်တော်တို့ရဲ့မိတ်ဖက်လုပ်ငန်းရှင်တွေနဲ့သာမက အစိုးရနဲ့ပါ ပူးပေါင်းပြီး ဒစ်ဂျစ်တယ် တိုင်းပြည် ဖော်ဆောင်နိုင်ရေးကို အတူတကွ လုပ်ကိုင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

## သီပေါမီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**သီပေါ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြား၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက သင်တန်းကာလအတွင်း အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# တက္ကသိုလ်ပညာရေးခရီးတွင် မသန်စွမ်းသူများ၏ အခက်အခဲအား ကူညီရန်လိုအပ်နေ

**ရန်ကုန် အောက်တိုဘာ ၃**

မသန်စွမ်းသူများ၏ တက္ကသိုလ်ပညာရေးခရီးသည် အခက်အခဲအမျိုးမျိုးရှိနေသောကြောင့် အကူအညီများလိုအပ်နေကြောင်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် သမိုင်းဘာသာရပ် အထူးပြုဖြင့် အဝေးသင်ပထမနှစ် သင်ကြားနေသော ဝှီးချဲသုံး မသန်စွမ်းသူ မောင်မျိုးဝင်းထက်က ပြောသည်။

"မသန်စွမ်းသူတစ်ဦးအနေနဲ့ ကြိုးစားလိုစိတ်၊ ပညာသင်ကြားနိုင်တဲ့ ဦးနှောက်အသိဉာဏ် ရှိနေပေမယ့်လည်း ဘွဲ့ရတဲ့အထိကိုတော့ လူဦးရေ ၁၀၀ မှာ သုံးဦးပြည့်ဖို့ အတော်ခဲယဉ်းတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်ကိုယ် တိုင်ပဲ ပထမနှစ်အဝေးသင်တက်နေပါတယ်။ ဒီအဆင့်ထိရောက်လာဖို့ကို အခက်အခဲအမျိုးမျိုး ကျော်ဖြတ်ခဲ့ရတယ်။ ကျွန်တော်အနေနဲ့ ပထမနှစ်အဝေးသင် တက်ရောက်နေပေမယ့်လည်း အခြားကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းတွေကိုလည်း တက်ရောက်ခဲ့တယ်။ ဝှီးချဲသုံး မသန်စွမ်းကျောင်းသားတစ်ဦးအနေနဲ့ တက္ကသိုလ်ကျောင်းတွေက မြို့နဲ့အလွန်ဝေးတယ်။ ကျောင်းတက်ဖို့ကို အသွားအပြန်တက္ကစီကားခက အတော်များပါတယ်။ ဒါကလည်း စိန်ခေါ်မှုတစ်ခုပါ။ ကျောင်းရောက်တော့ အခြားသူအကူအညီမယူဘဲ ကိုယ့်လှည်းကိုတွန်းပေမယ့် ကျောင်းရဲ့ လှေကားထစ်တွေက ကျွန်တော့်အတွက် စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ အောက်ထပ်စာသင်ခန်းမှာပဲ စာသင်ခွင့်ရှိတယ်။ အပေါ်ထပ်တွေကို တက်ရောက်ခွင့်မရှိဘူး။ တက်ရောက်နိုင်အောင်လည်း လမ်းကြောင်း မရှိပါဘူး။ ဒါတွေက အသက်ငယ်သေးတဲ့အချိန်မှာ မသိသာပေမယ့် အသက်ရလာတဲ့အပေါ်မှာ အတန်းမြင့်လာတဲ့အပေါ်မှာ အကောင်းဆုံးကြိုးစားမယ်လို့ ဆုံးဖြတ်ထားတဲ့စိတ်တွေဟာ အားငယ်စိတ်တွေ၊ ကျဆုံးချင်စိတ်တွေ အရှုံးပေးချင်စိတ်တွေ အဖြစ် ပြောင်းလာပါတယ်။ ဒါတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ မသန်စွမ်းကျောင်းသားတွေရဲ့ ဘဝကို စာနာပေးပြီး လိုအပ်တာလေးတွေကို အစဉ်ပြေအောင် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု သမိုင်းဘာသာရပ် အထူးပြု ပထမနှစ် မသန်စွမ်းကျောင်းသား (ဝှီးချဲသုံး) မောင်မျိုးဝင်းထက်က ပြောသည်။

မြန်မာနိုင်ငံ၏ လူဦးရေသန်း ၅၀ ကျော်တွင် မသန်စွမ်းလူဦးရေ ၂ ဒသမ ၃ သန်းခန့်ရှိသည်။ လူဦးရေအချိုးအရ မသန်စွမ်းဦးရေသည် ၄ ဒသမ ၆ ရာခိုင်နှုန်းရှိရာတွင် ထိုအချိုးရာခိုင်နှုန်း၏ ၄၈ ရာခိုင်နှုန်းသာ ပညာသင်ကြားခွင့် ပညာသင်ကြားနိုင်ပြီး ကျန် ၅၂ ရာခိုင်နှုန်းသည် ကျောင်း ပြင်ပသို့ရောက်ရှိနေသူများဖြစ်ကြောင်းသိရသည်။

လက်ရှိပညာရေးတွင် မသန်စွမ်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းများကို လိုက်မီသင်ကြားနိုင်သော်လည်း အခြား အခက်အခဲအမျိုးမျိုးရှိနေမှု အပေါ် ပြေလည်နိုင်မည့် နည်းစနစ်များဖြင့် စာနာဖြေလျှော့ ကျင့်သုံးပေးစေလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မသန်စွမ်းသူများ ပညာသင်ထောက်ပံ့ရေးပွဲတွင် မသန်စွမ်းသူများထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



**သမိုင်းဘာသာအထူးပြု ပထမနှစ် တက်ရောက်နေသော မသန်စွမ်းသူ (ဝှီးချဲသုံး) မောင်မျိုးဝင်းထက်ကို တွေ့ရစဉ်။**

# အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင်ကြော်ငြာပါ။

## ဘိန်းအစားထိုးသီးနှံနှင့်ဓာတ်မြေဩဇာအခမဲ့ထောက်ပံ့

**တာချီလိတ် အောက်တိုဘာ ၃**

တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများ အဆင့်မြင့်သီးနှံမျိုးစေ့၊ မျိုးကောင်းမျိုးသန့်များသုံးစွဲ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်ဓာတ်မြေဩဇာများ အခမဲ့ပေးအပ်ပွဲနှင့် ပညာပေးသင်တန်းကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က ဘိန်းအစားထိုးမျိုးစေ့သီးနှံပင်များ ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် စပါးသီးနှံနှင့် ပဲမျိုးစုံတွင် ကျရောက်သော ပိုးမွှားများ၊ ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ စိုက်စနစ်များအကြောင်း၊ စပါးစိုက်ပျိုးမြေများတွင် တွေ့ရှိရသော အာဟာရဓာတ်ချို့တဲ့မှု၊ အဆိပ်သင့်မှု လက္ခဏာများနှင့် ကာကွယ်ကုစားနည်းများ၊ နှစ်ရှည်နှံ့သာဖြူ စိုက်ပျိုးနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်ဦးစီးမှူး ဦးလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က နှစ်ချင်းပျိုးစေ့ အစေ့ထုတ်ပြောင်းကီလို ၃၀၀၊ နှစ်ရှည် နံ့သာဖြူပျိုးပင် ၁၀၀၀၊ ပုလဲဓာတ်မြေဩဇာအိတ် ၂၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၁၀ အိတ်တို့ကို ကျေးရွာအုပ်စု (၇)အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံသို့ အခမဲ့ပေးအပ်ခဲ့ပြီး တောင်သူများအား နံ့သာဖြူနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းစနစ်များ၊ စပါးနှင့် ပဲမျိုးစုံတို့တွင် ကျရောက်တတ်သော ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများအား သင်တန်းပို့ချခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မြင့်မိုရ်(တာချီလိတ်)**

# ကမ္ဘာကို ပညာဖြင့် အလှဆင်နေသည့် ကမ္ဘာ့ဆရာများ

**ဒေါက်တာသန်းဦး**

"ရက်မြတ်မင်္ဂလာ၊ သည်အချိန်အခါဝယ်
ဆရာကျေးဇူး၊ မြတ်ဂုဏ်ထူးကို
ရည်စူးမြတ်နိုး၊ လက်စုံမိုး၍
ရှိခိုးကန်တော့ပါ၏။ မြတ်ဆရာ။"
"ကြာမျိုးငါးမည်၊ ဖူးပွင့်စည်သည်
ရာသီအလှ၊ ဤကာလတွင်
ဘုရားရှင်၏၊ သဘင်ဝါကျွတ်
လအထွတ်ချိန်၊ ဆီမီးထိန်ဖြင့်
ဦးနှိမ်ပူဇော်၊ ပြည်မြန်မာဝယ်
**ဆရာများနေ့၊** မြတ်ဓလေ့ဖြင့်
မတွေ့မြင်းမိုရ်၊ ထိုထိုဂုဏ်ထူး
မြတ်ကျေးဇူးကို၊ အထူးချီးကျူး
ဂုဏ်ပြုကြပါစို့"

**လှစိုးမိုး(စီမံကိန်း)**

**ကမ္ဘာ့ဆရာများနေ့**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် ခရစ်နှစ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၅ ရက် ဗုဒ္ဓဟူးနေ့သည် **"ကမ္ဘာ့ဆရာများနေ့"** (WORLD TEACHERS'DAY)ဖြစ်ပါသည်။

ဤကမ္ဘာ့ဆရာများနေ့၏ အာဘော်ဆောင်ပုဒ် ကြွေးကြော်သံမှာ **"Valuing Teachers,Improving Their Status ဆရာများကို တန်ဖိုးထားလို့ သူတို့အဆင့်အတန်းကို မြှင့်တင်စို့"** ဖြစ်ပါသည်။

ဤနေ့ထူးနေ့မြတ်တွင် ကောင်းမြတ်သော မင်္ဂလာတရားတော်နှင့်အညီ ရိုသေလေးစားထိုက်သူတို့ကို ရိုသေလေးစားခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ မိမိတို့ အပေါ်ပြုထားဖူးသော ကျေးဇူးဂုဏ်ကို သိတတ်ခြင်း၊ ထိုကျေးဇူးဂုဏ်ကို အာရုံပြုတုံ့ပြန်ခြင်း၊ ဂုဏ်ပြုခြင်း စသည်တို့ကို မုချမသွေ ကျွန်ုပ်တို့ပြုလုပ်ကြရပေသည်။

ဤကဲ့သို့သော **"ကမ္ဘာ့ဆရာများနေ့"** အခါကာလ သမယ၌ အဆက်ဆက်သော ကမ္ဘာ့ဆရာများ၏ ကျေးဇူးဂုဏ်ကို ကျွန်ုပ်တို့ အညီအညွတ် လေးစားစွာ ဖော်ထုတ်ချီးကျူးပြီး အလေးအနက် ဂုဏ်ပြုအပ်ပါသည်။

**ကမ္ဘာ့ဆရာများနေ့ နောက်ခံသမိုင်း**

ကုလသမဂ္ဂ ပညာသိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၊ ယူနက်စကို(UNESCO)ကဦးစွာ ပထမ **"ဆရာများ၏ ဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS) နှင့်စပ်လျဉ်း၍ အသေးစိတ် စာတမ်းတစ်စောင်ကို ပြုစုပြီးနောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် အိုင်အယ်လ်အို (ILO)နှင့် ထပ်မံဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး၊ "ဆရာများ၏ဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့် ထောက်ခံချက် " (Recommendation concerning the Status of Teachers )စာတမ်းကို ရေးဆွဲပြုစုခဲ့ကြပါသည်။

ထိုသို့ ပူးတွဲရေးဆွဲပြုစုရရှိလာသည့် ထောက်ခံချက်စာတမ်း (Joint UNESCO /ILO Recommendation concerning the Status of Teachers) ကို အစိုးရအဖွဲ့ဝင်များ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့ဝင်များ စုံညီပါဝင်တက်ရောက်ကြသည့် အထူးညီလာခံကြီးသို့ တင်ပြခဲ့ရာ ၁၉၆၆ ခုနှစ်အောက်တိုဘာ ၅ ရက်တွင် ထိုအထူးညီလာခံကြီး (a special intergovernmental conference) က **"ဆရာများ၏ဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS) ဆိုင်ရာ ထောက်ခံချက် (RECOMMENDATION)ကို အညီအညွတ် အတည်ပြု ပြဋ္ဌာန်းပေးခဲ့ကြပါသည်။

အဆိုပါ အောက်တိုဘာလ ၅ ရက်နေ့ကိုသမိုင်းတင်သမိုင်းဝင်အဖြစ် **"ကမ္ဘာ့ဆရာများနေ့"** ဟူ၍ ၁၉၉၇ ခုနှစ်မှ စတင်ကာ သတ်မှတ်ကျင်းပလာခြင်းဖြစ်ပါသည်။

ယခုနှစ် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့သည် (၄၉)နှစ်မြောက်နေ့ဖြစ်နေပေပြီ။ လာမည့်နှစ်တွင် နှစ်ငါးဆယ်ပြည့်ပါမည်။

လွန်ခဲ့သော ၁၉၆၆ ခုနှစ် နှစ်အားဖြင့် နှစ်ငါးဆယ်က စတင်၍ဆရာ့အတတ် ဆရာ့အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည်၊ သမ္မာအာဇီဝဖြစ်၍ မွန်မြတ်သော ဂုဏ်တစ်ရပ်ဖြစ်ကြောင်းကို ကောင်းစွာကမ္ဘာ့အဖွဲ့အစည်းများက ခိုင်ခိုင်မာမာ ခံယူသတ်မှတ် ပြဋ္ဌာန်းပေးထားခဲ့ပြီးဖြစ်ရာ ဤခံယူပြဋ္ဌာန်းချက်ကို ကျွန်ုပ်တို့အားလုံး အလေးအနက် လက်တွေ့ကျကျ ကျင့်သုံးဖြစ်ကြဖို့၊ ကျင့်သုံးဆောင်ရွက်ကြဖို့ အထူးလိုအပ်လျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ဤကမ္ဘာ့ဆရာများနေ့ကို နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ် သတ်မှတ်ကျင်းပဖြစ်ခဲ့သဖြင့် တစ်ဆယ့်လေးနှစ်တိုင် ကျင်းပဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဆိုပါသည်။

**နှစ်စဉ်နှစ်တိုင်းကျင်းပသည့် ဤကမ္ဘာ့ဆရာများနေ့တွင် အစဉ်အလာအရ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူနီဆက်ဖ်၊ ယူအန်ဒီပီနှင့် အက်ဂျူကေးရှင်း အင်တာနေရှင်နယ်အဖွဲ့ကြီး ငါးဖွဲ့မှ အကြီးအကဲတို့က အထိမ်းအမှတ် "ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာ" (Joint Message on the occasion of World Teachers' Day) ကိုပေးပို့သဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဖတ်ကြားဖော်ပြလျက်ရှိကြပါသည်။**

နှစ်စဉ်နှစ်တိုင်းကျင်းပသည့် ဤကမ္ဘာ့ဆရာများနေ့တွင် အစဉ်အလာအရ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် **ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူနီဆက်ဖ်၊ ယူအန်ဒီပီနှင့် အက်ဂျူကေးရှင်း အင်တာနေရှင်နယ်**အဖွဲ့ကြီး ငါးဖွဲ့မှ အကြီးအကဲတို့က အထိမ်းအမှတ် **"ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာ"** (Joint Message on the occasion of World Teachers' Day) ကို ပေးပို့သဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဖတ်ကြားဖော်ပြလျက်ရှိကြပါသည်။

**အလှဆင်ပေးနေသည့်ဆရာ**

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေ **သန်းပေါင်း ခုနစ်ထောင်** ရှိသည့်အနက် **သန်းပေါင်းတစ်ထောင်(သန်း ၁၀၀၀)** ကျော်သည်ပညာသင်ယူ ဆည်းပူးနေကြသည့် ကျောင်းသားများဖြစ်ကြပါသည်။

အဆိုပါ **သန်းပေါင်းတစ်ထောင်** ကျော် ကျောင်းသားများကို **သန်းပေါင်း ခြောက်ဆယ်** ကျော်သော ဆရာများက ပညာသင်ကြားပို့ချလေ့ကျင့်ပေးလျက်ရှိကြောင်းလေ့လာတွေ့ရှိ မှတ်သားရပါသည်။

မှတ်ချက်။ ။ဆရာဟုဆိုရာ၌ ဆရာမများပါရှိပါသည်။ ကျောင်းသားဟုဆိုရာ၌လည်း ကျောင်းသူများအပါအဝင်ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်းခြောက်ဆယ်ကျော်က တပည့် ကျောင်းသားဦးရေ **သန်းပေါင်းတစ်ထောင်ကျော်**ကို. . . .

| | |
|---|---|
| ကာယ ဖွံ့ဖြိုးမှု | **ကာယ အလှ** |
| ဉာဏ ဖွံ့ဖြိုးမှု | **ဉာဏ အလှ** |
| စာရိတ္တ ဖွံ့ဖြိုးမှု | **စာရိတ္တ အလှ** |
| ရသ ဖွံ့ဖြိုးမှု | **ရသ အလှ** |
| သက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှု | **သက်မွေး အလှ** |

တည်းဟူသော ဘက်စုံဖွံ့ဖြိုးမှုဘက်စုံအလှတို့နှင့် ကုံလုံပြည့်စုံရလေအောင်(ဝါ)၊ ဗလငါးတန်နှင့်ကုံလုံပြည့်စုံရလေအောင်အားထည့်အားသွင်းအားထုတ်ကြပြီး၊ တပည့်များအားအလှဆင်ပေးနေကြသည်ကိုနေ့စဉ်မြင်တွေ့မှတ်သားရပါသည်။

ထိုကြီးလေး မွန်မြတ်လှသော ဆရာ့တာဝန်ကိုမြတ်မြတ်နိုးနိုး၊ လေးစားတန်ဖိုးထားသော ဆရာစိတ်ဖြင့်၊ ကြိုးကြိုးကုတ်ကုတ်အားထုတ်ကြသည့် ကမ္ဘာပေါ်ရှိ ဆရာများ သည်ကား...

| | |
|---|---|
| **မေတ္တာရှင်** | မြတ်သောဆရာ |
| **စေတနာရှင်** | မြတ်သောဆရာ |
| **မုဒိတာရှင်** | မြတ်သောဆရာ |
| **အကြင်နာရှင်** | မြတ်သောဆရာ |
| (ကရုဏာရှင်) (ဂရုနာရှင်) | |
| **ဝါသနာရှင်** | မြတ်သောဆရာ |

ဖြစ်ကြပါပေသည်။ ထိုသို့သော အရည်အသွေးကောင်းနှင့်ပြည့်စုံသော ဆရာများသည် ကမ္ဘာလောက၌ ရှိသေဦးခိုက်ကန်တော့ထိုက်သည့် **ကျေးဇူးရှင်** ဆရာကောင်း ဆရာမြတ်တို့လည်းဖြစ်ကြပါပေသည်။

အချုပ်အားဖြင့် တင်ပြရသော် ဆရာ့အလုပ်သည်-

| | | |
|---|---|---|
| မေတ္တာ | ကို | အခြေခံ |
| အကြင်နာ | ကို | အခြေခံ |
| (ကရုဏာ)(ဂရုနာ) | | |
| မုဒိတာ | ကို | အခြေခံ |
| စေတနာ | ကို | အရင်းခံ |
| ဝါသနာ | ကို | အရင်းခံ |

ထားပြီး ဇွဲနပဲဖြင့် အားထည့် အားထုတ်ဆောင်ရွက်ကြရသော အလုပ်ဖြစ်ကြောင်း၊ တပည့်နှင့်ဆရာ ရေနှင့်ကြာဟူသော ဆိုရိုးနှင့်အညီ တပည့်တို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ဘက်စုံအလှဆင်ပေးနေကြသူများဖြစ်ကြောင်း ကောင်းကောင်းကြီး သက်သေပြလျက်ရှိပါသည်။

ကမ္ဘာ့လူ့အဖွဲ့အစည်း၌ **"ကမ္ဘာကို ပညာဖြင့် အလှဆင်နေသည့် ကမ္ဘာ့ဆရာများ"** အဖြစ် တည်တည်တံ့တံ့ ခံ့ခံ့ခိုင်ခိုင် ကျောက်တိုင်ပမာ ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ကြပါစေကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်း၌ **"အနန္တငါးဖြာ"** ရတနာငါးပါးမှာ ဆရာဟာ တစ်ပါးအပါအဝင် ဖြစ်ခြင်းကြောင့် မမေ့ကောင်း မမေ့သင့် မမေ့အပ်ကြောင်း၊ ကမ္ဘာ့ဆရာများနေ့တွင် **"အာစရိယဆရာ"** ကို ထိုက်ထိုက်တန်တန်ကြို့ဆိုဂုဏ်ပြု ဖွင့်ဟဖော်ကျူးအပ်ပါကြောင်း။

ဆရာများနေ့၊ မြတ်သောနေ့တွင်
ရေတွေ့ကြာသွင်၊ ရွှန်းသစ်လွင်၍
တိမ်စင်လမင်း၊ ထိန်ထိန်လင်းသို့
ဘေးကင်း ရန်ကွာ၊ ဤကမ္ဘာဝယ်
မေတ္တာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
ကရုဏာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
မုဒိတာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
ဥပေက္ခာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
စေတနာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
ဝါသနာ ရေမိုး၊ ရွာသွန်းဖြိုးအောင်
ဆတိုး ကြိုးပမ်း၊ ညီစိတ်ဝမ်းဖြင့်
ရှေ့တန်းမှပါ၊ ထမ်းဆောင်နိုင်ကြပါစေသတည်း။

# မိတ္ထီလာတွင် လူငယ်ရေးရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မိတ္ထီလာ အောက်တိုဘာ ၃**

နိုင်ငံတော်အဆင့် လူငယ်ရေးရာမူဝါဒရေးဆွဲရာ၌ လူငယ်များ၏ မျှော်လင့်ချက်များ၊ သဘောထားဆန္ဒများ ပိုမိုပြည့်စုံစွာ ထည့်သွင်းရေးဆွဲ နိုင်ရေး ရည်ရွယ်ချက်ဖြင့် လူငယ်ရေးရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က မိတ္ထီလာမြို့ ကန်တော် မင်္ဂလာ ခန်းမ၌ ကျင်းပခဲ့သည်။

"လူငယ်များရဲ့ အခွင့်အရေး၊ လူငယ်များရဲ့ သဘောထားဆန္ဒမျှော်လင့်ချက်တွေကို လူငယ်ရေးရာ မူဝါဒရေးဆွဲတဲ့အခါ ပိုမိုပြည့်စုံစွာ ထည့်သွင်းရေးဆွဲနိုင်ဖို့ အခုလို အလုပ်ရုံဆွေးနွေးပွဲကျင်းပတာ မန္တလေးတိုင်းဒေသကြီး ခုနစ် ခရိုင်မှာ ပါတဲ့ ၂၈မြို့နယ်နဲ့ နေပြည်တော်ကောင်စီမှာ ပါဝင်တဲ့ ရှစ်မြို့နယ်က လူငယ်တွေရဲ့ သဘောထားဆန္ဒတွေ ပြည့်ပြည့်စုံစုံသိရှိပါဝင်နိုင်ဖို့အတွက် မန္တလေးမှာ မန္တလေး၊ မြင်းခြံ၊ ပြင်ဦးလွင်၊ ကျောက်ဆည် ခရိုင်က လူငယ်တွေနဲ့ အခုလို အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးပါပြီ။ အခုက မိတ္ထီလာ၊ ညောင်ဦး၊ ရမည်းသင်းခရိုင်အတွင်းက မြို့နယ် ရှစ် မြို့နယ်နဲ့ နေပြည်တော်ကောင်စီအတွင်းက မြို့နယ် ရှစ်မြို့နယ်က ပရဟိတစိတ်ရှိပြီး အများကောင်းကျိုးဆောင်ရွက်လိုတဲ့ အသက် ၁၅ နှစ်ကနေ ၃၅ နှစ် ကြား လူငယ်ဦးရေ စုစုပေါင်း ၁၂၀ ကို ဖိတ်ကြားပြီး လူငယ်ရေးရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲကျင်းပတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးလူငယ် ကွန်ရက်အဖွဲ့မှ ပရောဂျက်မန်နေဂျာ ကိုဝေလွင်ဦးက ပြောသည်။

ယင်းလူငယ်ရေးရာ မူဝါဒအလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သန်း၊ လူမှုဝန်ထမ်းဦးစီးဌာန မိတ္ထီလာမူလတန်းကြိုကျောင်း ကျောင်းအုပ် ဒေါ်အေးအေးလွင်၊ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများဖွင့်လှစ်ပို့ချသည့် ငြိမ်းအေးဝေစည် မြန်မာပြည်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်မြင့်၊ မိတ္ထီလာ၊ ညောင်ဦး၊ ရမည်းသင်းခရိုင် သုံးခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှ လူငယ်များ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ )**

# ပြည်သူလူထုအခြေပြုကျန်းမာရေးဆေးခန်းကွင်းဆင်းပညာပေးကုသ

**လယ်ဝေး အောက်တိုဘာ ၃**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးခန်းကွင်းဆင်းပညာပေး ကုသရေးအဖွဲ့မှ စက်တင်ဘာလ နောက်ဆုံးပတ်က လယ်ဝေးမြို့နယ် သပြေပင်ကျေးလက်ကျန်းမာရေးဌာန သဲကောကြီးကျေးရွာအုပ်စု ပေါက်ပင်သာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်က မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှု လျော့နည်းစေရေး အသိပညာပေးဟောပြောပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးညွှန့်ဝေနှင့် ကျန်းမာရေးဝန်ထမ်းများက လက်ဆေးနည်းအဆင့် ၆ ဆင့်အား သရုပ်ပြရှင်းလင်းခဲ့သည်။

ထို့နောက် ပျဉ်းမနားခုတင် ၂၀၀ ဆံ့ဆေးရုံမှ ဒေါက်တာ တေဇာဝေယံနှင့် ဒေါက်တာသီဟသူတို့က HIV/AIDS ရောဂါအကြောင်းနှင့် ကုသပေးမှုအကြောင်းအရာများအား လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်လင်းက အနာကြီးရောဂါအကြောင်းအရာများကိုလည်းကောင်း၊ လယ်ဝေးခုတင် ၁၀၀ ဆေးရုံမှ သွားဆရာဝန် ဒေါက်တာမျိုးမင်းလှိုင်က စနစ်မှန် သွားတိုက်ခြင်း အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အထွေထွေရောဂါများနှင့် မျက်စိ၊ သွား၊ အရေပြား၊ ခုခံကာလသားရောဂါ၊ ငှက်ဖျားသွေးစစ်ခြင်း၊ တီဘီဓာတ်မှန်ရိုက်ခြင်းနှင့် ကလေးရောဂါများကို သက်ဆိုင်ရာ ဆရာဝန်များက ဒေသခံပြည်သူ ၃၅၈ ဦးအား ဆေးကုသပေးခြင်း၊ ဆေးပေးခြင်း၊ ဆေးရုံတက်ရမည့်လူနာအား ညွှန်ပို့ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် ပေါက်ပင်သာကျောင်းတိုက်သို့ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းက လာရောက်ကြီးကြပ်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



# မိုးညိုမြို့နယ်၌ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လူထုအခြေပြုလေ့လာမှုစခန်းဖွင့်

**မိုးညို အောက်တိုဘာ ၃**

စိုက်ပျိုးရေးကဏ္ဍတွင် လိုအပ်သော နည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လူထုအခြေပြုလေ့လာမှုစခန်း (Community Learning Center) ဖွင့်ပွဲအခမ်းအနားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က လူထုအခြေပြုစခန်းဖွင့်လှစ်ရခြင်းနှင့် တောင်သူများအတွက် အကျိုးဖြစ်ထွန်းနိုင်မှု အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေအိုးက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တောင်သူများ အနေဖြင့် နည်းပညာအခက်အခဲများ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ ရောဂါပိုးမွှားအန္တရာယ် ကျရောက်ခြင်းမရှိစေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် စက်မှုလယ်ယာ၊ မြို့နယ်စိုက်ပျိုးရေးဘဏ်များနှင့် အပြန်အလှန်ပေါင်းစပ်ညှိနိုင်းဆောင်ရွက်သွားနိုင်ရေး၊ တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ၁၅ ရက် လျှင်တစ်ကြိမ်နှုန်း တွေ့ဆုံသွားမည်ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## တောင်ငူသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ နှစ်ပတ်လည်အခမ်းအနားကျင်းပ

**တောင်ငူ အောက်တိုဘာ ၃**

တောင်ငူမြို့သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့နှစ်ပတ်လည်အခမ်းအနားနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလနောက်ဆုံးပတ်က မြို့နယ်ခပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး၊ မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)နှင့် တောင်ငူသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်သူတို့က ဂုဏ်ပြုစကားများ ပြောကြားကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးမင်းဦး၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာလနောက်ဆုံးပတ်က အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် အများပြည်သူ၊ ဘုရားဖူးများ အလေးထားတည်းခိုသည့် ညောင်ဦးမြို့အလိုတော်ပြည့်ကျောင်းဝင်း အတွင်း/အပြင်၌ ချုံနွယ်ပေါင်းပင်များ ရှင်းလင်းဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

# ဒက္ခိဏသီရိမြို့နယ်၌ ကွန်ကရစ်လမ်းများဖွင့်

**နေပြည်တော် အောက်တိုဘာ ၃**

ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ကူညီထောက်ပံ့မှုဖြင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု တပ်ပိုးကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးမြင့်ဦးကအမှာစကားပြောကြားပြီး နေပြည်တော်တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာသစ်စီမံကိန်း (SMU)လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ KOICA ဌာနေကိုယ်စားလှယ် Project Manager Mr Park နှင့်KOICA မှ စေတနာ့ဝန်ထမ်းဒေါ်ပုလဲဖြူတို့က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအတွက် ဂုဏ်ပြုစကားများ ပြောကြားခဲ့ပြီး ကျေးရွာဆေးမာအူးလ် (SMU)ဥက္ကဋ္ဌ ဦးမြဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာ (SMU)ကျေးရွာသစ်စီမံကိန်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးဦးမြင့်ဦးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာသစ်စီမံကိန်း (SMU) လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး လမ်းသစ်ကိုတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မှုခင်းသတင်းတိုများ

**အင်းတော်**

ကသာခရိုင် အင်းတော်မြို့မရဲစခန်းမှ ဒုရဲအုပ်ဝဏ္ဏဆွေနှင့်အဖွဲ့ စက်တင်ဘာလ နောက်ဆုံးပတ်က နယ်မြေအတွင်းသို့ ကင်းလှည့်နေစဉ် အင်းတော်မြို့နယ် မန်လည်ကျေးရွာဘက်မှ ဆည်ရွာ ကျေးရွာဘက်သို့ လမ်းလျှောက်လာသည့် မောင်တင့်ဆိုသူအား မသင်္ကာ၍ ရှာဖွေခဲ့ရာ ချဲထီလောင်းကစားရာတွင် အသုံးပြုသော ပစ္စည်းများနှင့်ငွေစက္ကူ ၃၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး အင်းတော်မြို့မ ရဲစခန်းကအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့မြောက်ဘက် သဲဖြူကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် စက်တင်ဘာလနောက်ဆုံးပတ်က ကျောင်းဆင်း၍ ပြန်လာ သော တတိယတန်းကျောင်းသူတစ်ဦး ကားလမ်းဖြတ်ကူးစဉ် ယာဉ်တိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း မြောက်မှတောင်သို့ ဝေယံအောင် မောင်းနှင်လာသည့် 1H/----လေးဘီးယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ် ၂၁၂/၆ နှင့် ၂၀၂/၇ အကြားအရောက် သဲဖြူ (အလက) ကျောင်းမှ လမ်းဖြတ်ကူးလာသည့် မသဥ္ဇာနှင်းဆွေ (၉နှစ်) တတိယတန်း ကျောင်းသူအားတိုက်မိရာ သေဆုံးသွားသဖြင့် မြို့လှနယ်မြေ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

**သံဖြူဇရပ်**

သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်-ထားဝယ်ကားလမ်း သင်္ကော့ကျေးရွာအနီးတွင် စက်တင်ဘာလနောက်ဆုံးပတ်က ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ သံဖြူဇရပ် ရဲစခန်းမှ တာဝန်မှူး ဒုတိယရဲအုပ်ဇင်စိုးနိုင်နှင့်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဦးမောင်ငွေ(၄၆ နှစ်) မောင်းနှင်ပြီး ၎င်း၏သားဖြစ်သူ မောင်ဥက္ကာဟိန်း(၁၂ နှစ်) လိုက်ပါလျက် ရေဖြူမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာစဉ် အရှေ့မှမောင်းနှင်နေသည့် ကုန်တင်ယာဉ်ကိုကျော်တက်ရာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိခဲ့ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်တွင်တိမ်းမှောက်ခဲ့ကြောင်းသိရသည်။ ယာဉ်မောင်းနှင့်၎င်း၏သားတို့နှစ်ဦးမှာ ဒဏ်ရာများ ပြင်းထန်၍ မော်လမြိုင်ဆေးရုံသို့ ဆေးကုသထားကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင် လှိုင်မြစ်ကူးတံတားအမှတ်(၂)တွင် စက်တင်ဘာလ နောက်ဆုံးပတ်က ကိုယ်ပိုင်မော်တော်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ်(၄၉)နေ ဝေယံဟိန်း (၂၀ နှစ်) မောင်းနှင်လာသည့် မော်တော်ယာဉ်သည် လှိုင်မြစ်ကူးဘုရင့်နောင်တံတားအမှတ်(၂)အတက်တွင် အရှိန်လွန်ကာ ဘေးယာမှ လှိုင်သာယာမြို့နယ် ရေဥက္ကံရပ်ကွက် ပြာပုံ/သဲ ကွင်းနေ ရဲလင်းထွဋ် (၁၅ နှစ်) စီးနင်းလာသော စက်ဘီးနှင့်ချိတ်ဆက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောမှ ဦးဇော်မင်းရှိန်၏ ယာဉ်နှင့် လမ်းသွားနေသူ မသဲစု (၁၉ နှစ်)အား ထပ်မံတိုက်မိကာ တိမ်းမှောက်သွားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**တောင်ငူ**

နေပြည်တော်မှမော်လမြိုင်သို့ စက်တင်ဘာလ နောက်ဆုံးပတ်က ထွက်ခွာလာသော အမှတ် (၁၆)အစုန်လူစီးရထားတွင် လုံခြုံရေးရဲဒုတပ်ကြပ်ဇေယျာအဖွဲ့နှင့် လက်မှတ်စစ်ဦးသန်းလွင်အဖွဲ့တို့သည် လက်မှတ်များစစ်ဆေးစဉ် ရိုးရိုးတန်းအတွဲ(၂)၌ စီးနင်းလိုက်ပါလာကြသည့် တောင်တွင်းကြီးမြို့ မောင်ဝင်းထက်နိုင်(၁၄ နှစ်) နှင့် မောင်ကျော်ကျော်(၁၃ နှစ်) တို့နှစ်ဦးသည် အိမ်မှထွက်ပြေးပြီး လက်မှတ်မဲ့စီးနင်းလာကြသူများဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား တောင်ငူဘူတာအရောက် ရထားရဲတပ်ဖွဲ့အမှတ်(၁၀) တပ်ခွဲတောင်ငူရထားရဲစခန်းမှုစခန်းမှူး ရဲအုပ်မိုးကျော်အောင်ထံ အပ်နှံပေးပြီး မိဘများထံဆက်သွယ်၍ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(၁၁၅)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း-ညောင်ကုန်း ကားလမ်းမပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရာ စက်တင်ဘာလ နောက်ဆုံးပတ်က မြို့နယ်စခန်းမှူး ရဲအုပ်မြင့်လွင်နှင့်အဖွဲ့ကြိုတင်စောင့်ဆိုင်းနေစဉ် မိုးညှင်းမှ ညောင်ကုန်းကျေးရွာ ဘက်သို့ ဒေါ်သီတာ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူအလေးချိန် ဂရမ် ၄၀ ခန့် ရှာဖွေတွေ့ရှိသဖြင့် မိုးညှင်းရဲစခန်းက အမှုဖွင့်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

**အုတ်တွင်း**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ခြေထောက်မြို့တွင် အောက်တိုဘာ ၁ ရက်က ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင်အမှတ်- ၁၅၄/၃ နှင့် ၁၅၄/၄ အကြား သပြေတန်းကျေးရွာအနီး တောင်မှမြောက်သို့ ယာဉ်မောင်း မျိုးမင်းနိုင်သည် ခြောက်ဘီးယာဉ်ဖြင့် သံချောင်းများ တင်ဆောင်မောင်းနှင်လာစဉ် မြောက်မှတောင်သို့ ထွန်းမျိုးမောင်းနှင်သော ခြောက်ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ထွန်းမျိုး၏ကားပေါ်တွင် လိုက်ပါလာသည့် နိုင်အောင်မှာ သေဆုံးပြီး ဟန်မျိုးအောင်တွင် ဒဏ်ရာ ရရှိသဖြင့် ညောင်ခြေထောက်ဆေးရုံသို့ ပို့ပေးခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မျိုးမင်းနိုင်နှင့်ထွန်းမျိုးတို့နှစ်ဦးအား ညောင်ခြေထောက်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဖြိုးမြင့်ဦး**

# သမိုင်းဝင် အိမ်တော်ရာစေတီ နှစ်ဆူ

မောင်သာ(ရှေးဟောင်းသုတေသန)



ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီ



မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ အိမ်တော်ရာစေတီ

မြန်မာနိုင်ငံတွင် ရွှေဆံတော်၊ ရွှေစည်းခုံစသည်ဖြင့် ထင်ရှားသော ဘွဲ့မည်တူရှေးဟောင်းစေတီများ ရှိကြသည့်အနက် အိမ်တော်ရာစေတီနှစ်ဆူလည်း အပါအဝင်ဖြစ်ကာ တစ်ဆူက ရန်ကုန်မြို့တွင်တည်ရှိ၍ တစ်ဆူက မန္တလေးမြို့တွင် တည်ရှိသည်။ အိမ်တော်ရာစေတီနှစ်ဆူလုံးကို ကုန်းဘောင်ဆက် နဝမမြောက်ဘုရင် ပုဂံမင်း (ခရစ်နှစ် ၁၈၄၆-၁၈၅၃)က တည်ထားကိုးကွယ်ခဲ့သည်။

သီရိသုဓမ္မ တိလောကပရဝ မဟာရာဇာဓိရာဇာဘွဲ့ခံ ပုဂံမင်းသည် မိမိမင်းသားဘဝက စံခဲ့ဖူးသည့် မန္တလေးမြို့ မတဲရပ်နှင့် ဒဂုံသို့ ခမည်းတော်နှင့်အတူရောက်ခဲ့စဉ်က ခေတ္တစံပျော်ခဲ့သည့် တဲနန်းနေရာတွင် စေတီတစ်ဆူစီကို တည်ထားခဲ့ရာ နှစ်ဆူလုံးသည် မူလဘွဲ့အမည်များထက် အိမ်တော်ရာစေတီများအဖြစ် ပိုမိုထင်ရှားခဲ့သည်။

**မန္တလေး အိမ်တော်ရာစေတီ**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်(၂၇)လမ်းနှင့်(၂၈)လမ်းကြား(၈၇)လမ်းတွင်ရှိသည့် အိမ်တော်ရာစေတီဝင်းသည် ပုဂံမင်း မင်းသားငယ်ဘဝတွင် ပျော်စံခဲ့သည့်နေရာဖြစ်သည်။ ပုဂံမင်းသည် ၁၈၄၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ခမည်းတော်၏ ထီးနန်းအရိုက်အရာကိုဆက်ခံကာ ကုန်းဘောင်မင်းဆက်၏ နဝမမြောက်ဘုရင် ဖြစ်လာခဲ့ပြီးနောက် မင်္ဂလာအိမ်တော်ရာနေရာတွင် စေတီတော်တစ်ဆူတည်ထားရန် ရည်ရွယ်ခဲ့သည့်အတိုင်း ၁၈၄၇ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် ကိုယ်တော်တိုင် အုတ်မြစ်ချခဲ့သည်။

အုတ်မြစ်တော်ချပြီး လေးလအကြာ ၁၈၄၈ ခုနှစ် မတ်လ ၁၈ ရက်တွင် ပထမဌာပနာတိုက်တွင် ဌာပနာသွင်းခဲ့ပြီး အကျဉ်းသား ၆၀ ကို လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ ဌာပနာသွင်းအခမ်းအနားနှင့် ကုသိုလ်တော်များကို သားတော်အစဉ် မြစ်တော်အဆက် ပူဇော်ပြုပြင်ရစ်စေသတည်းဟု အမိန့်ရှိခဲ့သည့်စကားတော်ကို ရွှေပေတွင် ရေးသားထည့်သွင်းခဲ့သည်။ သာသနာပြုဆရာတော်က သာသနာတော်တည်သမျှ ကာလပတ်လုံး စေတီတော်သည် မပျက်မစီးစေရ၊ စောင့်ရှောက်စေသတည်းဟု နတ်များကိုတိုင်တည်လျက် အမျှဝေသည့်စာကို ဌာပနာသွင်းခဲ့ပြီး စေတီတော်ဝန်းကျင်လေးမျက်နှာ၌ ဖတ်ကြားခဲ့သည်။ ဆက်လက်၍ စေတီတော်ကို ပန်းဘဲဝန် အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူက ကြီးကြပ်တည်ဆောက်ခဲ့သည်။

စေတီတော်သည် ဖိနပ်တော်အချင်း သံတောင် ၅၆ တောင် ၂ မိုက်၊ အမြင့်သံတောင် ၆၂ တောင် ၂ မိုက် ၅ သစ် ရှိသည်။ သံတောင်တစ်တောင်သည် ၁၉ လက်မရှိသဖြင့် ခေတ်အတိုင်းအတာအရ မန္တလေး အိမ်တော်ရာစေတီ ဉာဏ်တော်အမြင့်သည် ၉၉ ပေရှိသည်။ စေတီတော်ကို မဟာရာမ်တံတိုင်းနှစ်ထပ် အုတ်ရိုးဖြင့်ကာရံထားပြီး စေတီတော်သည် အတွင်းမီးတားတံတိုင်းမှ ၇၅ ပေအကွာတွင်ရှိသည်။ ပုဂံမင်းသည် အိမ်တော်ရာစေတီကို ၁၈၄၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ကိုယ်တော်တိုင် ထီးတော်တင်လှူခဲ့သည်။ မန္တလေးအိမ်တော်ရာစေတီ၏ ထီးတော်သည် အမြင့် ၉ တောင် ၁ မိုက်(၁၃ ပေ ၁၀ လက်မ)၊ ထီးတော်အဝ လေးတောင်(ခြောက်ပေ) နှင့်ဘုံခုနစ်ဆင့်ရှိသည်။ စေတီတော်အား မဟာလောကရံသီဟု ဘွဲ့မည်တင်ကာ စေတီတော်ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် အကျဉ်းသား ၅၃ ယောက်အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

မဟာလောကရံသီ အိမ်တော်ရာစေတီတော် မဟာရာမ်တံတိုင်း အတွင်းထောင့်လေးထောင့်တွင် အရံစေတီလေးဆူရှိရာ အလယ်နန်းတော် စလင်းမြို့စားမိဖုရား သီရိတိလောက အတုလရတနာဒေဝီ၊ ခမည်းတော်မင်းတရားကြီးမိဖုရား စလင်းမြို့စား၊ ပုဂံမင်းငယ်စဉ်က အထိန်းတော်ဖြစ်ခဲ့သော တောင်ပြုံးကြီးမြို့ ဟသ်ာတမြို့စားနှင့် မင်္ဂလာအိမ်တော်ပါ ကျိဝန်အတွင်းဝန် မင်းကြီးမဟာသက်တော်ရှည်တို့က တစ်ဆူစီ တည်ထားခဲ့ကြခြင်းဖြစ်သည်။

အိမ်တော်ရာစေတီတော်၏ အရှေ့ဘက်မုခ်ထွက်ပေါက်တွင် ရွှေတချောင်းမြောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် ဆင်မင်းတံတားခေါ် အိမ်တော်ရာဆင်တံတားရှိသည်။ ယင်းတံတားကို ဗဒုံမင်းလက်ထက် ၁၈၀၆ ခုနှစ်က ဟံသာဝတီမြို့တောင်နိဗ္ဗာန်ရွာရှေ့ ကွင်းသာယာရပ်မှရရှိခဲ့သည့် နာဂရာဇာဘွဲ့ခံ ဆင်ဖြူတော်၏ငွေဖြင့် တည်ဆောက်ခဲ့သောကြောင့် ဆင်မင်းတံတားဟု ခေါ်တွင်ခဲ့သည်။ ယင်းအုတ်တံတားကို ၁၈၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် တည်ဆောက်ခဲ့ကာ ဆင်ဖြူတော်၏ အလှူတော်ထင်ရှားစေရန် ဆင်တံတား၏ အရှေ့ဘက်အဆင်း ပွဲစားတန်းထိပ် ရွှေတချောင်းအနီးတွင် ဆင်ရုပ်တုနှစ်ခုကို အုတ်ခုံပြာသာဒ်အမိုးဖြင့် ခံ့ညားစွာ ပြုလုပ်ထားခဲ့သည်။

အိမ်တော်ရာစေတီတော်၏ အနောက်ဘက်တွင် တောင်ဘက်သို့ ရွှေတချောင်းအထိ မိကျောင်းတံတားဟု ထင်ရှားသည့်တံတားကို ၁၈၄၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတား၏ ဝဲယာနှစ်ဖက်ကို မိကျောင်းခန္ဓာကိုယ် ပုံသဏ္ဍာန် ပြုလုပ်ထားပြီး မြောက်ဘက်တံတားအဆင်း ဝဲယာနှစ်ဖက်တံတားထိပ်ကို မိကျောင်းဦးခေါင်းပုံစံ ပြုလုပ်ထားသောကြောင့် မိကျောင်းတံတားဟု အမည်တွင်ခဲ့သည်။ မိကျောင်းတံတားကို တောင်တွင်းကြီးမြို့ဝန် မင်းရဲကျော်ခေါင်ဦးကျောက်လုံးက တည်ဆောက်ခဲ့သည်။ မိကျောင်းတံတား၏ တောင်ဘက်အဆုံးတံတားအဆင်းတွင် အလွန်လက်ရာမြောက်သော ခြင်္သေ့ရုပ်ကြီးနှစ်ခုကို မြင်နိုင်ကြပေသည်။ ခြင်္သေ့ကြီးများ၏ ခြေသည်းလက်သည်းများသည် စကျင်ကျောက်များဖြင့် ပြုလုပ်ထားပြီး အလှူရှင်မှာ ဦးကျောက်လုံးပင် ဖြစ်သည်။

ခြင်္သေ့ရုပ်ကြီးများအနီးတွင် မဟာဝေယံဘုံသာကျောင်းတိုက်ရှိပြီး ယင်းနေရာကို ခြင်္သေ့ကြီးနှစ်ကောင်ရှိသောကြောင့် ခြင်္သေ့ဦးရပ်ကွက်ဟု ခေါ်တွင်ခဲ့သည်။ မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးများကို မိကျောင်းတံတားထိပ်မှ ခြင်္သေ့ကြီးနှစ်ကောင်၏ ပုံဟန်အတိုင်း ထုလုပ်ခဲ့သည်ဟု ဆိုကြသည်။

အိမ်တော်ရာစေတီတော်၏ အနောက်တောင်ဘက်(စနေထောင့်)တွင် ဉာဏ်တော် သုံးတောင်နှစ်မိုက်ရှိသည့် သမိုင်းဝင် မဟူရာ မဟာမုနိရုပ်ပွားတော်ရှိသည်။ ယင်းရုပ်ပွားတော်ကို ဗဒုံမင်းလက်ထက်တွင် မဇ္ဈိမဒေသ၊ မဟာဗောဓိပင်အရပ်(ယခု အိန္ဒိယနိုင်ငံ ဂယာမြို့)မှ ပင့်ဆောင်ခဲ့ကာ အင်းဝတွင် တန်ဆောင်းပြာသာဒ် ဆောက်လုပ်၍ ကိုးကွယ်ခဲ့သည်။ ခမည်းတော် သာယာဝတီမင်းလက်ထက်တွင် အမရပူရဇောင်းကလောကန်ဦး ကုသိုလ်တော် လောကမုနိစူဠာစေတီတော်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ သီပေါမင်းပါတော်မူပြီး နှစ်နှစ်အကြာတွင် မိုးကောင်းတိုက် ဆရာတော်နှင့် အုတ်ဝန်သံတော်ဆင့် ဦးဖိုးကြီးတို့က မန္တလေး အိမ်တော်ရာစေတီဝင်းသို့ ပင့်ဆောင်ခဲ့ကြသည်။

အိမ်တော်ရာစေတီတော်သည် မင်းမိဖုရားတို့၏ ကောင်းမှုတော်ဖြစ်သဖြင့် မင်းညီမင်းသား မှူးမတ်များက သာသနိကအဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ သို့သော် ၁၉၁၀ ပြည့်နှစ်က မန္တလေးမြို့တွင် လောင်ကျွမ်းခဲ့သည့်မီးကြောင့် အိမ်တော်ရာစေတီဝင်းအတွင်းရှိ အဆောက်အအုံများ မီးလောင်ကျွမ်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် စေတီတော်နှင့် အရံစေတီတော်များမှလွဲ၍ စေတီဝင်းအတွင်းရှိ အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့သည်။

**ရန်ကုန် အိမ်တော်ရာစေတီ**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီဘွဲ့ခံ အိမ်တော်ရာစေတီသည် ရွှေတိဂုံစေတီတော်၏ အနောက်တောင်ဘက် အေးချမ်းဆိတ်ငြိမ်သောနေရာတွင် တည်ရှိသည်။ ပုဂံမင်းသည် မန္တလေးတွင် အိမ်တော်ရာစေတီတော်ကို တည်ခဲ့ပြီးနောက် ရန်ကုန်မြို့တွင် အိမ်တော်ရာစေတီတစ်ဆူ တည်ထားရန် ရေဝန်တော် ပဲခူးမြို့စား မဟာမင်းခေါင်ကျော်ထင်ကို ငွေ ၈၀၀၀၀ ပေး၍ စစ်သည် ၁၄၀၀ နှင့်အတူ ရန်ကုန်သို့စေလွှတ်ခဲ့သည်။ ရေဝန်တော်မင်းကြီးသည် ဖိနပ်တော် သံတောင် ၄၀၊ ဉာဏ်တော် ၄၅ တောင်ရှိသည့် စေတီတော်ကို တည်ထားခဲ့သည်။

ပုဂံမင်း၏ခမည်းတော် သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆)သည် ၁၈၄၁ ခုနှစ်တွင် နေပြည်တော် အမရပူရမှ ဥက္ကလာပ(ရန်ကုန်)သို့ ပြည်ကြီးမွန်ဖောင်တော်ဖြင့် စုန်ဆင်းခဲ့သည်။ ဖောင်တော်ကို ယခု လမ်းမတော်ဆိပ်ကမ်းအနီးတွင် ဆိုက်ကပ်ခဲ့ပြီး ရွှေတိဂုံစေတီတော် အနောက်ဘက် မိုင်ဒါကွင်းမြောက်ဘက်တွင် ဆောက်လုပ်ထားသည့် မြတ်နန်းအောင်ချာ ယာယီစံနန်းတော်သို့ ရန်ကုန်ဆိပ်ကမ်းမှ တောင်မြောက်လမ်းအတိုင်း ကြွချီခဲ့သည်။ ဘုရင်မင်းမြတ် ကြွချီရာလမ်းဖြစ်သဖြင့် ထိုလမ်းကို တော်ဝင်လမ်းမဟူသည့် အဓိပ္ပာယ်ဖြင့် လမ်းမတော်ဟု အမည်မှည့်ခေါ်ခဲ့သည်။

ထိုစဉ်က ခမည်းတော်နှင့်အတူ ဒဂုံသို့လိုက်ပါခဲ့သော ပုဂံမင်းသားသည် သားတော်များအတွက်ဆောက်လုပ်ထားသည့် တဲနန်းများတွင် နေထိုင်ခဲ့သည်။ ပုဂံမင်းနေထိုင်ခဲ့သည့် တဲနန်းသည် ခမည်းတော်စံမြန်းသည့် ယာယီစံနန်း၏ အနောက်မြောက်ဘက်တွင်ရှိခဲ့ပြီး ယခု အိမ်တော်ရာစေတီ တည်ထားသည့်နေရာဖြစ်သည်။ ပုဂံမင်းသားသည် ဘုရင်ဖြစ်လာခဲ့ချိန်တွင် မိမိယာယီစံခဲ့ဖူးသည့် ယင်းနေရာတွင် အိမ်တော်ရာစေတီ တည်ထားခဲ့သည်။

ပုဂံမင်းတာဝန်ပေးခဲ့သည့်အတိုင်း ရေဝန်တော် ပဲခူးမြို့စားသည် အိမ်တော်ရာစေတီနှင့်အတူ စေတီတော်၏ မဟာရာမ်တံတိုင်းလေးမျက်နှာတွင် မုခ်ပေါက်လေးခု၊ စေတီတော်တောင်ဘက် မဟာရာမ်တံတိုင်းအပြင်တွင် ဇရပ်ကြီးတစ်ဆောင်၊ ဇရပ်ရှေ့တွင် အုတ်စီရေကန်ကြီးတစ်ကန်၊ စေတီတော်မြောက်ဘက် မဟာရာမ်တံတိုင်းအပြင်တွင် ခေတ္တရာဆရာတော်အတွက် ကျောင်းတစ်ဆောင်နှင့် စေတီတော် အရှေ့မြောက်ထောင့် မဟာရာမ်တံတိုင်းအပြင်တွင် သိမ်တစ်လုံးကို တည်ဆောက်ခဲ့ကာ စေတီတော်ကို မဟာဓမ္မရံသီ အိမ်တော်ရာစေတီဟု ဘွဲ့မည်ပေးခဲ့သည်။ ခေတ္တရာကျောင်းတိုက်၊ သိမ်တော်ကြီးနှင့် အုတ်ရေကန်တို့သည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ(ခရစ်နှစ် ၁၈၅၂-၁၈၅၃)အတွင်း ပျက်စီးသွားခဲ့ကြသည်။

စေတီတော်အား ထီးတော်မတင်ရသေးမီ ၁၈၅၂ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ရန်ကုန်ဆိပ်ကမ်း၌ မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲဖြစ်ပွားခဲ့ရာ အင်္ဂလိပ်တို့၏ ဗုံးအမြောက်လက်နက် အင်အားကြီးမားသဖြင့် ပြည်ရွှေတောင်မြို့ဝန် ဦးစီးသော တပ်များသည် ရွှေတိဂုံစေတီသို့ ဆုတ်ခဲ့ကြရသည်။ ရေဝန်တော် ပဲခူးမြို့စားသည် အင်္ဂလိပ်များရောက်မလာမီ အိမ်တော်ရာစေတီတော် ထီးတော်အား အနောက်မြောက်ထောင့်မှဆွဲယူကာ စေတီတော်တွင် အလျင်အမြန်တင်လှူခဲ့သည်။

**စေတီတော်တည်ထားရာတွင် ကျန်ရှိနေသေးသည့်ငွေများကို စေတီတော် အနောက်တောင်ထောင့်တွင် မြှုပ်နှံခဲ့ကာ စေတီတော် ထီးတင်ခဲ့သည့်ကြိုးများကို ငွေများပေါ်တွင် ခွေရစ်ထားပြီး အပေါ်မှ စေတီငယ်တစ်ဆူ တည်ထားခဲ့သည်။ နောင်အခါတွင် ထိုငွေများကို မတရား တူးဖော်ယူငင်ပါက ယူငင်သူအား မြေကိုက်သတ်ပါစေကြောင်း အဓိဋ္ဌာန်ကျိန်စာပြုပြီး ရေဝန်တော် ပဲခူးမြို့စားသည် အင်္ဂလိပ်များနှင့် ဖြစ်ပွားနေသည့်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်**

ပုဂံမင်းသည် မန္တလေး အိမ်တော်ရာစေတီတော်ကို ကိုယ်တော်တိုင် ထီးတော်တင်လှူခဲ့သော်လည်း ရန်ကုန် အိမ်တော်ရာစေတီတော် ထီးတော်ကိုမူ ကိုယ်တော်တိုင် မတင်လှူခဲ့ရပါချေ။

စေတီတော်တည်ထားရာတွင် ကျန်ရှိနေသေးသည့်ငွေများကို စေတီတော် အနောက်တောင်ထောင့်တွင် မြှုပ်နှံခဲ့ကာ စေတီတော် ထီးတင်ခဲ့သည့်ကြိုးများကို ငွေများပေါ်တွင် ခွေရစ်ထားပြီး အပေါ်မှ စေတီငယ်တစ်ဆူ တည်ထားခဲ့သည်။ နောင်အခါတွင် ထိုငွေများကို မတရား တူးဖော်ယူငင်ပါက ယူငင်သူအား မြေကိုက်သတ်ပါစေကြောင်း အဓိဋ္ဌာန်ကျိန်စာပြုပြီး ရေဝန်တော် ပဲခူးမြို့စားသည် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်သို့သွားရောက်၍ အင်္ဂလိပ်များနှင့် ဖြစ်ပွားနေသည့်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။ မြန်မာတို့ စစ်ရှုံးနိမ့်ခဲ့သဖြင့် အင်္ဂလိပ်တို့လက်အောက်တွင် ရှိနေသည့် ရန်ကုန်မြို့ရှိ အိမ်တော်ရာစေတီသည် တိမ်မြုပ်ခဲ့ရပေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇွန်လ ၂ ရက်တွင် အဖွဲ့ဝင်ကိုးဦးပါဝင်သည့် မဟာဓမ္မရံသီ အိမ်တော်ရာစေတီ ဂေါပကအဖွဲ့ကို ပထမဆုံးဖွဲ့စည်းခဲ့ပြီး ဂေါပကအဖွဲ့အဆင့်ဆင့်သည် စေတီတော်အား ထိန်းသိမ်းပြုပြင်စောင့်ရှောက်ခဲ့ကြရာမှ ပြန်လည်ထင်ရှားလာခဲ့သည်။

၁၉၈၄ ခုနှစ် မေလ ၁၅ ရက်တွင် စေတီတော်အနောက်တောင်ထောင့် မဟာရံတံတိုင်းအပြင်ဘက်ရှိ သာသနာလင်္ကာရကျောင်းတိုက် ပြုပြင်တည်ဆောက်ရေးအတွက် မြေကျင်းများတူးဖော်စဉ် တံတိုင်းအပြင် ပေ ၃၀ အကွာမှ ဉာဏ်တော် ခုနစ်လက်မခွဲရှိသည့် ခတ်သားရောင် တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တူးဖော်ရရှိခဲ့သည်။ ရုပ်ပွားတော်သည် ပလ္လင်တော်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် ဝဲဘက်လက်တော်ကို ဝဲဘက်ပေါင်ပေါ်တွင်တင်ထားကာ ညာဘက်လက်ညှိုးက မြေပြင်ကိုထိုးနေဟန် ထုလုပ်ထားသည်။ ရုပ်ပွားတော်နှင့်အတူ အချင်းငါးလက်မ၊ အမြင့်နှစ်လက်မခွဲခန့်ရှိသည့် ရှေးဟောင်းကြွေပန်းကန်ကိုးလုံး၊ ရှေးဟောင်းကွမ်းကလပ်တစ်ခုနှင့် စဥ့်အိုးကြီးတစ်လုံးတို့ကို တွေ့ရှိခဲ့သည်။ ယင်းပစ္စည်းများအား သာသနာလင်္ကာရကျောင်းတိုက်ဆရာတော် ဦးဝါယမက ထိန်းသိမ်းထားခဲ့သည်။

မန္တလေးနှင့် ရန်ကုန်မြို့များရှိ အိမ်တော်ရာစေတီများကဲ့သို့ မြန်မာ့သမိုင်းတွင် ထင်ရှားသော အိမ်တော်ရာစေတီတော်များလည်း ရှိခဲ့သေးသည်။ ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် ဘုရင်ဖြစ်ပြီး တစ်လအကြာ ၁၇၈၂ ခုနှစ် မတ်လ ၂၀ ရက်တွင် စစ်ကိုင်းမြို့၌ အောင်မြေလောက အိမ်တော်ရာစေတီကို တည်ထားခဲ့သကဲ့သို့ သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆)သည် ၁၈၄၂ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် သာယာဝတီမြို့ ရေကင်းမင်းကြီးတိုက် စံနန်းတော်မင်္ဂလာအိမ်တော်ရာတွင် လောကဇေယျ အိမ်တော်ရာစေတီကိုတည်ထားကာ ထီးတော်တင်လှူခဲ့သည်။

မန္တလေး အိမ်တော်ရာစေတီ၏ဘွဲ့တော် မဟာလောကရံသီသည် ကြီးကျယ်မြင့်မြတ်သော လောကရောင်ခြည်ဟု အဓိပ္ပာယ်ရသကဲ့သို့ ရန်ကုန် အိမ်တော်ရာစေတီ၏ဘွဲ့တော် မဟာဓမ္မရံသီသည် ကြီးမားသော တရား ဓမ္မရောင်ခြည်ဟု အနက်ရှိသည်။ ကုန်းဘောင်ဆက် မြန်မာဘုရင် ပုဂံမင်းတည်ထားခဲ့သည့် အဆိုပါ အိမ်တော်ရာစေတီနှစ်ဆူသည် ယခုအခါတွင် သက်တမ်း နှစ်ပေါင်း ၁၆၀ ကျော်ခဲ့ပြီဖြစ်ပြီး သမိုင်းဝင် ရှေးဟောင်းစေတီများအဖြစ် လာရောက်ဖူးမြော်ကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိနေပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)**

**မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်သမိုင်း**

# အီတလီနှင့် စပိန်တို့ ထိပ်တိုက်တွေ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲ

**မိုးမြင့်လင်းလက်**



၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲတွေကို အောက်တိုဘာ ၇ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့အတွက် ပွဲတိုင်းရလဒ်ကောင်းဖို့ ကြိုးစားနေကြတဲ့အသင်းတွေဟာ အမှားအယွင်း အတိမ်းအစောင်း မဖြစ်အောင် အားထုတ်ပါလိမ့်မယ်။ ဒီပွဲစဉ်မှာတော့ အီတလီနဲ့ စပိန်၊ ပြင်သစ်နဲ့ ဘူလ်ဂေးရီးယားတို့ ပွဲစဉ်တွေအပါအဝင် ထိပ်တန်းအသင်းတွေရဲ့ စွမ်းဆောင်မှုတွေကို အကဲခတ်ရင်း အားပေးကြရဦးမှာ ဖြစ်ပါတယ်။

### အီတလီနှင့် စပိန်

အုပ်စု(G)မှာ စပိန်ရော အီတလီတို့ပါ တစ်ပွဲကစားပြီးချိန်မှာ သုံးမှတ်စီရရှိနေပြီဖြစ်ပါတယ်။ စပိန်တို့က လက်ချင်စတိန်းကို ရှစ်ဂိုးပြတ်သွင်းပြီး နိုင်ပွဲရထားသလို အီတလီတို့ကလည်း အစ္စရေးကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင်တော့ တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ အသင်းလိုက် ကစားအားကောင်းတဲ့ အီတလီတို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

### အိုက်စလန်နှင့် ဖင်လန်

အုပ်စု(I)မှာတော့ အိုက်စလန်က တစ်ပွဲ ကစားပြီးချိန်မှာ တစ်မှတ်ရရှိထားသလို ဖင်လန်တို့ကလည်း တစ်မှတ်ရယူထားနိုင်ပါတယ်။ အိုက်စလန်ရဲ့ လက်ရှိကစားအားကိုကြည့်ရင် ဖင်လန်ထက် မြန်နှုန်းမြင့် ကစားနိုင်နေတာမို့ အခုပွဲမှာ ဖင်လန်တို့ မလွယ်ပါဘူး။ ဖင်လန်တို့ကတော့ နိုင်ပွဲတွေ ပျောက်ဆုံးနေဆဲရှိတာမို့ အခုပွဲမှာ အိုက်စလန်ကို အောင်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ အိုက်စလန်ဟာ အနိုင်ရလဒ်ကို ဖော်ထုတ်နိုင်တဲ့ စွမ်းအားရှိတာမို့ အနိုင်ရလဒ်ဆိုတာ အိုက်စလန်တို့အတွက်ပဲ ဖြစ်ပါတယ်။

### တူရကီနှင့် ယူကရိန်း

အုပ်စု(I)မှာ နှစ်သင်းစလုံး တစ်ပွဲစီ ကစားပြီးချိန်မှာ တစ်မှတ်စီရရှိထားပါတယ်။ လျှင်လျှင်မြန်မြန်ကစားနိုင်တဲ့ ယူကရိန်းတို့ကတော့ ပထမပွဲစဉ်မှာ အိုက်စလန်ကို တစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ တူရကီတို့ကလည်း ခရိုအေးရှားကို သရေပွဲဖြစ်ထားတာမို့ ဒီနှစ်သင်းစလုံး နိုင်ပွဲရရှိရေး အပြိုင်ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့မှု ပွဲရလဒ်ကိုကြည့်ရင် တူရကီက နှစ်ဂိုးပြတ်နဲ့ နိုင်ထားတာမို့ အခုပွဲကလည်း ယူကရိန်းတို့ အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

### ပြင်သစ်နှင့် ဘူလ်ဂေးရီးယား

အုပ်စု(A)မှာ ပြင်သစ်တို့က တစ်ပွဲကစား တစ်မှတ်ရရှိထားသလိုဘူလ်ဂေးရီးယားတို့ကတော့ လူဇင်ဘတ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး သုံးမှတ်အပြည့် ရယူထားနိုင်ပါတယ်။ ဒီနှစ် ဘောလုံးရာသီမှာ ဘူလ်ဂေးရီးယားတို့ ခြေစွမ်းပြသနေပြီး နိုင်ပွဲတွေလည်း ဆက်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုကိုကြည့်ရင် ပြင်သစ်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ထားတာမို့ အခုပွဲမှာပြင်သစ်ကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### နယ်သာလန်နှင့် ဘီလ်လာရုစ်

အုပ်စု(A)မှာ နယ်သာလန်က တစ်ပွဲကစားပြီး တစ်မှတ်ရရှိနေသလို ဘီလ်လာရုစ်တို့ကလည်း တစ်မှတ်ရရှိထားပါတယ်။ ဘီလ်လာရုစ်တို့ကတော့ နောက်ဆုံးသုံးပွဲ ကစားခဲ့ရာမှာ နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားခဲ့ပါတယ်။ နယ်သာလန်တို့က ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေပြီး နိုင်ပွဲကို ရအောင်ဖော်ဆောင်ပါလိမ့်မယ်။ ဘီလ်လာရုစ်တို့ကလည်း နိုင်ပွဲတွေ ဆက်တိုက်ရအောင် ကြိုးစားမှာဖြစ်ပါတယ်။ ဒီပွဲမှာ အကြိုက်က နယ်သာလန်တို့ပါပဲ။

### လူဇင်ဘတ်နှင့် ဆွီဒင်

အုပ်စု(A)မှာ ဆွီဒင်တို့ တစ်ပွဲကစားပြီး တစ်မှတ်ရရှိထားသလို လူဇင်ဘတ်တို့ကတော့ အခုချိန်အထိ နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဆွီဒင်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဆွီဒင်တို့က အသာစီးရယူထားတာ တွေ့ရပါတယ်။ ဆွီဒင်တို့က အပေးအယူ အချိတ်အဆက်မိမိ ကစားနိုင်သလို ပြိုင်ဘက်ရဲ့တိုက်စစ်ကို ဟန့်တားနိုင်သူတွေ ဖြစ်ပါတယ်။ ဒီပွဲမှာ အကြိုက်က ဆွီဒင်ဖြစ်ပြီး အနိုင်ရလဒ်ကို ဆွီဒင်တို့ သိမ်း ပိုက်သွားပါလိမ့်မယ်။ ။

## မန်ယူရဲ့ အဓိက ကစားသမားအဖြစ် ဆက်ရှိနေဦးမယ့် ရွန်းနေ

ရွန်းနေဟာ အရန်ခုံမှာ ထိုင်နေရသော်လည်း အဓိကလူအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း မန်ယူနည်းပြမော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ အင်္ဂလန် ယာယီနည်းပြ ဆောက်ဂိတ်က ရွန်းနေကို အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိဖို့ ဆုံးဖြတ်ချက်အပေါ် မန်ယူနည်းပြ မော်ရင်ဟိုက ထောက်ခံပြောဆိုလိုက်တာပါ။ အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူးရွန်းနေဟာ မန်ယူရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ သုံးပွဲဆက်တိုက် အရန်ခုံမှာ ထိုင်ခဲ့ရပါတယ်။ သို့ပေမယ့် မန်ယူရဲ့အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေဦးမယ်လို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ ရွန်းနေဟာ မန်ယူအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်တယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူးလို့ မော်ရင်ဟိုက ဆိုပါတယ်။ မန်ယူကို အီဘရာဟီမိုဗစ်ချ် ပြောင်းလာပြီးတဲ့နောက် ရွန်းနေဟာ အရန်ကစားသမားဖြစ်လာခဲ့ပါတယ်။ သို့ပေမယ့် မန်ယူရဲ့ကစားပုံဟာ မတည်မငြိမ်ဖြစ်နေပြီး ဒီနှစ် ပရီမီယာလိဂ်မှာ လေးပွဲနိုင်ပြီး သုံးပွဲရှုံးထားပါတယ်။





## ကမ္ဘာ့ဖလားခြေစစ်ပွဲနဲ့ လွဲချော်နိုင်တဲ့ အင်္ဂလန်ကွင်းလယ်လူ အဒမ်လာလာနာ

အင်္ဂလန်အသင်းရဲ့ ကွင်းလယ်ကစားသမား အဒမ်လာလာနာဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲနဲ့ လွဲချော်လိမ့်မယ်လို့ လီဗာပူးအသင်းနည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။ လီဗာပူးက ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ခြေသလုံး ကြွက်သားဒဏ်ရာရရှိထားတဲ့အတွက် အင်္ဂလန်အသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ လွဲချော်လိမ့်မယ်လို့ ဆိုပါတယ်။ နည်းပြအဖြစ် တစ်ပွဲသာ ကိုင်တွယ်ခွင့်ရတဲ့ ဆမ်အလာဒိုက်ရဲ့ အင်္ဂလန်က ဆလိုဗက်ကီးယားကို အနိုင်ရတဲ့ပွဲမှာ ကွင်းလယ်ကစားသမား လာလာနာဟာ အနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အင်္ဂလန်အသင်းဟာ လာမယ့် အောက်တိုဘာ ၈ ရက်မှာ မော်လ်တာအသင်းနဲ့ ကစားပြီး အောက်တိုဘာ ၁၁ ရက်မှာ ဆလိုဗေးနီးယား အသင်းနဲ့ ကစားမှာဖြစ်ပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်း ယာယီနည်းပြ ဆောက်ဂိတ်ကတော့ အဒမ်လာလာနာကို သူ့ရဲ့အသင်းစာရင်းထဲမှာ ထည့်သွင်းထားပါတယ်။ အင်္ဂလန် ယာယီနည်းပြ ဆောက်ဂိတ်အနေနဲ့ အမြဲတမ်းနည်းပြအဖြစ် ရေပန်းစားနေပြီး ယာယီနည်းပြအဖြစ် ကိုင်တွယ်ချိန်မှာ ပြိုင်ပွဲတွေကို အနိုင်ရအောင် ကစားပေးဖွယ်ရှိနေပါတယ်။

## အာဆင်နယ်ရဲ့ အကောင်းဆုံးခြေစွမ်းကို ဆက်ထိန်းထားမယ်ဟု ဝဲလ်ကော့သ်ပြောဆို

အာဆင်နယ်ရဲ့ ဒီနှစ်ရာသီတိုးတက်မှုကို ဆက်လက်ထိန်းထားနိုင်မယ်လို့ ယုံကြည်တဲ့အကြောင်း တိုက်စစ်မှူး ဝဲလ်ကော့သ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ "လက်ရှိအချိန်မှာ အာဆင်နယ်အသင်းရဲ့ကစားပုံဟာ တိုးတက်လာတယ်၊ ဒီအောင်မြင်မှုတွေကို ဆက်လက်ထိန်းထားရမယ်"လို့ ဝဲလ်ကော့သ်က အခိုင်အမာပြောဆိုခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်ကစားသမားတွေဟာ ပိုပြီးကောင်းအောင် ကစားကြဖို့လို အပ်လာပြီး အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ကြဖို့ ဝဲလ်ကော့သ်က တိုက်တွန်းပြောဆိုလိုက်ပါတယ်။ ဒီနှစ်ထဲမှာ အာဆင်နယ်အသင်းအနေနဲ့ ချယ်လ်ဆီးကို သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲနှင့် ဘေဆယ်အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရတဲ့ ပွဲတွေဟာ အကောင်းဆုံး ခြေစွမ်းတွေပဲလို့ သူကဆိုပါတယ်။ ကျွန်တော်တို့ ကစားသမားတွေအနေနဲ့ လာမယ့်ပြိုင်ပွဲတွေမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေနဲ့ အကောင်းဆုံး ကစားကြမယ်လို့ ဝဲလ်ကော့သ်က ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ




**ညောင်ရွှေ အောက်တိုဘာ ၃**
အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် အင်းလေးဒေသ ၂၀ ဌာနသို့ ဒေသစာရီအပူဇော်ခံရန်အတွက် ထာဝရသီတင်းသုံးရာ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်မှ ကျေးပေါ်ခုံကျေးရွာ စံကျောင်းတော်သို့ အောက်တိုဘာ ၂ ရက်က စတင်ကြွချီ အပူဇော်ခံခဲ့ကြောင်း သိရသည်။

ဒေသစာရီကြွချီ အပူဇော်ခံရန်အတွက် ဆင်းတုတော်များကို ရတနာစံကျောင်းပလ္လင်မှ ခေတ္တယာယီ သီတင်းသုံးတော်မူမည့် ကျေးပေါ်ခုံကျေးရွာ စံကျောင်းတော်သို့ အစဉ်အလာနှင့်အညီ ရွှေဝေါယာဉ်တော်ဖြင့် ရှမ်းပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ပင့်ဆောင်ခဲ့သည်။ ထို့နောက် ရွှေကရဝိက်ဖောင်တော်ယာဉ်ဖြင့် ကျေးပေါ်ခုံစံကျောင်းသို့ စတင်ကြွချီ အပူဇော်ခံရာ ဒေသခံတိုင်းရင်းသားများက ရိုးရာဆွဲလှေကြီး ၂၃ စီးဖြင့် လှော်ခတ်ပင့်ဆောင် ပူဇော်ခဲ့ကြပြီး ဒေသစာရီကြွချီ အပူဇော်ခံပွဲသို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက် )**

# ကန့်ဘလူမြို့ရှိ အင်ကြင်းဥယျာဉ်ကို အပန်းဖြေဆော့ကစားရန် ဆောင်ရွက်မည်

**ကန့်ဘလူ အောက်တိုဘာ ၃**
ကန့်ဘလူမြို့ရှိ အင်ကြင်းဥယျာဉ်ကို ပြည်သူများ အပန်းဖြေနားနေနိုင်သည့် အပန်းဖြေနေရာ၊ကလေးများဆော့ကစားရန် နေရာနှင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားကစားမှုပြုလုပ်နိုင်ရန် နေရာ တစ်ခု ဖြစ်လာစေရေးအတွက် ကန့်ဘလူမြို့နယ် စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်ကြင်းဥယျာဉ်ကို အပန်းဖြေရာနေရာဖြစ်လာရန် မြို့နယ်စည်ပင်သာယာရေးကော်မတီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်(သာမန်လုပ်ငန်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ဥယျာဉ်အတွင်း ရှင်းလင်းဆောင်ပြုပြင်ခြင်း၊ အဝင်လမ်းကပ်တုံးများ ပြုလုပ်ခြင်း၊ ဥယျာဉ်ရှေ့ ပန်းခုံပြုလုပ်ခြင်း၊ ဥယျာဉ်အတွင်း နားနေဆောင်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ ရေတိုင်ကီဝယ်ယူခြင်း၊ စက်ရေတွင်းပြုပြင်ခြင်းနှင့် ပန်းခုံပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ဆက်လက်၍ဥယျာဉ်အတွင်း လျှောက်လမ်းများပြုလုပ်ခြင်း၊ ကလေးများ ဆော့ကစားရန် အားကစားကွင်း ပြုလုပ်ခြင်း၊ လူကြီးများ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်သော အားကစားကွင်းပြုလုပ်ခြင်း၊ ဘောလုံးကွင်းပြုလုပ်ခြင်း၊ ပြည်သူများကိုယ်ကာယကြံ့ခိုင်စေရေးနှင့် အပန်းဖြေနားနေနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးစိုးလွင်က ပြောသည်။

ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်ကို ယခင်က မြို့မိမြို့ဖအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာမှ ယခုနှစ် ဇွန် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြည်သူများ အပန်းဖြေနိုင်သောနေရာဖြစ်လာရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ နိုင်ငံတကာနည်းစနစ်အတိုင်း သင်တန်းပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**
(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် မြို့နယ်များတွင် ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်း (Community Policing)များကို နိုင်ငံတကာအဆင့်မီ ဥရောပသမဂ္ဂ(EU) နည်းစနစ်အတိုင်း ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်လာပါပြီ။ ဒီမိုကရေစီ စံနှုန်းတွေနဲ့အညီ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းပြီး ပြည်သူတွေရဲ့ဘဝ လုံခြုံစိတ်ချနိုင်ဖို့ တရားဥပဒေစိုးမိုးရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ လူ့မှုရေးအသွင်ဆောင်တဲ့ ရဲလုပ်ငန်းဝန်ဆောင်မှုနဲ့ ပြည်သူ့ဗဟိုပြုတဲ့ရဲလုပ်ငန်း(Community Policing)တွေအဖြစ် လူထုနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ သင်တန်းတွေပေးပြီး လုပ်ဆောင်နေပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အောက်ခြေအဆင့်အထိ လူထုနဲ့ဆက်ဆံပြီး တရားဥပဒေစိုးမိုးရေးကိစ္စတွေ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ လူမှုရေးဝန်ဆောင်မှုအသွင်နဲ့ ဆောင်ရွက်နိုင်အောင်၊ လူထုလေးစား ယုံကြည်ရတဲ့ နွေးထွေးပျူငှာတဲ့ ဆက်ဆံရေးတွေရှိအောင် အခုလို သင်တန်းပေး ဆောင်ရွက်နေတာပါ"ဟု ၎င်းက ပြောသည်။

ယခုအခါတွင် ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း အမှတ်စဉ်(၂၃/၂၀၁၆)ကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ဥရောပသမဂ္ဂ(EU)နည်းစနစ်အတိုင်း နည်းပြအရာရှိများက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင် ရုံးငါးရုံးတွင် ဖွင့်လှစ်ခဲ့ကာ အမှတ်စဉ်(၂၃) သင်တန်းများ၌ ရုံးတစ်ခုစီရှိ သင်တန်းတစ်ခုလျှင် အရာရှိနှင့် အခြားအဆင့် အပါအဝင် ၁၆ ဦးနှုန်းဖြင့် နေရာငါးခု၌ စုစုပေါင်းသင်တန်းသား ၈၀ ဦးအား သင်တန်းပေးခဲ့သည်။ သင်တန်းကာလ နှစ်ပတ်ကြာမြင့်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် သင်တန်းဆင်းပွဲ တပြိုင်တည်း ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် သင်တန်း ၁၃ ခု၊ ၂၀၁၅ ခုနှစ်တွင် သင်တန်းခြောက်ခု ဖွင့်လှစ်သင်ကြားခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့် စုစုပေါင်း ၂၈၅ ဦး အားလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ဆင့်ပွားသင်တန်း ၂၃ ခုအထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား အရာရှိ ၂၅ ဦး၊ အခြားအဆင့် ၃၄၀ ဦး၊ စုစုပေါင်း ၃၆၅ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။
**မျိုးမင်းသိန်း(မရမ်းကုန်း)**





# အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်ကြီး၌ (၁၅) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁ ရက်က စတင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး ဓာတုစယ ဓာတ်ပေါင်းစုစေတီတော် ကွပ်ကဲမှုအဖွဲ့နာယက(၂) နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဌာနကြီးမှူး) ဦးစိုးဝင်းက ဆရာတော်ထံသို့ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းအိုးနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူခဲ့သည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်အထိ ကျင်းပပြီး သံဃာတော်များက နေ့စဉ် အလှည့်ကျ ရွတ်ဖတ်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုမျိုး(ရွှေပေါက်ကံ)**

# မြစိမ်းရောင်ကျေးရွာများ အောင်မြင်နေ

**ပြည် အောက်တိုဘာ ၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သော ကံကျိုးကျေးရွာအုပ်စု ကံကျိုးကျေးရွာနှင့် လှစင်ကျေးရွာအုပ်စု အင်တောသာကျေးရွာတို့သို့ မြစိမ်းရောင် လည်ပတ်ရန်ပုံငွေရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# ငြိမ်းချမ်းရေးကာတွန်းပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၃**
Edutoon အဖွဲ့က စီစဉ်သော ငြိမ်းချမ်းရေးကာတွန်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်၊ ရွှေဝယ်သီရိ ကလေးအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကာတွန်းဆရာစောသထူးက ကာတွန်းပြပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြပွဲတွင် ကာတွန်းပုံ ၁၅၀ကို အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ခင်းကျင်းပြသခဲ့ရာ လာရောက်ကြည့်ရှုအားပေးသူများကို ထားဝယ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# ကျေးလက်လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်

**စဉ့်ကိုင် အောက်တိုဘာ ၃**
စဉ့်ကိုင်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည့် ကျေးလက်လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများနှင့် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပွဲကို စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုမှ အုပ်ချုပ်ရေးမှူးများတက်ရောက်ပြီး ကျေးလက်လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းမဆောင်ရွက်မီ မြေပြင်တွင်ရှိသောအခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည့် မှတ်တမ်းများနှင့် မြေပြင်တွင် အမှန်လိုအပ်ချက်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးဆွေးခဲ့ကြသည်။

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဌာနမှ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် တင်ဒါလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ငန်းဆောင်ရွက်မည့်ပုံစံများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးပြီး ဆောင်ရွက်နေခြင်းကြောင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း ဦးစီးဌာနမှူးဒေါ်ခင်မာစန်းက ပြောသည်။
**တင်တင်ထွေး(စဉ့်ကိုင်)**

## သတင်းတိုများ

### မန္တလေးရထားရဲတပ်ဖွဲ့ရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

မန္တလေးဘူတာကြီးအတွင်းရှိ ရထားရဲတပ်ဖွဲ့ အမှတ်(၁)တပ်ဖွဲ့ခွဲမှူးရုံး(မန္တလေး)၌ (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မန္တလေးရထားရဲတပ်ဖွဲ့ အမှတ်(၁) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမြငွေးက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ဖတ်ကြားကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေအိမ်တိုက်ခန်းများ သန့်ရှင်းသပ်ရပ်မှု ပြိုင်ပွဲတွင် ဆုရရှိကြသည့် တပ်ဖွဲ့ဝင် မိသားစုဝင်များအား တာဝန် ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

### နတ်တလင်း–ဒမငယ်လမ်းပြုပြင်ပေးရန် ဒေသခံများဆန္ဒရှိနေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နှင့် ဒမငယ်ကျေးရွာကြား ဆက်သွယ်ထားသောလမ်းပိုင်းမှာ ပျက်စီးနေသဖြင့် ဒေသခံပြည်သူများ သွားလာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပြီး တာဝန်ရှိသူများအနေဖြင့် ပြုပြင်ပေးရန် ကျေးရွာနေပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

ဒမငယ်ကျေးရွာမှ ဒေသခံတစ်ဦးက မိုးရာသီတွင် နတ်တလင်းမြို့ကိုသွားရန် လမ်းမကောင်းသဖြင့် ဒေသခံများ ဒုက္ခရောက်ရကြောင်း၊ မသွားမဖြစ် သွားလာနေရသည့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ဝမ်းရေးအတွက် ဈေးရောင်းစားနေရသည့် ဈေးသည်များ၊ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရန် သွားကြရသည့် လူနာများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရသဖြင့် လမ်းကိုကောင်းမွန်အောင် တာဝန်ရှိသူများက ပြုပြင်ပေးစေလိုကြောင်း ပြောသည်။

နတ်တလင်း-ဒမငယ်လမ်းသည် နတ်တလင်းမြို့အထွက်မှ ဒမငယ်ကျေးရွာအထိ ရှစ်မိုင်ရှိပြီး ယခင်အစိုးရလက်ထက်တွင် လမ်းခင်းရန် ဆောင်ရွက်ခဲ့ကြသော်လည်း ပီပီပြင်ပြင်ဖြစ်မလာခဲ့ကြောင်း၊ နတ်တလင်း-ဒမငယ်လမ်းမှာ တောင်ညို သစ်ထုတ်လုပ်ရေးအတွက် အဓိကကျသည့်လမ်းလည်း ဖြစ်နေသဖြင့် ယာဉ်သွားလာမှုများသလို ဒမငယ်ရွာအပါအဝင် ပတ်ဝန်းကျင်ရွာများမှ ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများအတွက် အရေးပါသည့်လမ်းဖြစ်ခြင်းကြောင့် လမ်းကောင်းမွန်အောင် ပြုပြင်ပေးရန် ဒေသနေပြည်သူများက ဆန္ဒရှိနေကြခြင်းဖြစ်သည်။
**တင်မြင့်(နတ်တလင်း)**

### ကျေးရွာသံကူကွန်ကရစ်တံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၁ ဒသမ ၉၉ သန်းဖြင့် ဝိန်းဖွီးကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော အရှည် ၁၅ ပေ၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မှုနှင့် ပြီးစီးမှုအခြေအနေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဝင်းထွန်းနှင့်အဖွဲ့က စက်တင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး တာဝန်ယူတည်ဆောက်နေသော မြေရွှေစင်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုနှင့်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# စပါးရောင်းဝယ်ရေးတွင် တင်းတောင်းများအစား ဒစ်ဂျစ်တယ်ကတ္တားဖြင့် ပြောင်းလဲအသုံးပြုတော့မည်

**ဘီးလင်း အောက်တိုဘာ ၃**

သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း ဆန် စပါး အရောင်းအဝယ်ပြုလုပ်ရာ၌ ချိန်တွယ်အသုံးပြုနေသည့် တင်းတောင်း၊ ပြည်တောင်းများအစား ဒစ်ဂျစ်တယ်ကတ္တားများဖြင့် ပြောင်းလဲချိန်တွယ်အသုံးပြုရေးအတွက် ဆန်စပါးကုန်သည်များနှင့် တောင်သူများ ညှိနှိုင်းသဘောတူခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းမှ ဆန်စပါးကုန်သည်များနှင့် စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြပြီး စပါးစိုက်တောင်သူများနှင့် ဆန်စပါးကုန်သည်များအကြား အရောင်းအဝယ်ပြုလုပ်ရာ၌ လက်ရှိ ချိန်တွယ်အသုံးပြုနေသည့် တင်းတောင်း၊ ပြည်တောင်းများအစား ဒစ်ဂျစ်တယ် ကတ္တားဖြင့် စပါးတစ်တင်းလျှင် အလေးချိန် ၄၆ ပေါင် စံသတ်မှတ်ကာ နိုဝင်ဘာ ၁ ရက်မှစတင်၍ အရောင်းအဝယ်ပြုလုပ်သွားရန် ဆွေးနွေးသဘောတူခဲ့ကြခြင်းဖြစ်သည်။



ယခုကဲ့သို့ အလေးချိန်တွယ်မှု ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြင့် ယခင်က အလေးတင်းတောင်းများဖြင့် ချိန်တွယ်ရာတွင် ကြုံတွေ့ရသော အလေးတင်းတောင်းစံချိန် မပြည့်ခြင်း၊ စပါးအရည်အသွေး ကျဆင်းခြင်းနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်း စသည့် နှစ်ဦးနှစ်ဖက် နစ်နာမှုရှိနေသည့် ပြဿနာများကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ



**မကွေး အောက်တိုဘာ ၃**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို မကွေးမြို့ စိုးကောမင်းရပ်ကွက် တောင်တွင်းလမ်းရှိ ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီးအတွင်းမှ အသက်အကြီးဆုံးအဘိုးဖြစ်သော စလင်းမြို့နယ် လေးအိမ်စုကျေးရွာနေ ဦးမိုးအေး(၁၁၅ နှစ်)နှင့် အသက်အကြီးဆုံးအဘွားဖြစ်သော နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာနေ ဒေါ်ပု(၁၁၇)နှစ်တို့အတွက် ကန်တော့ပစ္စည်းများကို အဘိုးအဘွားများကိုယ်စား တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်နွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် မြို့တွင်းရှိဘိုးဘွားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းဦး(မကွေး)**

**မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်မီးတိုင်များ တည့်မတ်အောင် ပြုပြင်ခြင်းနှင့် လျော့ကျနေသော ဓာတ်ကြိုးများတင်းခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်ထွန်း ဦးဆောင်သော ဝန်ထမ်းများက အောက်တိုဘာ ၁ရက်မှစ၍ မင်းဘူးမြို့ ဘူတာလမ်းဆုံမှစကား မြို့တွင်းလမ်းများ တစ်လျှောက်၌ လိုက်လံဆောင်ရွက်နေစဉ်**
တင်ထွန်းဦး(မင်းဘူး)



# မူဆယ် - ဂုတ်တွင်းကားလမ်း ယာဉ်ကြောပိတ်

**ကျောက်မဲ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး၊ လားရှိုး၊ မူဆယ်ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်တွင်းလမ်း၌ အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီခွဲက မိုးရွာသွန်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်ပေးသဖြင့် အစုန်၊ အဆန်ကုန်စည်တင်ဆောင်လာသော မော်တော်ယာဉ်ကြီးများ၊ မှန်လုံယာဉ်များနှင့် ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ကြောင်း သိရသည်။
**စိုင်း (သီပေါ)**



# မော်လိုက်မြို့နယ်၌ ကျေးရွာချင်းဆက်တံတား ဆောက်လုပ်မည်

**မော်လိုက် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ဇီးကုန်းကျေးရွာအုပ်စု အင်းတပေါင်းကျေးရွာနှင့် ဇီးကုန်းကျေးရွာကြား၌ အရှည်ပေ ၂၀၀၊ အကျယ် ၁၄ ပေရှိသည့် ကျေးရွာချင်းဆက် ကွန်ကရစ်တံတားတစ်စင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ တံတားကို တင်ဒါအောင်မြင်ခဲ့သော သိန်းဖြူအောင်ကုမ္ပဏီက တာဝန်ခံဆောက်လုပ်သွားမည်ဖြစ်ပြီး အောက်တိုဘာလဆန်းမှစတင်၍ တံတားတည်ဆောက်ရေးလုပ်ငန်းကို စတင်မည်ဖြစ်ကြောင်းနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောက်လုပ်သွားမည် ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ခံထံမှ သိရသည်။

တံတားဆောက်လုပ်မည့် မြေနေရာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဟန်မင်းဆွေနှင့်အဖွဲ့များက စက်တင်ဘာ ၂၈ ရက်က သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ **မော်လိုက်သားလေး**

# မူးယစ်ဆေးဝါးကင်းမဲ့ဇုန် နယ်မြေသတ်မှတ်ခြင်း ဆိုင်းဘုတ်ဖွင့်

**မော်လမြိုင် အောက်တိုဘာ ၃**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ဇေယျာသီရိရဲစခန်းနယ်မြေ ငန်းတေးရပ်ကွက်လမ်းဆုံ၌ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ငန်းတေးရပ်ကွက်ရှိ ဝန်ကြီးအိမ်ရာလမ်းထောင့်တွင် ကျင်းပသည်။

ဆိုင်းဘုတ်တင်ပွဲဖွင့်ပွဲတွင် ဝန်ကြီးချုပ် ဦးမင်းမင်းဦး ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးနေဝင်း၊ ပြည်နယ်/ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရှိရဲစခန်း အသီးသီး မှစခန်းမှူးများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၅၀ကျော် တက်ရောက်သည်။
**ကျော်သန်း(မော်လမြိုင်)**

# ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဓာတုကုန်ကြမ်းဆေးဝါး တင်သွင်းရောင်းဝယ်မှုသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ခက်ခဲသော အဓိကပြဿနာတစ်ရပ်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၃**

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ပေါင်းစပ်ဓာတုကုန်ကြမ်းဆေးဝါးများ တင်သွင်းရောင်းဝယ်မှု အချက်နှစ်ခုသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကိုထိန်းချုပ်ရန် ခက်ခဲသော အဓိကပြဿနာတစ်ရပ်ဖြစ်နေကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နိုင်ငံတကာဆက်ဆံရေးဌာနမှ အရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မူးယစ်ဆေးဝါး ထိန်းချုပ်ရေးရဲ့အခက်အခဲအနေနဲ့တော့ အဓိက အချက်ကြီးနှစ်ခုရှိပါတယ်။ ပထမက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ဖြစ်ပါတယ်။ နောက်တစ်ခုက စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်တဲ့အခါမှာ အဓိက ကုန်ကြမ်းအဖြစ် အသုံးပြုတဲ့ ပေါင်းစပ် ဓာတုကုန်ကြမ်းဆေးဝါးတွေ တင်သွင်းရောင်းဝယ်မှုများ ဖြစ်ပါတယ်။ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာကို ထိန်းချုပ်ဖို့ဆိုရင် ဒီဆေးပြားတွေကိုထုတ်လုပ်တဲ့ ကုန်ကြမ်း Chemical တွေကို ထိန်းချုပ်နိုင်ရမှာဖြစ်ပြီး တားဆီးနိုင်ရပါမယ်။ ပြီးတော့ ဖြတ်တောက်နိုင်ရပါမယ်။ ဒါမှရမှာပါ။ နောက်တစ်ချက်ကတော့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေ လျော့နည်းလာအောင် UNODC အနေနဲ့ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်းနိုင်ငံတို့နဲ့ပူးပေါင်းပြီး လက်ရှိ ဘိန်းစိုက်ပျိုးထုတ်လုပ်နေတဲ့ ဒေသတွေမှာ အစားထိုးသီးနှံစိုက်ပျိုးရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နေပါတယ်။ လက်ရှိကာလတွေမှာလည်း ဒီစီမံချက်တွေကို တိုးမြှင့်ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နိုင်ငံတကာဆက်ဆံရေးဌာနမှူး ရဲမှူးကြီးမြင့်အောင်က ပြောကြားသည်။

စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အဓိက အသုံးပြုသော ပီကာဆာ Chemical ဆေးဝါးများသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုဆေးဝါးများဝင်ရောက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းကာ နှစ်စဉ် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ တင်သွင်းရောင်းဝယ်မှုများ ထိန်းချုပ်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ ကွပ်ကဲမှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မူးယစ်ဆေးဝါး အထူးစစ်ဆင်ရေး ဆောင်ရွက်ချက်များကို စီမံချက်များအဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တားဆီးနှိမ်နင်းရေးတစ်ခုတည်းဖြင့် မူးယစ်ဆေးဝါး ပြဿနာသည် ပပျောက်သွားမည်မဟုတ်သောကြောင့် ပညာပေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အဖြစ် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကျောင်းနေအရွယ် လူငယ်ထုကြားတွင် အသိပညာပေး ဟောပြောဆွေးနွေးပွဲများပြုလုပ်ကာ ပညာပေးလျက်ရှိသည့်အပြင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍လည်း ပြည်သူများ ကျယ်ပြန့်စွာသိရှိရန် ပညာပေးမှုများ ဆောင်ရွက်နေကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးတွင် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

**စိုးဝင်း(SP)**



လူငယ်များကြား ပျံ့နှံ့လျက်ရှိသော စိတ်ကြွရူးသွပ်ဆေးပြားများ



## အသက် ၁၃နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲ မိုင်းဖြတ်မြို့၌ကျင်းပ

**မိုင်းဖြတ် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် မိုင်းဖြတ်မြို့၌ အသက် ၁၃ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျား/မ မီနီမာရသွန်အပြေးပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၉၈ ဦးနှင့် ကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်ကျောင်းသားများအား ပါဆန်းကျေးရွာမှ စတင်တာလွှတ်၍ ကျောင်းသူများအား ဆီကျိုင်မိုင်းစေတီမှ စတင်တာလွှတ်ခဲ့ကာ မြို့နယ်ဘောလုံးကွင်းတွင် ပန်းဝင်စေခဲ့ကြောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုကို အထက(ဟိုနား)မှ မောင်ဒေးခေလု၊ ဒုတိယဆုကို အလကခွဲမှ မောင်ငယ်ငယ်၊ တတိယဆုကို အထက(မိုင်းဖြတ်)မှ မောင်စောစစ်အောင်သူတို့က ရရှိခဲ့ပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို အလကခွဲမှ မအေးအေးစိုး၊ ဒုတိယဆုကို အထက(ဟိုနား)မှ မမိုလာခန်း၊ တတိယဆုကို အထက(မိုင်းဖြတ်)မှ မမီးငယ်တို့က ရရှိခဲ့ကာ ဆုရရှိသူများအား မြို့နယ်ဘောလုံးကွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လှရီနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် ရာသီအလိုက်ပွဲလမ်းများကျင်းပရန် ဆိုင်းအနုပညာရှင်များ မျှော်လင့်လျက်ရှိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၃**

ဝါတွင်းကာလပြီးဆုံး၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှ စတင်ကာ မြန်မာတို့၏ရိုးရာဓလေ့အလှူ၊ ပွဲလမ်းသဘင်များ ကျင်းပကြတော့မည်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းမှ မြန်မာ့ဆိုင်း ဂီတအနုပညာရှင်များအနေဖြင့် ပွဲလမ်းများကို မျှော်လင့်လျက်ရှိပြီး ဆိုင်းနှင့်ဂီတအနုပညာရှင်များရှိရာ လမ်းများထဲတွင်လည်း တော်သလင်းလဆန်းမှစတင်၍ ဆိုင်းဝိုင်းတိုက်သည့် တီးသံ၊ မှုတ်သံများဖြင့် စည်ဝေလျက်ရှိသည်ကို တွေ့မြင်ရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ညီဇော်၊ ဟိန်းဇော်နှင့် ဇော်ညီအစ်ကိုဟု ဇာတ်အဖွဲ့ကြီးသုံးဖွဲ့ရှိပြီး တစ်ဦးချင်းလုပ်ငန်းလုပ်ကိုင်သည့် အငြိမ့်ပညာရှင်(မင်းသမီး)မှာ ၄၀ ခန့်ရှိကြောင်း၊ မြန်မာ့ဆိုင်းဝိုင်းအနေဖြင့် ယခုနှစ်တွင် ဝိုင်း ၇၀ ခန့်အထိရှိနေကြောင်း သိရသည်။ အနောက်တိုင်းဂီတဝိုင်းမှာ ခုနစ်ဝိုင်းရှိ၍ ဘိသိက်ပညာရှင်အနေဖြင့် ရှစ်ဦးရှိကြောင်း သိရသည်။ အနုပညာလောကတွင် အဆို၊ အတီး၊ လူရွှင်တော်(ဆိုင်းနောက်ထ)နှင့် အကပညာရှင်များအား ၎င်းတို့၏ ကျွမ်းကျင်မှုအလိုက် တစ်နှစ်စာ ငွေကြိုသုံးပေး၍ စာချုပ်ချုပ်ဆို ငှားရမ်းထားရပြီး တစ်နှစ်လုံးတွင်ရသည့် ပွဲကောက်(ခေါ်)ညကြေးအပေါ်မှ အလုပ်ရှင်က ပြန်လည်ခုနှိမ်ကြရကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာတော့ ကြေးတီး၊ မောင်းတီး၊ ပတ်မတီးနဲ့ နဲ့ဆရာ အစရှိသဖြင့်ပေါ့။ သူ့ပညာရပ်အလိုက်၊ သူ့ကြေးနဲ့သူ တစ်နှစ်စာ ငွေကြိုသုံးပေးပြီး စာချုပ်နဲ့ ငှားရမ်းထားကြရတာပါ။ အငြိမ့် ထောင်တဲ့သူကလည်း အငြိမ့်မင်းသမီးကို သူ့တတ်ကျွမ်းမှုအလိုက် ကြိုသုံးငွေ ၁၀ သိန်း၊ ၁၅ သိန်းစသည်ဖြင့် ပေးထားရပါတယ်။ ရာသီချိန်ကျမှ သူလိုက်ရတဲ့ ညကြေးပွဲကောက်ကနေ ခုနှိမ်သွားရတာပါ။ ကျွန်တော်တို့ဆိုင်းမှာလည်း အဲဒီလိုပါပဲ။ အားလုံးကို တစ်နှစ်စာကြိုသုံးပေးငှားပြီး ရတဲ့ပွဲအလိုက် ညကြေးနဲ့ ပြန်ပြီးခုနှိမ်ရတာပါ"ဟု အာကာကျော်ဆိုင်းအဖွဲ့ တည်ထောင်ထားသူ ဦးပွင့်ဆန်းကပြောသည်။

ဆိုင်းအတီးပညာရှင်များကို တစ်နှစ်စာ ငွေကြိုသုံးပေးချေရာတွင် ဂီတမှူးတစ်ဦးအတွက် ကျပ် ၃၅ သိန်းဖြစ်ပြီး ပွဲကောက်(ညကြေး)မှာ တစ်ညကျပ်ငါးသောင်းဖြစ်ကြောင်း သိရသည်။ နဲ့ပညာရှင်မှာ ကြိုသုံးငွေ တစ်နှစ်စာ ကျပ်သိန်း ၃၀ ပေးရပြီး ပွဲကောက်(ညကြေး)မှာ ကျပ်လေးသောင်းခွဲ၊ မောင်းတီးဆရာက ကြိုသုံး ၂၂ သိန်း၊ ညကြေးသုံးသောင်း၊ ကြေးတီးဆရာက ကြိုသုံး သိန်း ၂၀၊ ညကြေးသုံးသောင်းခွဲ စသည်ဖြင့် အဆင့်ဆင့် ပေးချေထားရပြီး ပွဲရာသီချိန်ကာလများတွင် ရရှိသည့်ပွဲအလိုက် 'နှစ်ပွဲလိုက်၊ တစ်ပွဲရှင်း'စနစ်ဖြင့် ကြိုသုံးငွေများကို ပြန်လည်ခုနှိမ်ကြရကြောင်း သိရသည်။



"ကျွန်တော်က ဆိပ်ဖြူမြို့နယ် ထိန်ကန်ရွာကပါ။ နဲ့မှုတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုခဲ့တာ ၃၅ နှစ်ရှိပါပြီ။ ရာသီချိန်မှာ ဒီလိုပဲ ဆိုင်းဝိုင်းတွေနဲ့စာချုပ် ကြိုသုံးငွေယူပြီး တတ်တဲ့ပညာနဲ့ ဝါသနာအရ နဲ့မှုတ်ပါတယ်။ ရာသီကုန်ရင်တော့ ရွာပြန်ပြီး ယာလုပ်ငန်းလေးပြန်လုပ်ပါတယ်။ မနှစ်ကတော့ ညောင်ဦးနယ်မှာ လုပ်ခဲ့တာပါ။ ဒီနှစ်မှ ကျောက်ပန်းတောင်းမှာ စပြီးလုပ်ကြည့်တာပါ။ ဒီဘက်က မိုးလေမှန်တော့ သီးနှံတွေလည်း ရကြပါတယ်။ ပွဲလမ်းတွေလည်း များမယ်လို့ ထင်တာပဲဗျာ"ဟု အသက် ၆၀ ရှိပြီဖြစ်သော နဲ့ဆရာကြီး ဦးအောင်ဝင်းက ပြောပါသည်။

မြန်မာ့ဆိုင်းဝိုင်း တန်ဖိုးမှာ တူရိယာပစ္စည်းအစုံ တစ်ဝိုင်းစာအတွက် ကာလတန်ဖိုး ကျပ်သိန်း ၇၀ ကျော်ခန့်ရှိပြီး အသံချဲ့စက်မှာ မိမိတတ်နိုင်လျှင် တတ်နိုင်သလို ငွေအသုံးပြု၍ ကျပ်သိန်း ၂၀ ခန့်မှ ကျပ်သိန်း ၈၀ ကျော်အထိ အသုံးပြုကြောင်းလည်း သိရသည်။ ဆိုင်းငှားရမ်းခဈေးနှုန်းမှာ ခရီးအနီးအဝေးအလိုက် ဈေးကွာခြားမှုရှိပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ယခုနှစ် ပွဲငှားခမှာ တစ်ပွဲလျှင် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၂၀ အထိရှိကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မိုးလေမှန်ကန်မှုရှိပြီး တောင်သူများအနေဖြင့် ပဲ၊ နှမ်းများ အတော်အသင့်ရရှိခဲ့ကြသလို ပဲစင်းငုံသီးနှံများလည်း ရရှိကြမည်ဖြစ်သဖြင့် ဝင်ငွေကောင်းနိုင်ဖွယ်ရှိသောကြောင့် မြို့နယ်အတွင်း၌ ယခင်နှစ်ထက် အလှူပွဲလမ်းများ ပိုများနိုင်ပြီး အနုပညာရှင်များအနေဖြင့်လည်း လုပ်ငန်းများ အဆင်ပြေနိုင်ကြမည်ဟု မျှော်လင့်လျက်ရှိနေကြကြောင်း သိရသည်။

**သတင်းဆောင်းပါး-နေအောင်(ပြန်/ဆက်)**

## မော်လူးဒေသ ကျေးရွာနှစ်ရွာ၌ ကိုယ့်အားကိုယ်ကိုး ၂၄နာရီ မီးလင်းပြီ

**မော်လူး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ ကျေးရွာနှစ်ရွာတွင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ၂၄ နာရီ မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

မော်လူးဒေသ ဟောင်းတုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာတို့တွင် မီးရရှိခြင်းဖြစ်ကြောင်း၊ ကျေးရွာ မီးလင်းရေးလုပ်ငန်းများကို ဩဂုတ်လအတွင်းက ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး စတင်ဆောင်ရွက်ခဲ့ပြီး ဟောင်းတုန်းကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း အရှည်တစ်မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည်တစ်မိုင်ခွဲနှင့် ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ မြေပလ္လင်ကျေးရွာ၌ ၁၁ကေဗွီဓာတ်အားလိုင်း ၀ ဒသမ ၅ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၇၅ မိုင်နှင့် ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို တပ်ဆင်ခဲ့ရာ စက်တင်ဘာလကုန်ပိုင်းတွင် လုပ်ငန်းများပြီးစီးသဖြင့် မီးစတင်လွှတ်ပေးခဲ့ပြီး ယခုအခါ ၂၄ နာရီ မီးလင်းနေပြီဖြစ်ကြောင်း မော်လူးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(၀၆၉)

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်

**မန္တလေး အောက်တိုဘာ ၃**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်း လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများကို ပဲခူးမြို့တွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကုန်မြို့ စက်မှုတိုင်း(၁)တွင် စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် ပျော်ဘွယ်မြို့နယ်တွင် အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းတို့တွင် သက်ဆိုင်ရာပညာရပ်အလိုက် သင်တန်းများကို ဖွင့်လှစ်ပို့ချလျက် ရှိသည်။

လက်ရှိတွင် စက်မှုကျွမ်းကျင်အဆင့်-၃ သင်တန်းအမှတ်စဉ် (၈)အား တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း စက်မှုတိုင်း(၄)သင်တန်းခန်းမ၌ (၃၂) ကြိမ်မြောက်အဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**သီပေါ အောက်တိုဘာ ၃**

(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က မြန်မာနိုင်ငံရဲတပ် ဖွဲ့နေ့ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား မြို့မစခန်းမှူး ဒုတိယရဲမှူးသိန်းဇော်က ဖတ်ကြားသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# စည်းကမ်းချိုးဖောက်ယာဉ် ဒဏ်ငွေနှစ်ဆတိုးမြှင့်ရိုက်ပြီ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စက်တင်ဘာလမှ စတင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ ဒဏ်ကြေးငွေများ တိုးမြှင့်ဒဏ်ရိုက်နေပြီဖြစ်ကြောင်း အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

"ဥပဒေက နဂိုကတည်းကရှိပြီးသားပါ။ ငွေကျပ်သုံးသောင်းရိုက်ရမယ့်နေရာမှာ တရားသူကြီးရဲ့ဆင်ခြင်တုံတရားအရ ငွေကျပ်တစ်သောင်းပဲရိုက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ငွေကျပ်သုံးသောင်းရိုက်ရမယ့်အမှုကို ငွေကျပ်နှစ်သောင်း၊ ငွေကျပ်ငါးသောင်းရိုက်ရမယ့်အမှုကို ယခင်က ငွေကျပ်နှစ်သောင်းရိုက်ရာမှ ငွေကျပ်လေးသောင်း၊ ငွေကျပ်တစ်သိန်းရိုက်ရမယ့်အမှုကို ယခင်က ငွေကျပ်သုံးသောင်းမှ ယခု ငွေကျပ်ခြောက်သောင်းအထိ တိုးမြှင့်ရိုက်ခဲ့ပါတယ်။ ဒါက ယာဉ်စည်းကမ်းချိုးဖောက်မှုတွေလျော့နည်းသွားအောင် ဆောင်ရွက်တာလို့သိရပါတယ်။ သတ်မှတ်ထုတ်ပြန်ထားတဲ့ ဥပဒေအရ အမြင့်ဆုံးဒဏ်ငွေရိုက်မှုမဟုတ်သေးပါဘူး" ဟု ဒုတိယရဲမှူးကြီးက ပြောသည်။

ငွေကျပ်နှစ်သောင်းရိုက်သောအမှုများမှာ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းပိတ်ရပ်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ မဝင်ရလမ်းများတွင်ရပ်နားခြင်း၊ စက်ပျက်၍ လမ်းဘေး၌ ရပ်ရမည်ကိုမရပ်ခြင်း၊ ဘေးတံခါးဖွင့်ခြင်းစသော အမှုများဖြစ်ကြောင်း သိရသည်။

ငွေကျပ်ငါးသောင်းရိုက်သောအမှုမှာ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်းမဟုတ်ခြင်း၊ ယာဉ်မောင်းလိုင်စင်မပါခြင်းစသော အမှုများဖြစ်သည်။ ယင်းအမှုကိုယခင်ကတရားသူကြီး၏ ဆင်ခြင်တုံတရားအရ ငွေကျပ်ငါးသောင်းရိုက်မည့်အစား ငွေကျပ်နှစ်သောင်းသာရိုက်ခဲ့ပြီး ယခုအခါ ငွေကျပ်လေးသောင်းအထိ ရိုက်နေပြီဖြစ် သည်။

ငွေကျပ်တစ်သိန်းရိုက်သော အမှုမှာသတ်မှတ်ချက်နှင့်အညီ နံပါတ်ပြားတပ်ဆင်မှုမရှိခြင်း၊ နံပါတ်ပြားထင်ရှားမှုမရှိခြင်း၊ နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်အောင်



ပြုလုပ်ထားခြင်းတို့ဖြစ်သည်။ ယင်းကဲ့သို့ ပြုလုပ်မောင်းနှင်သော ယာဉ်များအား ဥပဒေတွင် ငွေကျပ်တစ်သိန်းသတ်မှတ်ထားသော်လည်း တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ငွေကျပ်သုံးသောင်းခန့်သာ ဒဏ်ရိုက်စေခဲ့ရာမှ ယခုအခါ ငွေကျပ်ခြောက်သောင်းအထိ တိုးမြှင့်ဒဏ်ရိုက်ခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ၌ အမှုပေါင်း ၅၂၈၇ မှု ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**သတင်း- မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# သုံးခွမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား အသက် (၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို သိုက်တူးကန် စံပြကျေးရွာ အားကစားကွင်း၌ စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် အ.ထ.က(ခွဲ) သိုက်တူးကန်စံပြကျေးရွာအသင်းနှင့် အ.ထ.က(ခွဲ) ပျဉ်းမကန်စံပြကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကြရာ အ.ထ.က(ခွဲ) သိုက်တူးကန်ကျေးရွာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။ ထို့နောက် ပထမဆုရ အ.ထ.က(ခွဲ) သိုက်တူးကန်ကျေးရွာ ဘောလုံးအသင်းကို မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ဆုဖလားနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ ကျန်ဆုများကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဘောလုံးအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**






**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၁၊ ရေဥက္ကံ)၊ မြေကွက်အမှတ် (၃၀၀)၊ မြေကွက်အကျယ် (ပေ ၄၀×ပေ ၆၀) အား စလစ်အမည်ပေါက် ဦးလှချစ် (TBN-၀၁၁၅၂၃)ထံမှ ဦးစန်းမြင့် ၁၄/ကပန(နိုင်)၀၈၂၁၈၆နှင့် ဦးဟန်သိန်း (MYG-၀၈၁၃၇၉) တို့မှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ပိုင်ဆိုင်မှုအတွက် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (မြေယာရုံးခွဲ-၁၀) လှိုင်သာယာမြို့နယ်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးစီးအရာရှိ**
**မြေယာရုံးခွဲ(၁၀)၊ မြေယာဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လှိုင်သာယာမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၁၄ယ/ ၇၅၈၀၄ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးသန္တာထွေး ၁၃/ညရန(နိုင်)၁၀၉၇၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (တောင်ကြီး)**

**အမည်ပြောင်း**

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ နန်းလွှဲဦးအား ယနေ့မှစ၍ နန်းမိုးမိုးလွင် ၁၃/တကန (နိုင်) ၃၁၁၀၉၈ ဟု ပြောင်းလဲခေါ်ပါရန်။ **နန်းမိုးမိုးလွင်**

**မိဘအမည်မှန်**

တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ နန်းမိုးမိုးလွင်၏ မိဘအမည်မှန်မှာ ဦးခွန်စောမောင် ၁၃/တကန (နိုင်)၁၈၆၆၈၁ နှင့် ဒေါ်နန်းချော်လီ ၁၃/တကန(နိုင်)၂၂၀၄၇၁ဖြစ်ပါကြောင်း။

**ဦးခွန်စောမောင်-ဒေါ်နန်းချော်လီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/6188 Toyota Hilux Vigo P/U (4x4) Open cab R ယာဉ်လက်ဝယ်ရှိသူ ဦးကျားရော် ၁၃/မတန(နိုင်)၀၂၀၃၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/7637 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 9E/1172 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန (တောင်ကြီး)**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကရင်စုကျေးရွာနေ ဦးထွန်းတင် ၇/ရကန(နိုင်)၀၀၆၃၈၃ ၏သမီး မဇူလိုင်ထွန်း ၇/ရကန(နိုင်)၀၅၈၉၁၄ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ၎င်းဆန္ဒအလျောက် ပြုမူပါသဖြင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးထွန်းတင် ၇/ရကန(နိုင်)၀၀၆၃၈၃**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ သံတောင်လမ်း၊ အမှတ် ၁၂၇/ခ နေ (ဦးကျော်ငွေး)-ဒေါ်နှင်းဆီတို့၏သား မောင်စွမ်းထက်အောင်သည် မိဘဆွေမျိုးမောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် မောင်စွမ်းထက်အောင်အား ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ အမွေစား အမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**(ဦးကျော်ငွေး)-ဒေါ်နှင်းဆီ**

# SINGAPORE FESTIVAL

## မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပမည့် Singapore Festival

မြန်မာနှင့်စင်ကာပူ နှစ် (၅၀) ရင်းနှီးချစ်ကြည်မှုအထိမ်းအမှတ်ကို ဆင်နွှဲလိုက်ပါ

မြေညီထပ်၊ မြန်မာပလာဇာ၊ ၈ - ၉ အောက်တိုဘာ (မနက် ၁၀ နာရီ မှ ည ၉ နာရီ)



တစ်ကြောင်းလျှင် ၄၉ ဒေါ်လာသာကျသင့်တဲ့ Scoot-Tiger Air နှင့် Jetstar လေယာဉ်လက်မှတ်တို့အပြင် ၁၅၈ ဒေါ်လာမှ စတင်တဲ့ သက်သာသော ၃ ညအိပ် ၄ရက် ခရီးစဉ်နှင့် ၅၉၉ ဒေါ်လာမှ စတင်တဲ့ အပြီးအစီး ၃ ညအိပ် ၄ ရက် ခရီးစဉ်။

*ဒေါ်လာ ၅၀ နှင့်အထက်သုံးစွဲပါက စင်ကာပူအလည်အပတ်ခရီးစဉ်ကိုလည်း ကံစမ်းနိုင်မှာပါ

အောက်တိုဘာလ ရက်နေ့မှာ တွေ့နိုင်မယ့် ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ မိသားစု၊ သွန်းဆက်၊ ထွန်းကိုကိုတို့နဲ့တူတူ စင်္ကာပူအစားအသောက်တွေ မြည်းစမ်းကြမယ့်အစီအစဉ် ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပျော်စရာ ဂိမ်းအစီအစဉ်တွေနဲ့ Photo booth

**Myanmar Travel Agents**
Nice Fare Travel & Tours
Columbus Tour&Travel
Croton Tour & Travel
New Motion Travel & Tour
Mr. Myanmar Travel
Tour De Myanmar
UA Ticketing & Tour
World Connect Travel
Htoo Travels

**Airlines**
Singapore Airlines
Jetstar
Scoot-Tiger Air

**Singapore Attraction**
Resorts World Sentosa
Gardens By the Bay

**Food & Beverages**
House of Singapura
Ya Kun Coffee & Toast

စလစ်တစ်ခုထဲတွင် ဒေါ်လာ ၅၀၀ နှင့်အထက် ဝယ်ယူလျှင် SGD 50 ဖိုးငွေ ဖြည့်ထားသော MasterCard Prepaid ကဒ် တစ်ကဒ်လက်ဆောင် ရပါမည်။

YourSingapore



Officially Supported by:
Ministry of Transport and Communications (MOTC)

Proudly Organized by:
Myanmar Computer Federation
MCF

eGOVERNMENT
CONFERENCE & ICT EXHIBITION 2016

# e-Government Conference & ICT Exhibition 2016

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော

e-Government Conference & ICT Exhibition 2016 (Nay Pyi Taw) ကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**7 - 8 October 2016 [ Friday , Saturday ]**

**9:00 AM to 5:00 PM** **MICC - II , Nay Pyi Taw**

Platinum Sponsor : HUAWEI, Omidyar Network – A World of Positive Returns
Gold Sponsor : TDOC, MIT Beyond Innovation, ZTE
Silver Sponsor : MCC Group, ever plus International Co., Ltd.



**ခင်ဂုံမြို့သစ်**
အရှေ့ပိုင်း၊မြောက်ပိုင်း၊ တောင်ပိုင်း၊ဆိပ်ကမ်း မြေကွက်များ**အထူး** ဈေးကောင်းပေးဝယ်သည်။
09-5089354
09-43125781



**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၇၃၊ မြဿမံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
Ph: 09254009334,
09254009335,
09254009336



**ရောင်းမည်**
တပ်ကုန်းမြို့
စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကောင်းမွန်သောနေရာဖြစ်ပါသည်
တပ်ကုန်းမြို့ ← ရန်ကုန်-မန္တလေးလမ်းမကြီး(လမ်းဟောင်း) → နေပြည်တော်
125' 85' 359' 177'
ဂရံမြေ
ဥယျာဉ်မြေ
တပ်ကုန်းမြို့အဝင် Tour Gate
ဖုန်းဝင်ရန်
09-456666289
09-5126632
မြေစည်းရိုးခတ်ပြီး၊ မြေဖို့ပြီး၊ မီတာရရှိပြီး
အကျိုးဆောင်များလက်ခံပါသည်။



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

**ဖုံ-၅-ကောင်** အမှတ်တံဆိပ်
**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို** တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖုံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၂၅၄

ဘွဲ့တစ်ခုရရှိအောင် လေ့လာဖို့
စိတ်ကူးကြည့်လိုက်ပါ။

ကမ္ဘာ့အလှပဆုံး မြို့တစ်မြို့ မှာ၊
ဒီကမ္ဘာကြီးထဲက အများနဲ့ မတူတဲ့ စာသင်ဆောင်တစ်ခု၊
တီထွင်ဖန်တီးမှုတွေကို ကမ်းလှမ်းကြိုဆိုတဲ့ နေရာ၊
နောင်လာမယ့်အနာဂတ်အတွက် နည်းပညာ၊

စိတ်ကူးနေစရာ မလိုတော့ပါဘူး။
အမှန်တကယ် တည်ရှိနေပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ University of Technology Sydney
နှင့်မိတ်ဆက်ပေးလိုက်ပါတယ်။
ဒါအပြင် UTS:INSEARCH ဟာသင့်ရဲ့လမ်းစ ဖြစ်တယ်။
**insearch.edu.au/studyhere** ထဲမှာ ဘယ်လိုလုပ်ဆောင်ရမည်ကို
ရှာဖွေကြည့်လိုက်ပါ။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
INSEARCH Limited is a controlled entity of the University of Technology Sydney (UTS), and a registered private higher education provider of pathways to UTS. 1275_0916






OK$ INTERNET WALLET

# ဖြင့် အောက်ဖော်ပြပါ မြို့များတွင်လည်းငွေပေးချေနိုင်သည်။

(ပြည်၊ အောင်လံ၊ သရက်၊ ရွှေတောင်၊ အင်းမ၊ ပေါင်းတည်၊ ပေါက်ခေါင်း၊ ဥသျှစ်ပင်၊ ဘက်ရဲ၊ ကြံခင်း၊ မြန်အောင်)

**ပြည်**
စိုးစံ Mobile
ဟန်မင်း Mobile
Pyay Mobile
Smart.Com
Huawei Showroom Mobile
Wise Power
Fevo Mobile
ရွှေကမ္ဘာ Mobile
Mobile 7
Perfect Star
Mobile Corner
Mobile Channel
သပြေ Mobile
171 Mobile
Lucky Mobile
Hello Mobile
Ever call Mobile
Just Mobile

**ကသဲဈေး(ပြည်)**
ဒေါ်ဌေးဌေးကုန်စုံဆိုင်
ဒေါ်ကြူကုန်စုံဆိုင်
အောင်သီရိကုန်စုံဆိုင်
ငွေကြယ်ဖြူကုန်စုံဆိုင်
ကိုအောင်နိုင်လင်းစတိုးဆိုင်
ကြည်မိသားစုကုန်စုံဆိုင်
ပြည့်စုံကုန်စုံဆိုင်
မသန်းသန်းဦးကုန်စုံဆိုင်
ဖြိုးမောက်စတိုးဆိုင်
မအေးအေးမူကုန်စုံဆိုင်
ကိုဇော်ကုန်စုံဆင်
ကိုသက်ခိုင်ကုန်စုံဆိုင်

**အောင်မင်္ဂလာဈေး(ပြည်)**
မနီလာကုန်စုံဆိုင်
လက်ရွေးစင်ကုန်စုံဆိုင်
မင်းညီနောင်ကုန်စုံဆိုင်
ဦးမောင်မောင်ကုန်စုံဆိုင်
ဝိုင်းဝိုင်းလက်ဖက်ရည်ဆိုင်

**ကိုးသောင်းဈေး(ပြည်)**
ဒေါ်လှမြင့်ကုန်စုံဆိုင်
ကိုကျော်လွင်ကုန်စုံဆိုင်
မပုံ့ပုံ့ကုန်စုံဆိုင်
ဦးသိန်းထိုက်ကုန်စုံဆိုင်
မတိုးတိုးကုန်စုံဆိုင်
မလဲ့လဲ့ကုန်စုံဆိုင်
ရှမ်းလေးကုန်စုံဆိုင်
ကိုအာရှကုန်စုံဆိုင်
မခိုင်ကုန်စုံဆိုင်
အောင်ကောင်းစကုန်စုံဆိုင်
လာဘ်မိုးဆွေကုန်စုံဆိုင်
ရောင်ခြည်ဦးကုန်စုံဆိုင်
စံပါယ်ဖြူကုန်စုံဆိုင်
မမြင့်သူကုန်စုံဆိုင်
မင်းမပော်ကုန်စုံဆိုင်
သရဖူသစ်ကုန်စုံဆိုင်
သိန်းမေတ္တာကုန်စုံဆိုင်

**ရွှေတစ်ချောင်းလမ်း(ပြည်)**
နဝရတ်ကုန်စုံဆိုင်
ခရေစတိုးဆိုင်
ရတနာကုန်စုံဆိုင်
စပါယ်ရှယ်ဝမ်းစတိုး
တော်ဝင်နင်းဆီကုန်စုံဆိုင်
ပိုင်ပိုင်နိုင်နိုင်ကုန်စုံဆိုင်
ဦးဝင်းနိုင်ကုန်စုံဆိုင်
ရွှေကံ့ကော်ကုန်စုံဆိုင်
ကိုဖိုးချိုကုန်စုံ၊စတိုးဆိုင်
ကိုဇော်မင်းနိုင်
မင်းတုန်းကုန်စုံဆိုင်
ကြီးပွားရေးကုန်စုံဆိုင်
လန်းလန်းဆန်းဆန်းကုန်စုံဆိုင်
စန္ဒီးပိုက်စတိုးဆိုင်
ကိုသန်းထိုက်မင်းကုန်စုံဆိုင်
ဦးကျော်ကုန်စုံဆိုင်
ရှာမီစတိုးဆိုင်
ရွှေတမာကုန်စုံဆိုင်
ဒေါ်ဌေးဌေးကုန်စုံဆိုင်
ဇမာသစ်ကုန်စုံဆိုင်
ကိုမိုးကျော်ကုန်စုံဆိုင်
ပြည့်စုံထွန်းကုန်စုံဆိုင်
ပြည်မြန်မာကုန်စုံဆိုင်
ကိုစိုးကြီးကုန်စုံဆိုင်
နင်းဥခင်ကုန်စုံဆိုင်
ရွှေသုန္ဒရီကုန်စုံဆိုင်
မသီတာကုန်စုံဆိုင်
ကောင်းထက်ကျော်ကုန်စုံဆိုင်
ဝေဖြိုးကုန်စုံဆိုင်
ဦးတင်ဝင်းကုန်စုံဆိုင်
မရမ်းမကုန်စုံဆိုင်
ဝင်းမင်းထွန်းကုန်စုံဆိုင်
မသန်းသန်းဝင်းကုန်စုံဆိုင်
ရွှေတမာကိန်စုံဆိုင်
ချစ်ဝေဝေကုန်စုံဆိုင်
ရွှေလဝန်းစတိုးဆိုင်

**အောင်လံ**
စိန်စတိုးဆိုင်
ဒုံးပျံစတိုးဆိုင်
ဘကြီးကောင်းကုန်စုံဆိုင်
ဦးကျင်ကုန်စုံဆိုင်
မလတ်လတ်ကျော်အလှကုန်
ဗိုလ်ခိုင်ကုန်စုံဆိုင်
သာစည်မုန့်မျိုးစုံဆိုင်
နေနှင့်လကုန်စုံဆိုင်
ကောင်းဆုဝေကုန်စုံဆိုင်
စိန်နှင့်စိန်မုန့်မျိုးစုံဆိုင်
စန်းသော်တာကုန်စုံဆိုင်

**သရက်**
ဦးရှိုးတီကုန်စုံဆိုင်
ဒေါ်စန်းကုန်စုံဆိုင်
ဦးသန်းမြင့်အလှကုန်

**ရွှေတောင်**
အန်တီညိုကုန်စုံဆိုင်
သပြေကုန်စုံဆိုင်
ဦးအောင်မြတ်သူကုန်စုံဆိုင်
ဒိုက်ဦး မုန့်စတိုးဆိုင်
ရွှေနံ့သာစတိုးဆိုင်
ရွှေစည်ဟိန်းစတိုးဆိုင်
ကိုဝင်းဇော်ဦးကုန်စုံဆိုင်
ကိုမျိုးကျော်ကုန်စုံဆိုင်
ရွှေပြည့်ပြည့်အောင်မုန့်မျိုးစုံဆိုင်
နိုင်ဝေမေတ္တာကုန်စုံဆိုင်
ရောင်ခြည်ဦးကုန်စုံဆိုင်

**အင်းမ**
မပောမာန်ထွန်းမုန့်မျိုးစုံဆိုင်

**ပေါင်းတည်**
စိန်ရတနာမုန့်မျိုးစုံဆိုင်
မခိုင်ကုန်စုံဆိုင်
မနနငယ်ကုန်စုံဆိုင်
ယမင်းစံမုန့်မျိုးစုံဆိုင်

**ပေါက်ခေါင်း**
ဘရဏီစတိုး၊ကုန်စုံဆိုင်
အနန္တမေတ္တာစတိုး၊ကုန်စုံဆိုင်

**ဥသျှစ်ပင်**
စံစတိုးဆိုင်
ကိုဇော်မင်းအောင်ကုန်စုံဆိုင်

**ဘက်ရဲ**
ကိုရည်စိုးကုန်စုံဆိုင်
ရွှေပေါက်ဆိန်ကုန်စုံဆိုင်

**ကြံခင်း**
ဦးထိုက်စိန်ကုန်စုံဆိုင်
ထွန်းစတိုးဆိုင်
ကိုခင်မောင်ဌေးကုန်စုံဆိုင်
တော်ဝင်မုန့်နှင့်စတိုးဆိုင်

**မြန်အောင်**
ကိုဇော်ထူးအောင်ကုန်စုံဆိုင်
ကိုညီညီလင်းကုန်စုံဆိုင်
ရွှေမျှားကုန်စုံဆိုင်
ဦးခဲမှိန်ကုန်စုံဆိုင်

OK$ ဒေါင်းရန်
Available on the App Store
Get it on Google play

24 Hr Call Center 09-450144455, 09-30000066, 01-377888 okdollarapp www.okdollar.com

# ရခိုင်ပြည်နယ်၊ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားပြုပြင်ရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

သံတွဲ-တောင်ကုတ်လမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းပေါ်ရှိ ရွှေလှေတံတားကြီးသည် သဘာဝဘေးဒဏ်ကြောင့် သံတွဲဘက် ကမ်းကပ်ခုံရေတိုက်စားပျက်စီးမှုအား ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိသည်။

ထို့ပြင် အရှည် ၁၀၂ မိုင်ရှိ ပြည်-ပန်းတောင်း-တောင်ကုတ်လမ်းကို ခရိုင်၊ အထူးအဖွဲ့နှင့် BOT အဖွဲ့တို့က အပိုင်းလိုက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုင်တိုင်အမှတ် (၃၉/၇) နှင့် (၄၀/၀) ကြား ရေတိုက်စားပြီး လမ်းသားပြိုကျသည့်နေရာတွင်လည်း ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ပြည်-အောင်လံ-ကိုးပင်လမ်းပိုင်းပြုပြင်ထိန်းသိမ်းခြင်း၊ ရိုးမဖြတ်ကျော်လမ်းဖြစ်သည့် အရှည် ၉၆ မိုင် ၃ ဖာလုံရှိ ကိုးပင်-သာဂရလမ်း မိုင်တိုင်အမှတ် (၉၆/၂) တွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ နေရာများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီအောင် တာဝန်ရှိသူများနှင့် တာဝန်ခံအင်ဂျင်နီယာကိုယ်တိုင် စောင့်ကြပ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြန်မာ့အလင်း)**

လူ့အခွင့်အရေး ချိုးဖောက်ခံရသော သတင်းများရရှိပါက ရဲစခန်းနှင့်အုပ်ချုပ်ရေး အဖွဲ့များထံ တိုင်ကြားနိုင် စာ-၅

တက္ကသိုလ်ပညာရေးခရီးတွင် မသန်စွမ်းသူများ၏ အခက်အခဲအား ကူညီရန် လိုအပ်နေ စာ-၁၅

ကမ္ဘာကို ပညာဖြင့် အလှဆင်နေသည့် ကမ္ဘာ့ဆရာများ စာ-၁၆

## Miss Grand International 2016 ပြိုင်ပွဲ အလှမယ် နန္ဒာလွင် သွားရောက်ယှဉ်ပြိုင်မည်

**သတင်း- မင်းခေတ်**

**ဓာတ်ပုံ- မိုးမခ**




**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံအနေဖြင့် လေးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်မည့် Miss Grand International 2016 ပြိုင်ပွဲကြီးကို နိုင်ငံကိုယ်စားပြုအဖြစ် အလှမယ် နန္ဒာလွင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲသို့ တာဝန်ယူစေလွှတ်ပေးမည့် Style Plus H မှ သိရသည်။

အဆိုပါပြိုင်ပွဲကြီးကို ၂၀၁၃ ခုနှစ်မှစတင်ကာ ထိုင်းနိုင်ငံ၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် လေးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခုကျင်းပမည့် လေးကြိမ်မြောက် Miss Grand International 2016 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ Style Plus H မှ တာဝန်ယူကာ အလှမယ် နန္ဒာလွင်ကို စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် နန္ဒာလွင်သည် ပြီးခဲ့သည့် ဩဂုတ် ၁၈ ရက်က ပြင်ဦးလွင်၌ Style Plus H မှ ဦးစီးကျင်းပခဲ့သည့် Miss Grand Myanmar 2016 ပြိုင်ပွဲတွင် Winner ဆုကိုဆွတ်ခူးရရှိခဲ့သည့် အလှမယ်တစ်ဦးဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●

# တပ်ကုန်းမြို့နယ်၌ မိုးသည်းထန်မှုကြောင့် တံတားချဉ်းကပ်လမ်းမြေသားများ ရေတိုက်စား

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း တဲမြင့်အုပ်စု သရက်ပင်ကျေးရွာ တဲမြင့်ကျေးရွာပတ်ဝန်းကျင်တွင် အောက်တိုဘာ ၂ ရက် ည ၁၀ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ညောင်လွန့်-သရက်ပင်-တဲမြင့်-ပေတောကျေးရွာချင်းဆက်လမ်းပေါ်ရှိ (လာဘာ) ချောက်ပေါက်သံပေါင်တံတား၏ အရှေ့ဘက် ချဉ်းကပ်လမ်းမြေသားများ ရေတိုက်စားမှုကြောင့် ပေ ၄၀ ကျော် ပြိုကျပျက်စီးခဲ့သည်။ **(ယာပုံ)**



အလားတူ ကြက်သွန်ခင်းကျေးရွာနှင့် ဥယျာဉ်ကျေးရွာ ဖြတ်ကူးသည့် ရေကျော်တံတားမှာ ငါးပေခန့် တံတားလက်ရန်းအထိ ရေကျော်ခဲ့သည်။ မိုးရွာသွန်းမှုကြောင့် တဲမြင့်၊ ပေတော၊ ညောင်လွန့်ကျေးရွာဝန်းကျင်ရှိ စပါးစိုက်ဧက ၃၉၀ ကျော် ရေလွှမ်းခံခဲ့ရကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

